# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၄၀)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်သံတမန်ဇုန် မြေယာမူဝါဒဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော် သံတမန်ဇုန် မြေယာမူဝါဒဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နေပြည်တော် သံတမန်ဇုန် မြေယာမူဝါဒဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသန့်စင်မောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ နေပြည်တော် ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## အကူအညီရငွေ၊ ချေးယူငွေတို့ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများကို မူလလျာထားသည့် အတိုင်း ဆောင်ရွက်




ပြည်ထောင်စုလွှတ်တော်


စာ » ၇


## ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ


စာ » ၆


## အီရတ်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းစီမံကိန်းများ ကာတာ အကောင်အထည်ဖော်ဆောင်ရွက်မည်


စာ » ၁၄





# မြန်မာ-ဂျပန် ပူးတွဲဦးစီး ဦးဆောင်မှု

မြန်မာ-ဂျပန်ပူးတွဲဦးစီးဦးဆောင်မှု (Myanmar-Japan Joint Initiative) သည် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပူးတွဲပြုလုပ်သည့် ဆွေးနွေးပွဲဖိုရမ် ဖြစ်ပါသည်။ ဤဆွေးနွေးပွဲဖိုရမ်၏ ရည်ရွယ်ချက်သည် နှစ်နိုင်ငံစလုံးရှိ နိုင်ငံတော်နှင့် ပုဂ္ဂလိက ကဏ္ဍတို့၏ အပြန်အလှန် ညှိနှိုင်းဆွေးနွေးမှုဖြင့် နှစ်နိုင်ငံကြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်စေရန် ဖြစ်ပါသည်။ အဆိုပါ ရည်မှန်းချက် ဆုပ်ကိုင်နိုင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်းမှုဖြင့် လက်တွေ့လုပ်ငန်း အစီအစဉ်များကို ချမှတ်ခဲ့ပါသည်။ မြန်မာ-ဂျပန်ပူးတွဲဦးစီးဦးဆောင်မှု ဆွေးနွေးပွဲဖိုရမ်များကို အဆင့်များခွဲ၍ ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရပါသည်။ စက်မှုမူဝါဒ၊ ကုန်သွယ်မှုမူဝါဒ၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်း၊ အခွန်စနစ်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟူ၍ လုပ်ငန်းကော်မတီ ၅ ရပ် ဖွဲ့စည်းဆောင်ရွက်သည်ကိုလည်း တွေ့ရပါသည်။

မြန်မာ-ဂျပန်ပူးတွဲဦးစီး ဦးဆောင်မှု ဖိုရမ်ဆွေးနွေးညှိနှိုင်းမှုများအရ ကဏ္ဍစုံ၌ စီးပွားရေးလုပ်ငန်းများ ဖြောင့်ဖြောင့်ဖြူးဖြူး ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို မြန်မာနိုင်ငံကုန်သည်စက်မှု အသင်းချုပ် (UMFCCI)နှင့် ဂျပန်နိုင်ငံကုန်သည်စက်မှုအသင်းချုပ်-မြန်မာ (Japan Chamber of Commerce and Industry Myanmar - JCCM) တို့က လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ရန်ကုန်မြို့ရှိ Park Royal Hotel ၌ လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပါသည်။

ဤနားလည်မှုစာချွန်လွှာ၏ ရည်ရွယ်ချက်သည် နှစ်နိုင်ငံစလုံး၏ စီးပွားရေးကဏ္ဍများ တိုးတက်စေရန် ဦးတည်လျက် စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ သတင်းအချက်အလက်များနှင့် နည်းပညာများ အပြန်အလှန်ဖလှယ်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဂျပန်နိုင်ငံသည် စီးပွားရေးအင်အားတောင့်တင်းခိုင်မာသော စက်မှုဖွံ့ဖြိုးပြီး နိုင်ငံဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းများစွာကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

အာဆီယံစီးပွားရေးရပ်မြို့ (AEC)နှင့်တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း (OBOR) တို့ကဲ့သို့သော ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ၌ပါဝင်ရန် ပြင်ဆင်နေသော မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းသို့ တင်ပို့နိုင်မည့် စိုက်ပျိုးရေးထွက်ကုန်၊ စက်မှုထုတ်ကုန်နှင့် ဝန်ဆောင်မှုတို့ကို စိုက်ပျိုးထုတ်လုပ်ဖန်တီးနိုင်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ် (UMFCCI) နှင့် ဂျပန်နိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်-မြန်မာ (JCCM) တို့ ယခုလက်မှတ်ရေးထိုးလိုက်သော နားလည်မှုစာချွန်လွှာသည် ဤကဲ့သို့ စိုက်ပျိုးထုတ်လုပ်ဖန်တီးနိုင်ရန်အတွက် အခြေခံကောင်းများကို ဖန်တီးပေးမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းက ကြီးမှူးပြုလုပ်မည့် ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲကို မတ် ၂၅ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ပြန်ကြားရေးဝန်ကြီးဌာန ဓမ္မာရုံ (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်နှင့် တောင်ဘက်မုခ်ကြား တပ်မတော်ဓမ္မာရုံဘေးတွင် တည်ရှိသည်)တွင် ကျင်းပမည်ဖြစ်ပြီး တက်ရောက်လာသူများအား နေ့လယ်စာဖြင့် ဧည့်ခံမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းတွေ့ဆုံပွဲသို့ ပါဝင်လှူဒါန်းလိုသူများ၊ အသင်းသားသစ်အဖြစ် ပါဝင်လိုသော ဝန်ထမ်းဟောင်းများ၊ အသင်းနှစ်စဉ်ကြေးများပေးသွင်းရန် ကျန်ရှိနေသော အသင်းသားများနှင့် အသက် (၈၀)နှစ် အထက် အသင်းဝင်ကန်တော့ခံ အသင်းသားများသည် အသင်းအတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း ၀၉-၄၂၀၁၀၁၃၈၉ နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း ဖုန်း ၀၉-၄၄၀၃၇၇၆၃၆ တို့ထံ ဆက်သွယ်နိုင်ကြကြောင်း သိရှိရသည်။ **မြန်မာ့အလင်း**

# ပြည်ထောင်စုရှေ့နေချုပ်ရုံး အလယ်အလတ်အဆင့် ဥပဒေအရာရှိများ မွမ်းမံသင်တန်းဆင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဖေဖော်ဝါရီ ၁၄ ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံး သင်တန်းခန်းမ၌ ကျင်းပသည့် အလယ်အလတ်အဆင့် ဥပဒေအရာရှိများမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၈) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအရာရှိများသည် တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများ အပြင် ဥပဒေရေးဆွဲခြင်းနှင့် စာချုပ်စာတမ်းများ စိစစ်ခြင်းတို့ကိုလည်း တတ်မြောက်ကျွမ်းကျင်ရန် လိုအပ်ကြောင်း၊ သင်တန်းတွင် ဥပဒေကြမ်းတစ်ရပ်ရေးဆွဲခြင်း၊ အကြံပြုပြန်ကြားခြင်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စာချုပ်စာတမ်းများတွင် ပါဝင်ရမည့်အချက်အလက်များနှင့် စိစစ်ရမည့်အခြေခံမှုများကိုလည်းကောင်း စာတွေ့လက်တွေ့ လေ့လာသင်ကြားခဲ့ရသဖြင့် မိမိတို့၏ လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ လိုက်နာဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ သင်တန်းတွင် UNDP၊ JICA၊ USAID တို့က ရာဇဝတ်မှုများစုံစမ်းစစ်ဆေးရေး၊ မျှတသည့် တရားစီရင်ရေးစံနှုန်းများ၊ အသိဉာဏ်ပစ္စည်း၊ အာမခံနှင့် အလုပ်သမားဆိုင်ရာဥပဒေများ၊ အမှုကိစ္စစီမံခန့်ခွဲမှု၊ ပြည်တွင်းဥပဒေပညာရှင်များက ငွေကြေးခဝါချမှု၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်မှု၊ အမှုလိုက်ပညာဘာသာရပ်တို့ကို သင်ကြားပို့ချပေးခဲ့ပြီး များစွာအကျိုးရှိကြောင်း၊ ဥပဒေအရာရှိများသည် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ရိုးသား၍ ဘက်လိုက်မှုကင်းစွာဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

သင်တန်းတွင် ဆုရရှိသူများအား ပြည်ထောင်စုရှေ့နေချုပ်က ဆုများပေးအပ်ချီးမြှင့်သည်။

**သတင်းစဉ်**

**ထင်သာမြင်သာ ပြုပြင်စရာ**

# ရှားတောမြို့၏ အထင်ကရ ရှေးဟောင်းစေတီတော်အချို့ ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံပေးစေလို

ကယားပြည်နယ် ရှားတောမြို့၏ အထင်ကရ ရှေးဟောင်းစေတီတော်အချို့မှာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်လျက် ပျက်စီးယိုယွင်းနေပြီ ဖြစ်သောကြောင့် သမိုင်းအမွေအနှစ်များ ဆုံးရှုံးပျောက်ကွယ်သွားမှု မဖြစ်ပေါ်စေရန် အချိန်မီရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ရှားတောမြို့တွင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ခန့်က တည်ထားခဲ့သည့် စူဠာမဏိစေတီတော်၊ နှစ်ကျိပ်ရှစ်ဆူစေတီတော်၊ ဘီလူးမတောင်စေတီတော်၊ ဦးအောင်ဇေယျဆုတောင်းပြည့်စေတီတော်၊ မြို့ဦးစေတီတော်တို့ တည်ရှိပြီး အဆိုပါ စေတီတော်များအနက် နှစ်ကျိပ်ရှစ်ဆူစေတီတော်နှင့် ဘီလူးမတောင်စေတီတော် (**ယာပုံ**) တို့မှာ သဘာဝဘေးဒဏ်ကြောင့်လည်းကောင်း၊ မသမာသူများ၏ ဌာပနာဖောက်ထွင်းခိုးယူမှုကြောင့်လည်းကောင်း ပျက်စီးယိုယွင်းလျက်ရှိသဖြင့် အချိန်မီပြုပြင်မွမ်းမံထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိသည်။

“စေတီတော်ကြီးတွေကို ထုထည်ကြီးမားတဲ့ အုတ်တံတိုင်းကြီးတွေနဲ့ တည်ဆောက်ထားပြီး စေတီတော်နဲ့ အုတ်တံတိုင်းတွေမှာ ခြူးပန်းခြူးနွယ် ကနုတ်လက်ရာတွေ၊ အနုစိတ်လက်ရာတွေနဲ့ အလှဆင်ခြယ်မှုန်းထားတာ ကြည်ညိုဖွယ်ရာရှိလှပါတယ်၊ ပျက်စီးယိုယွင်းစပြုနေပြီဖြစ်လို့ နောင်လာနောက်သားတွေ လေ့လာနိုင်အောင် သက်ဆိုင်ရာက အချိန်မီ ပြုပြင်မွမ်းမံထိန်းသိမ်းဖို့ လိုအပ်နေပြီဖြစ်ပါတယ်” ဟု ရှားတောမြို့သို့ လေ့လာရေးခရီးလာရောက်ခဲ့သူ ဦးကျော်တင့်က ပြောသည်။

ရှားတောမြို့ကို ဖရေရယ်ဟု ခေါ်သည့် ကယားအမျိုးသားတစ်ဦးက စတင်တည်ထားခဲ့ကြောင်း၊ ရှေးအခါက ရှားတောမြို့တွင် နေထိုင်ကြသည့် ကယားလူမျိုးတို့သည် ရှားစေးချက်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင်ကြကြောင်း၊ ထိုစဉ်က ရှမ်းပြည်နယ်မှ ရှမ်းလူမျိုးများ လာရောက်နေထိုင်ကြပြီး ရှားစေးချက်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင်ကြရာမှ ရွာကြီးတစ်ရွာဖြစ်လာခဲ့ကြောင်း၊ ၁၈၉၀ ပြည့်နှစ်က ပြုစုမှတ်တမ်းတင်ထားသော မှတ်တမ်းတစ်ခုအရ ထိုစဉ်က လူဦးရေ ၂၀၀၀ ကျော်မျှနေထိုင်သော ရွာကြီးတစ်ရွာအဖြစ် တည်ရှိခဲ့ပြီး ဘုန်းတော်ကြီးကျောင်း ငါးကျောင်းရှိကာ စေတီတော်များကို ကြွယ်ဝချမ်းသာသည့် ရှမ်းကုန်သည်ကြီးများက တည်ထားကိုးကွယ်ခဲ့ကြကြောင်း ရှားတောမြို့နယ်ဆိုင်ရာ မှတ်တမ်းများအရ သိရသည်။ **ကြီးမြင့်နိုင် (လွိုင်ကော်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၆-၂-၂၀၁၈

**ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၄ |


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❖ ရှေ့ဖုံးမှ

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "နေပြည်တော်သည် မြန်မာနိုင်ငံ၏ အစိုးရရုံးစိုက်သည့် မြို့တော်ဖြစ်သည်နှင့်အညီ နိုင်ငံခြားသံရုံးများကို ရန်ကုန်မှ နေပြည်တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် မူဝါဒများချမှတ်ထားပြီး ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံခြားသံရုံးများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုနှင့် နေထိုင်မှုစသည်တို့ ပိုမိုအဆင်ပြေစေရေးအတွက်လည်းကောင်း၊ သံရုံးများ၏ အဆိုပြုတင်ပြချက်များမှ လက်တွေ့တွင် ဖြစ်နိုင်မည့် အချက်များနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် လည်းကောင်း မူဝါဒများကို လက်တွေ့ကျကျ ပြန်လည်သုံးသပ်မှုပြုလုပ်ရန် လိုအပ်ကြောင်းနှင့် ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုကိစ္စရပ်များကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် လိုအပ်ကြောင်း" ထည့်သွင်းမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နေပြည်တော် သံတမန်ဇုန်မြေကွက်များနှင့် စပ်လျဉ်း၍ Video Projector ဖြင့် ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နေပြည်တော်သံတမန်ဇုန် တည်ဆောက်မှုများနှင့်ပတ်သက်၍ Video Projector ဖြင့် ရှင်းလင်းတင်ပြသည်။

**ညှိနှိုင်းဆွေးနွေး**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တာဝန်ရှိသူများက နေပြည်တော်သံတမန်ဇုန်မြေကွက်များနှင့် စပ်လျဉ်း၍ မူဝါဒဆိုင်ရာများ၊ နေပြည်တော်သို့ နိုင်ငံခြားသံရုံးများ ဆောလျင်စွာ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး အစီအစဉ်များနှင့် ဆောင်ရွက်ထားရှိမှုများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ညှိနှိုင်းဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းပြီး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**သတင်းစဉ်**

# လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ မော်ရိုကိုနိုင်ငံ သံအမတ်ကြီး **H.E. Mr. Abdelilah ElHousni** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ မော်ရိုကိုနိုင်ငံ သံအမတ်ကြီး H.E. Mr. Abdelilah ElHousni အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ် အရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ဥရောပပါလီမန် လူ့အခွင့်အရေး ဆပ်ကော်မတီဥက္ကဋ္ဌ Mr.Pier Antonio Panzeri ဦးဆောင်သည့် ဥရောပပါလီမန်ကော်မတီပေါင်းစုံမှ ပါလီမန်အမတ်များ ပါဝင်သည့်အဖွဲ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးတွင် UNHCR ၏ ပါဝင်မှုနှင့် အခြားကုလအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဥရောပပါလီမန် လူ့အခွင့်အရေးဆပ်ကော်မတီဥက္ကဋ္ဌဖြစ်သူ Mr. Pier Antonio Panzeri နှင့် အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ၊ ဖွံ့ဖြိုးမှုနည်းပါးသော ရခိုင်ပြည်နယ်အား ဦးစားပေးအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ၊ အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားရသူများအတွက် လူသားချင်းစာနာမှု အကူအညီများအား မိတ်ဖက်နိုင်ငံများ၊ မိတ်ဆွေအဖွဲ့အစည်းများ၊ ပြည်သူများ၏ အကူအညီဖြင့် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ တည်ထောင်ထားပြီး လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ၂၀၁၆ ခုနှစ် မေလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ UEHRD ၏ ရည်ရွယ်ချက်များဖြစ်သည့် လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များဖြစ်သည့် နိုင်ငံသားဖြစ်ခွင့်၊ လွတ်လပ်စွာသွားလာခွင့်များကို ဥပဒေနှင့်အညီ ခံစားရရှိစေရန် အကောင်အထည်ဖော်နေမှုများ၊ ၂၀၁၇ ခုနှစ်ကတည်းက ရှိခဲ့သော IDP စခန်းများ ပိတ်သိမ်းရေးကြိုးပမ်းနေမှုများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးစခန်းများတွင် စီစဉ်ထားရှိဆောင်ရွက်မည့် လုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် နိုင်ငံတကာ စံနှုန်းများနှင့်အညီ အကောင်အထည်ဖော်လျက် ရှိသည့် ကျေးရွာစီမံကိန်းများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိသွားသော နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ ပါဝင်မှုနှင့် အခြားကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မိုင်းယန်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ဒီဂျစ်တယ်စနစ် (DVB-T2) ဖြင့် စတင်စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အရှေ့ မိုင်းယန်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းများအား ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ လွှင့်အား 50 W၊ လှိုင်းနှုန်းချန်နယ် E-22 ဖြင့် ဒီဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါ စက်ရုံမှထုတ်လွှင့်မှုကို မိုင်းယန်းမြို့ပေါ်ရပ်ကွက်များဖြစ်သည့် မွန်ကဲရပ်ကွက်၊ ဟော်ကဲရပ်ကွက်၊ ဟော်ဟိုက်ရပ်ကွက်၊ ဈေးတန်းရပ်ကွက်၊ ဝိန်းလိတ်ရပ်ကွက်၊ ဟိုကပ်ရပ်ကွက်၊ ကျိန်းဟင်ရပ်ကွက်၊ မောက်မိုင်ရပ်ကွက်၊ ပါမိုင်ရပ်ကွက်၊ မိုင်းပိန်းရပ်ကွက်၊ ပါနွမ်းရပ်ကွက်နှင့် နီးစပ်ရာကျေးရွာများဖြစ်သည့် နောင်ခန်းနှင့် ဖာပွန်ကျေးရွာများမှ ကောင်းမွန်စွာ ဖမ်းယူရရှိသည်။

**သတင်းစဉ်**



**မွန်ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူး ထွန်းနိုင်ထွေး ဦးစီး၍ ရတနာ ရဲကင်းစခန်းမှူး ရဲအုပ်ခင်မောင်ထွေးတို့ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်က ကျိုက်မရောမြို့နယ် ကျွန်းကုန်းကျေးရွာ ရွာလယ်ဘုရားရှေ့၌ မူးယစ်ဆေးဝါး ဘေးအန္တရာယ် ပညာပေး ပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောစဉ်။**

၁၃၈

## ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အတင့်အသင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် မိုးဆက်လက်ရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဥရောပပါလီမန် လူ့အခွင့်အရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော်　ဖေဖော်ဝါရီ　၁၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဥရောပပါလီမန် လူ့အခွင့်အရေး ဆပ်ကော်မတီဥက္ကဋ္ဌ Mr. Pier Antonio Panzeri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ တိုင်းရင်းသားရေးရာ ကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဥရောပပါလီမန် လူ့အခွင့်အရေး ဆပ်ကော်မတီဥက္ကဋ္ဌ Mr. Pier Antonio Panzeri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

◆ *ကျောဖုံးမှ*

အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းတာဝန်များ သတ်မှတ်**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀/၂၀၁၈ ဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နေ့တွင် နာယကအဖွဲ့ကို ဒုတိယသမ္မတအပါအဝင် ငါးဦးဖြင့် လည်းကောင်း၊ ဦးစီးကော်မတီကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်နှင့် စုစုပေါင်း ၁၈ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ဦးစီးကော်မတီအနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နေ့တွင် လုပ်ငန်းများ စနစ်တကျ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ တစ်ခုနှင့် ဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

**လစ်ဟာမှုမရှိအောင်ဆောင်ရွက်**

ယခုကျင်းပမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားတို့သည် နိုင်ငံတော်အဆင့်အခမ်းအနား ဖြစ်ပါကြောင်း၊ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက အစဉ်အလာကြီးမားခဲ့ပြီး မြန်မာနိုင်ငံအစိုးရအဆက်ဆက် ကျင်းပခဲ့သည့် အမြင့်ဆုံးသာသနာတော်ဆိုင်ရာ ချီးမြှောက်မှုအခမ်းအနားကြီး ဖြစ်ပါကြောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပွဲမတိုင်မီ အကြိုရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ကျင်းပမည်ဖြစ်ပါကြောင်း၊ တပေါင်းလပြည့်နေ့တွင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပွဲကို ကျင်းပပြီးချိန်တွင် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားကို ဆက်လက် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် နှစ်စဉ်ကျင်းပခဲ့သည့် အတွေ့အကြုံများအပေါ် မူတည်၍ လုပ်ငန်းတာဝန်များ လစ်ဟာမှုမရှိအောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြစေလိုပါကြောင်း။



**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**

**ကြည်ညိုဖွယ်ဖြစ်အောင်ခင်းကျင်း**

အခမ်းအနားသို့ ကြွရောက်မည့် ဆရာတော်ကြီးများသည် ရန်ကုန်မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ကြွရောက်မည် ဖြစ်သည့်အတွက် လေယာဉ်နေရာရရှိရေး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ခေတ္တသီတင်းသုံးနေထိုင်မည့် ကျောင်းဆောင်များနှင့် ဟိုတယ်များတွင် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိရေး၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော ဟင်းလျာများ ဆက်ကပ်နိုင်ရေး၊ ယခင်နှစ်များနည်းတူ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု အစီအမံများ စနစ်တကျ ဆောင်ရွက်သွားနိုင်ရေး၊ လှူဖွယ်ပစ္စည်းများ စနစ်တကျ ဆက်ကပ်လှူဒါန်းနိုင်ရေး၊ အခမ်းအနားကျင်းပမည့် သာသနာ့ မဟာဗိမာန်တော်ကြီးအတွင်း ထည်ဝါတင့်တယ် ကြည်ညိုဖွယ်ဖြစ်အောင် ခင်းကျင်း ပြင်ဆင်ထားရှိရေး စသည်တို့ကို သက်ဆိုင်ရာ ကော်မတီများအလိုက် လစ်ဟာမှုမရှိအောင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ဇာတ်တိုက်လေ့ကျင့်**

ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲပြီးချိန်တွင် ဆွမ်းဆန်တော်လောင်းလှူပွဲ ဆက်လက်ကျင်းပမည် ဖြစ်သည့်အတွက် အချိန်ကြန့်ကြာမှုမရှိအောင် စနစ်တကျ စီမံခန့်ခွဲပြီး သေချာစွာ ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါကြောင်း။

ယခု ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်ဆဲအခြေအနေများနှင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြ ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဘွဲ့ဆက်ကပ်မည့်အခြေအနေ၊ သံဃာ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်အရေအတွက် အခမ်းအနား ကျင်းပမည့်နေ့၌ ဆောင်ရွက်မည့် အစီအစဉ်များ၊ အခမ်းအနားကျင်းပမည့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ဆရာတော်ကြီးများ ပင့်ဆောင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ နေရာချထားမည့် အစီအစဉ်များနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက အခမ်းအနားနှင့် ပတ်သက်၍ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**အစီအစဉ်များ ဆွေးနွေးတင်ပြ**

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ ဆွေးနွေးတင်ပြကြရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက ကြိုဆိုပင့်ဆောင်နေရာချထားရေးနှင့် အခမ်းအနားသို့ ပင့်ဆောင်ရေးဆပ်ကော်မတီနှင့် ဖိတ်ကြားရေးဆပ်ကော်မတီတို့နှင့် သက်ဆိုင်သည့် တင်ပြချက်များအား လည်းကောင်း၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက အခမ်းအနား ပြင်ဆင်ရေးနှင့် အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီတို့နှင့် သက်ဆိုင်သည့် တင်ပြချက်များအား လည်းကောင်း၊ အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီနှင့် သက်ဆိုင်သည့် တင်ပြချက်များအား လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များအား လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမျိုးမြင့်မောင်က သတင်းမှတ်တမ်းနှင့် ပြန်ကြားရေး ဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များအား လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာလှက ကျန်းမာရေး ဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များအား လည်းကောင်း၊ နေပြည်တော် ကောင်စီဝင် ဦးအောင်မြင်ထွန်းက ဆွမ်းဆန်တော် လောင်းလှူရေး ဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များအား လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် အောင်နိုင်သူက လုံခြုံရေး ဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များအား လည်းကောင်း ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# နယူးဇီလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးမှ နောင်ပန်ကျေးရွာလူငယ်များထံ လာရောက်တွေ့ဆုံ

**လဲချား ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ် နောင်ပန်ကျေးရွာ လူငယ်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း ဧည့်ခန်းမဆောင်၌ နယူးဇီလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးနှင့် ILO အဖွဲ့အကြီးအကဲများက ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၁ နာရီခန့်တွင် ကျေးရွာလူငယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် နယူးဇီလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး Steve Marshall၊ ILO အဖွဲ့အကြီးအကဲများနှင့် နောင်ပန်ကျေးရွာ လူငယ်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း (CBY) မှ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာမှ လူငယ်များ၊ တာဝန်ရှိသူများက အလုပ်ခွင် အခြေခံစည်းမျဉ်းများနှင့် အခွင့်အရေးများ လေးစားလိုက်နာခြင်းနှင့် အဓမ္မအလုပ်စေခိုင်းမှု ပပျောက်ရေး၊ အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းပြဋ္ဌာန်းဥပဒေများ၊ နိုင်ငံတော်အစိုးရနှင့် ILO တို့၏ အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေး ပူးပေါင်းလုပ်ဆောင်ချက်များ၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဆိုင်ရာ ဥပဒေများနှင့် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်းနှင့် တက်ရောက်လာသူ လူငယ်များ၏ သဘောထားအမြင်၊ လိုအပ်ချက်များကို မွန်းလွဲ ၂ နာရီထိ အပြန်အလှန် ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် နယူးဇီလန် နိုင်ငံဆိုင်ရာ သံအမတ်ကြီး Steve Marshall နှင့် ILO အဖွဲ့အကြီးအကဲများ၊ တက်ရောက်လာသူ လူငယ်များစုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



# အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော်　ဖေဖော်ဝါရီ　၁၆**

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီအနေဖြင့် ဒေသထွက်ကုန်ပစ္စည်းများ ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားလာစေရန်၊ ဈေးကွက်အခွင့်အလမ်းများ ရရှိစေရန်၊ SMEs လုပ်ငန်းရှင်များ၏ တီထွင်ဖန်တီးမှု စိတ်ကူးများနှင့် ထုတ်လုပ်မှုနည်းပညာအဆင့်အတန်းများ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသထုတ်ကုန်ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆုရရှိသည့်ထုတ်ကုန်ပစ္စည်းများအား နိုင်ငံတော်အဆင့် ပြိုင်ပွဲအဖြစ် နေပြည်တော်တွင် ထပ်မံခင်းကျင်းပြသသွားမည်ဖြစ်သည်။

**သုံးရက်ကြာ ကျင်းပမည်**

ယခုအခါ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ပထမအကြိမ် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးကို မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ပဒုမ္မာကွင်း၌ ကျင်းပသောပွဲတွင် ဒဂုံအသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

ပွဲစဉ် (၃) အပြီးတွင် ဒဂုံအသင်းက သုံးပွဲကစား ငါးမှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး Mountain Lion နှင့် Royal Thanlyin အသင်းက နှစ်ပွဲကစား လေးမှတ်၊ ကချင်ယူနိုက်တက်အသင်းက သုံးပွဲကစား လေးမှတ်၊ တက္ကသိုလ်နှင့် ငွေကြယ်ပွင့်အသင်းက သုံးပွဲကစား နှစ်မှတ်စီ၊ မောရဝတီအသင်းက နှစ်ပွဲကစား တစ်မှတ်ရထားသည်။

**ဖိုးသော်ဇင်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ထိုင်းဘုရင်မင်းမြတ်က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုဘွဲ့တံဆိပ်အား လက်ခံရယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင်မင်းမြတ်က ပေးအပ်ချီးမြှင့်သည့် ‘‘The Knight Grand Cross (First Class) of the Most Exalted Order of the White Elephant’’ ဘွဲ့တံဆိပ်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဘွဲ့တံဆိပ်အား လက်ခံရယူသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ ရောက်ရှိကာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

**ဘွဲ့တံဆိပ်အား ဂုဏ်ပြုအပ်နှင်း**

ထို့နောက် ဘွဲ့တံဆိပ်ဂုဏ်ပြုအပ်နှင်းခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ Gen. Prawit Wongsuwon က ပေးပို့သည့် ဂုဏ်ပြုဘွဲ့တံဆိပ်အပ်နှင်းခြင်း သဝဏ်လွှာအား အခမ်းအနားမှူးက ဖတ်ကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ကို ထိုင်းဘုရင်မင်းမြတ်၏ကိုယ်စား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan က ‘‘The Knight Grand Cross (First Class) of the Most Exalted Order of the White Elephant’’ ဘွဲ့တံဆိပ်အား ဂုဏ်ပြုအပ်နှင်းသည်။ ထို့နောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုစကားပြောကြားပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ထိုင်းဘုရင်မင်းမြတ်၏ ကိုယ်စား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဘွဲ့တံဆိပ်အား ဂုဏ်ပြုအပ်နှင်းစဉ်။** သတင်းစဉ်

**ထပ်မံချီးမြှင့်ခံရ**

‘‘The Knight Grand Cross (First Class) of the Most Exalted Order of the White Elephant’’ ဘွဲ့တံဆိပ်ကို မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအနက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဦးဆုံး ရရှိခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး တိုးတက်ခိုင်မာအောင် ဆောင်ရွက်ခဲ့မှုအပေါ် အသိအမှတ်ပြုသည့်အနေဖြင့် ရာမ(၉)ထိုင်းဘုရင်မင်းမြတ် Bhumibol Adulyadej က ချီးမြှင့်သည့် ‘‘The Knight Grand Cross (First Class) of the Most Noble Order of the Crown of Thailand’’ ဘွဲ့တံဆိပ်ကို ၂၀၁၃ ခုနှစ်က ရရှိခဲ့ပြီးနောက် ပြည်ပနိုင်ငံသားများအား ချီးမြှင့်ရန် ခက်ခဲလှသော အဆင့်အတန်း ပိုမိုထူးကဲမြင့်မားသည့် ယခု ဘွဲ့တံဆိပ်အား ထပ်မံချီးမြှင့်ခံရခြင်းဖြစ်သည်။ နိုင်ငံတကာမှ အဆိုပါဘွဲ့တံဆိပ်ရရှိခဲ့သူ အနည်းငယ်မျှသာရှိသည့်အနက် ကမ္ဘောဒီးယားဘုရင်နိုရိုဒွန်၊ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်၊ ဝိတိုရိယဘုရင်မကြီး၊ အမေရိကန်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဝီလျံဝက်စ်မိုးလင်း စသည့်ပုဂ္ဂိုလ်များ ပါဝင်ကြကြောင်း သိရှိရသည်။

**ဂါရဝပြုတွေ့ဆုံ**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ Gen. Prem Tinsulanonda အား ၎င်း၏ နေအိမ်ညှိခန်းမ၌ ဂါရဝပြုတွေ့ဆုံသည်။

**နှစ်နိုင်ငံဆက်ဆံရေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်မှု အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ် ဆက်လက်ဆက်ဆံရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်မည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့အပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ Wat Ratchabophit Sathi Mahasimaram ဘုန်းကြီးကျောင်းသို့ သွားရောက်၍ သံဃနာယက ဂိုဏ်းချုပ်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ရွှေတိဂုံပုံတူပန်းချီကား၊ ရွှေတိဂုံပုံတူစေတီတော်နှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဥရောပပါလီမန် လူ့အခွင့်အရေး ဆပ်ကော်မတီဥက္ကဋ္ဌ Mr. Pier Antonio Panzeri ဦးဆောင်သည့် ဥရောပပါလီမန် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

**ရခိုင်ပြည်နယ် အရေးကိစ္စရပ်များ**

ထိုသို့တွေ့ဆုံရာတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စအပါအဝင် ရခိုင်ပြည်နယ် အရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဥရောပပါလီမန် လူ့အခွင့်အရေးဆပ်ကော်မတီဥက္ကဋ္ဌ Mr. Pier Antonio Panzeri ဦးဆောင်သည့် ဥရောပပါလီမန်ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

# မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီများ ပိုမိုရင်းနှီးမြှုပ်နှံရေးစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံ၏ လူမှုရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံမှ ပုဂ္ဂလိကကုမ္ပဏီများ မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် ရည်ရွယ်၍ 5th Myanmar- Japan Joint Initiative (Phase II) အစည်းအဝေးကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်း နှင့် ဂျပန်သံအမတ်ကြီး Mr. Tateshi HIGUCHI တို့မှ အဖွင့်အမှာစကားပြောကြား၍ JCCM ဥက္ကဋ္ဌ Mr. Katsuji Nakagawa က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi HIGUCHI တို့မှ ပူးတွဲဦးဆောင်၍ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ UMFCCI နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဂျပန်ဘက်မှ ဂျပန်သံရုံး၊ JCCM, JICA နှင့် JETRO တို့မှ တာဝန်ရှိသူများပါဝင်၍ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ ငါးဖွဲ့ဖြစ်သည့် စက်မှုမူဝါဒဆိုင်ရာလုပ်ငန်းအဖွဲ့၊ ကုန်သွယ်ရေးမူဝါဒဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ အခွန်ကိစ္စဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့တို့က ၂၀၁၇-၂၀၁၈ ခုနှစ် အတွင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များ၏ တိုးတက်မှုအစီရင်ခံစာ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ဆောင်ရွက်ရန်ကျန်ရှိနေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

*(ဖေဖော်ဝါရီ ၁၃ ရက်နေ့မှအဆက်)*

**လွတ်လပ်စွာသွားလာခွင့်**

၂၁။ NV Card (သို့မဟုတ်) နိုင်ငံသားအသိမှတ်ပြုကတ်တစ်မျိုးမျိုး ကိုင်ဆောင်ထားသူများ၏ လွတ်လပ်စွာသွားလာခွင့်နှင့်စပ်လျဉ်းသော ကန့်သတ်ချက်များကို ဖယ်ရှားနိုင်ရန် အချိန်ကာလနှင့် အရေးပါသောမှတ်တိုင်များ (Milestones) ပါဝင်သည့် လမ်းပြမြေပုံကိုရေးဆွဲ၍ ပထမအဆင့်အနေဖြင့် မောင်တောခရိုင်အတွင်း လွတ်လပ်စွာသွားလာနိုင်ရန် လုံခြုံရေးအစီအမံများ တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ တစ်ဖက်နှင့်တစ်ဖက် သွားလာသူများကို ရန်ပြုနှောင့်ယှက်ဟန့်တားမှု တစ်စုံတစ်ရာပြုလုပ်ပါက တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ အရေးယူမည်ဖြစ်ကြောင်း ကျယ်ပြန့်စွာအသိပေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။

**IDP ကိစ္စရပ်များ**

၂၂။ မြေပုံမြို့ တောင်ပေါ် IDP စခန်း၊ စစ်တွေ သက္ကယ်ပြင် IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ စတင်စီမံဆောင်ရွက်လျက်ရှိပါသည်။

၂၃။ IDP စခန်းများရှိ တဲတန်းလျားပြုပြင်တည်ဆောက်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) စစ်တွေမြို့ ဆေးသမားကြီး IDP စခန်းရှိ တဲတန်းလျား ၅၀ လုံး ပြုပြင်ခြင်း၊

( ခ ) ရမ်းဗြဲမြို့ကယ်ဆယ်ရေးစခန်းရှိ တဲတန်းလျားများနေရာတွင် လုံးချင်းအိမ်ရာ ၁၂ လုံး တည်ဆောက်ပေးခြင်း၊

(ဂ) စစ်တွေမြို့နယ် IDP စခန်းများတွင် တဲတန်းလျားအသစ် ၁၇၆ လုံး၊ အခန်းအသစ် ၂၈၁ ခန်း ၊ ရေတုံကင် ၄၈၂ ခု၊ အိမ်သာအသစ် ၅၀၈ လုံးတို့ ဆောက်လုပ်ခြင်း။

**လူသားချင်းစာနာထောက်ထားမှု**

၂၄။ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထု၊ (UEHRD) စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်၊ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့၊ အာဆီယံနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းအသီးသီးတို့က လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အောက်ပါအတိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

(က) နိုင်ငံတော်အစိုးရက ငွေကျပ် ၄၇၉ ဒသမ ၆၀ သန်း တန်ဖိုးရှိအစားအစာနှင့် လူသုံးကုန်ပစ္စည်းများ၊

(ခ) ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့က ဆွစ်ဖရန့် ၁၇ သန်း တန်ဖိုးရှိအစားအစာနှင့် လူသုံးကုန်ပစ္စည်းများ၊

(ဂ) အာဆီယံနိုင်ငံများကUSD ၇ ဒသမ ၃ သိန်း တန်ဖိုးရှိအစားအစာနှင့်လူသုံးကုန်ပစ္စည်းများ

(ဃ) UEHRD လူငယ်အဖွဲ့က ငွေကျပ် ၄၄၃ ဒသမ ၇၅ သန်း တန်ဖိုးရှိ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ၊

(င) MA-UK Myanmar က ငွေကျပ် ၇၉ ဒသမ ၀၅ သန်း တန်ဖိုးရှိ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ၊

**သတင်းရယူခွင့်**

၂၅။ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအား လွတ်လပ်စွာသတင်းရယူနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း မောင်တောဒေသနှင့် IDP စခန်းများသို့ ၂၀၁၆ ခုနှစ် အောက်တိုဘာဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်းမှ ယနေ့အထိ ရှစ်ကြိမ်သွားရောက်နိုင်ရန် စီစဉ်ပေးပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံအခြေစိုက် သံတမန်များအဖွဲ့နှင့် တပ်မတော်အဖွဲ့အစည်းမှ နယ်မြေကွင်းဆင်းလေ့လာမှုများတွင်လည်း မီဒီယာများကို နှစ်ကြိမ်လိုက်ပါနိုင်အောင် စီစဉ်ပေးနိုင်ခဲ့ပါသည်။ နိုင်ငံတကာနှင့် ပြည်တွင်းသတင်း မီဒီယာများကိုလည်း တစ်လလျှင်နှစ်ကြိမ် သတင်းသွားရောက်ရယူနိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂၆။ ရခိုင်ပြည်နယ်ဆိုင်ရာသတင်းများ ပိုမိုသိရှိနိုင်ရေးအတွက် ထုတ်လွှင့်နေသည့် နိုင်ငံပိုင် မီဒီယာများအပြင် Facebook, Twitter စသော လူမှုကွန်ရက်စာမျက်နှာများမှလည်း ထုတ်လွှင့်လျက်ရှိပါသည်။ မောင်တောခရိုင်အတွင်း ဖမ်းယူရရှိနိုင်သည့် မေယု FM အစီအစဉ်ဖြင့် အသိပညာဗဟုသုတရနိုင်မည့် ကဏ္ဍများကို ဗမာ၊ ရခိုင်၊ ဘင်္ဂါလီ ဘာသာစကားတို့ဖြင့် နေ့စဉ်ခြောက်ကြိမ်ထုတ်လွှင့်ပေးခြင်း၊ ရေဒီယိုများအခမဲ့ဝေငှခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**ပညာရေး**

၂၇။ ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ပညာရေးကဏ္ဍဆောင်ရွက်မှုများအနေဖြင့် -

(က) အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပိတ်ခဲ့ရသော စာသင်ကျောင်း ၄၂၄ ကျောင်း အနက် ၂၉၀ ကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားနေပြီဖြစ်ပါသည်။

( ခ ) ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူ ၂၁၈၉ ဦးအတွက် ပညာသင်စရိတ်ကျပ် ၂၈ ဒသမ ၅၃ သန်းနှင့် ကျပ် ၈ ဒသမ ၀၀ သန်းတန်ဖိုးရှိ ကျောင်းဝတ်စုံ ၄၀၀၀ ထည်တို့ကို ထောက်ပံ့ခဲ့ပါသည်။

(ဂ) ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များရှိ ဆရာ ဆရာမ ၄၅၀ အတွက် ငွေကျပ် ၂၂ ဒသမ ၅ သန်း ထောက်ပံ့ခဲ့ပါသည်။ ဝန်ထမ်းများ၏ လုံခြုံရေးကို အစိုးရအနေဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ဒေသနေ အဝေးသင်တက္ကသိုလ် မွတ်စလင် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် အစိုးရစက်မှုလက်မှုသိပ္ပံ (သံတွဲ) တွင် ၂၇-၁၀-၂၀၁၇ ရက်နေ့မှ ၂၉-၁၁-၂၀၁၇ ရက်နေ့အထိ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၆၁ ဦးကို အနီးကပ်သင်တန်းများ ဖွင့်လှစ်ပို့ချပြီး စာမေးပွဲဖြေဆိုနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

( င ) အဝေးသင်တက္ကသိုလ်(စစ်တွေဌာနခွဲ) တွင် မွတ်စလင် ကျောင်းသား ကျောင်းသူ ကိုးဦး၊ တောင်ကုတ်ဌာနခွဲတွင် မွတ်စလင် ကျောင်းသား ကျောင်းသူ ၃၉ ဦးတို့ကို ကျောင်းဝင်ခွင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

( စ ) ဒေသနေ မွတ်စလင်အသိုင်းအဝိုင်းရှိ ကလေးသူငယ်များအား အခြေခံမြန်မာစာ အပြော၊ အရေး၊ အဖတ်ကျွမ်းကျင်စေရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို Pilot Project အဖြစ် ရွှေဇား၊ မောင်နီရွာ၊ ပန်းတောပြင်၊ ရွှေဇားစေတီပြင်နှင့် သရက်အုပ်ကျေးရွာများတွင် သတ်မှတ်ဆောင်ရွက်ပေးခဲ့ပါသည်။

(ဆ) IDP စခန်းများမှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် သက္ကယ်ပြင် ရွာမ (မူလွန်) ကျောင်း၊ သင်ဂနက်(မူလွန်)ကျောင်း၊ သာယာကုန်း (မူလွန်) ကျောင်းများဖွင့်လှစ်ထားရှိရာ အဆိုပါကျောင်းများမှ အလယ်တန်းအဆင့် အောင်မြင်သူများကို သက္ကယ်ပြင်ကုန်းအထက်တန်းကျောင်းတွင် ဆက်လက်သင်ကြားနိုင်ရေး ဆောင်ရွက်ထားရှိပါသည်။ ဆရာအတတ်ပညာသင်တန်း မပြီးဆုံးသေးသူများကို ဆရာဖြစ်သင်တန်းရရှိရန် ဆောင်ရွက်လျက်ရှိပါသည်။

**ကျန်းမာရေး**

၂၈။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ မည်သူမဆို ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ကြောင်း အသိပေးကြေညာချက်များ ပြုလုပ်ခဲ့ပြီး အောက်ပါအတိုင်း ကုသပေးနိုင်ခဲ့ပါသည် -

| စဉ် | ဆောင်ရွက်မှု | ကုသဦးရေ | | | |
|---|---|---|---|---|---|
| | | အတွင်းလူနာ | | ပြင်ပလူနာ | |
| | | တိုင်းရင်းသား | မွတ်ဆလင် | တိုင်းရင်းသား | မွတ်ဆလင် |
| ၁ | ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကုသမှုပေးခြင်း- | | | | |
| | (က) စစ်တွေဆေးရုံကြီး | ၃၉၆၄၀ | ၈၂၈ | ၁၇၂၀၇ | ၆၉၆ |
| | (ခ) သက္ကယ်ပြင်ဆေးရုံ | ၀ | ၁၀၄၇၀ | ၀ | ၉၃၁ |
| | (ဂ) ရသေ့တောင်မြို့နယ်ဆေးရုံ | ၈၅၁ | ၀ | ၁၅၈၁ | ၁၁ |
| | (ဃ) ဘူးသီးတောင်မြို့နယ်ဆေးရုံ | ၁၃၃၄ | ၁၆၂၆ | ၁၀၈၀ | ၁၀၆၈ |
| | (င) မောင်တောမြို့နယ်ဆေးရုံ | ၉၄၇ | ၇၆၂ | ၂၆၀၂ | ၁၄၀၃ |
| ၂ | ရွေ့လျားဆေးအဖွဲ့ဖြင့်ဆေးဝါးကုသပေးခြင်း- | | | | |
| | (က) မောင်တောမြို့နယ် | ၂၀၇၁၂ | | | |
| | (ခ) ဘူးသီးတောင်မြို့နယ် | ၁၇၃၁၀ | | | |
| | (ဂ) စစ်တွေနှင့် အခြားမြို့နယ် | ၇၂၁၇၄ | | | |
| ၃ | အထူးကုဆရာဝန်ကြီးများနယ်လှည့်ဆေးကုသခြင်း | ၁၂၇၆ | | | |

၂၉။ ကျန်းမာရေးဌာနတိုင်း၌ မည်သူမဆို ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူနိုင်ကြောင်းနှင့် ဆေးရုံဆေးခန်းများသည် ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများအတွက် အကာအကွယ်ပေးထားသည့်နေရာများဖြစ်ကြောင်း ဆေးရုံ၊ ကျန်းမာရေးဌာနများ၌ ရခိုင်၊ ဘင်္ဂါလီ၊ အင်္ဂလိပ်ဘာသာဖြင့် ဆိုင်းဘုတ်များ ထောင်ကာ အသိပေးထားပြီးဖြစ်ပါသည်။

၃၀။ မေယု FM ရေဒီယိုအစီအစဉ်၌လည်း ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးသတင်းများအား ဘင်္ဂါလီဘာသာဖြင့် ပုံမှန်ထုတ်လွှင့်လျက်ရှိရာ ၂၀၁၇ ခုနှစ်အတွင်း အောက်တိုဘာလတွင် အသိပညာပေးအကြောင်းအရာကဏ္ဍငါးခု၊ နိုဝင်ဘာလတွင် အသိပညာပေးအကြောင်းအရာကဏ္ဍငါးခု၊ ဒီဇင်ဘာလတွင် အသိပညာပေးအကြောင်းအရာ ကဏ္ဍခုနစ်ခုအထိ တိုးမြှင့်ထုတ်လွှင့်ပေးလျက်ရှိပါသည်။

၃၁။ လူထုကျန်းမာရေးသင်တန်း နှစ်ကြိမ်တွင် လူထုကျန်းမာရေး လုပ်သား ၇၂ ဦး ပို့ချပေးခဲ့ပါသည်။ မွတ်စလင်ကျန်းမာရေးလုပ်သားများလည်း ပါဝင်တက်ရောက်ခဲ့ပါသည်။

၃၂။ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံ ၂၄ ရုံသို့ ဆေးနှင့်ဆေးရုံသုံးပစ္စည်း ၁၉၇ မျိုးကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကာ မောင်တောမြို့နယ် တောင်ပြိုလက်ဝဲဆေးရုံအတွက်လည်း ဆေးနှင့် စက်ပစ္စည်းများ၊ ဓာတ်မှန်နှင့် ဓာတ်ခွဲပစ္စည်းများ ထောက်ပံ့ထားရှိပြီးဖြစ်ပါသည်။

၃၃။ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ဆေးရုံတွင် သွေးလှူဘဏ်ငယ်အသစ်တည်ထောင်ရေးအတွက် JICA အဖွဲ့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပြီး Solar System သွေးသိုလှောင်ထိန်းသိမ်းသည့် ရေခဲသေတ္တာနှင့် အခြားလိုအပ်သော စက်ပစ္စည်းကိရိယာများအား ဝယ်ယူပို့ဆောင်နိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။

၃၄။ ရခိုင်ပြည်နယ်အတွင်း လူဦးရေနှင့်အညီသင့်လျော်သည့် ကျန်းမာရေးလုပ်သားအချိုး ရှိလာစေရေးအတွက် ဆရာဝန်စုစုပေါင်း ၃၄ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ၁ ဦးနှင့် သူနာပြု ၆၄ ဦးတို့အား ထပ်မံခန့်အပ်ထားပေးခဲ့ပြီး ဖြစ်ပါသည်။ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (စစ်တွေ) ၌ သူနာပြုနှင့်သားဖွားသင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၁၀ ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) ခြောက်လသင်တန်းအား စစ်တွေမြို့၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၁ ဦးတို့ဖြင့် လေ့ကျင့်သင်တန်းပေးထားပါသည်။

၃၅။ စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးကို အဆင့်မြှင့်တင်ရေးအတွက် Master Plan ရေးဆွဲလျက်ရှိပြီး ဆေးရုံအတွင်းအပြင် အဆောက်အအုံများ တိုင်းတာခြင်း၊ Topographic Survey ပြုလုပ်ခြင်း၊ နှစ်အလိုက်အဆင့်အလိုက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ သတ်မှတ်ခြင်းတို့ကို ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၃၆။ အာဟာရစားသုံးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအား ဆန်းစစ်နိုင်ရန် ရခိုင်ပြည်နယ်အတွင်း စစ်တမ်းကောက်ကွက် ၃၀ အနက် ကောက်ကွက်လေးခု ပြီးစီးခဲ့ကာ နှစ်ခုတွင် ကောက်ယူနေဆဲဖြစ်ပါသည်။ ကလေးငယ်များအား ပုံမှန်အာဟာရစစ်ဆေးခြင်းများအပြင် ဗီတာမင်ဆေးပြားများ၊ Micronutrient Tablet များအပါအဝင် အာဟာရဆိုင်ရာဆေးနှင့် ဆေးပစ္စည်း ၃၇ မျိုးအား ထောက်ပံ့ပေးခဲ့ပါသည်။

၃၇။ ကျန်းမာရေးဝန်ထမ်းများအား Immunization Training များပို့ချခဲ့ရာ မွတ်စလင် ကျန်းမာရေးဝန်ထမ်းများလည်း ပါဝင်တက်ရောက်ခဲ့ပါသည်။ အပိုဆောင်းပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းစီမံချက်ဖြင့် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့ရာ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များ၌လည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ မောင်တောမြို့နယ်၌ ပထမအကြိမ် ၇၉၁၉၆ ဦးနှင့် ဒုတိယအကြိမ် ၇၁၃၃၀ ဦး၊ ဘူးသီးတောင်မြို့နယ်၌ ပထမအကြိမ် ၅၇၅၈၇ ဦးနှင့် ဒုတိယအကြိမ် ၅၇၅၈၇ ဦး ထိုးနှံပေးနိုင်ခဲ့ပါသည်။ ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း၌လည်း မောင်တောမြို့နယ်၌ ၂၈၂၆၅ ဦးနှင့် ဘူးသီးတောင်မြို့နယ်၌ ၃၄၅၀၇ ဦး ထိုးနှံပေးနိုင်ခဲ့ပါသည်။

၃၈။ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ခဲ့ရာ ပေါက်တောမြို့နယ် မွတ်စလင် ကျေးရွာများတွင် တစ်နှစ်အောက်ကလေး ၆၁၄ ဦးနှင့် ကိုယ်ဝန်ဆောင် ၁၃၇ ဦးတို့ကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်

**ပျော်ဘွယ် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ကျေးရွာနေပြည်သူများ ကျန်းမာရေး၊ ရွာသန့်ရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် သာယာလှပရေးတို့အတွက် စီမံချက်များ ချမှတ်ရေးဆွဲပြီး ကျေးရွာမှ စွန့်ပစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်နိုင်ရေးနှင့် လယ်ယာမြေများတွင် သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးချနိုင်ရေးအတွက် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏ စီစဉ်မှုဖြင့် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာနှစ်ရွာ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်သီတာဝင်း၏ ဦးစီးအရာရှိ ဒေါ်စုစုနှင့် အဖွဲ့သည် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်နေသည့် ကျေးရွာများဖြစ်သော ဖွဲသင်းကျေးရွာနှင့် ထိန်အင်းကျေးရွာသို့ ဖေဖော်ဝါရီ ၁၃ ရက်က သွားရောက်ခဲ့ကြသည်။

အဆိုပါ အဖွဲ့သည် ယင်းကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ကျေးရွာလူထုအား တွေ့ဆုံခဲ့သည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးသည် အရေးကြီးကြောင်း၊ ကျန်းမာရေးနှင့် ဆက်စပ်နေသည့် ကျေးရွာသန့်ရှင်းသာယာလှပရေးသည်လည်း အလွန်အရေးကြီးကြောင်း၊ ကျေးရွာသန့်ရှင်းသာယာရေးအတွက် စွန့်ပစ်အမှိုက်များကို သတ်မှတ်ပေးထားသည့် နေရာတွင် စနစ်တကျ စွန့်ပစ်ဖို့လိုအပ်ကြောင်း၊ နောင်တစ်ချိန်တွင် ယင်းစွန့်ပစ်အမှိုက်များကို သဘာဝမြေဩဇာအဖြစ် ပြုပြင်ဖန်တီး၍ လယ်ယာမြေများတွင် အသုံးပြုပါက သီးနှံများတွင် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွင်လည်း ထိရောက်မှုရှိကြောင်းဖြင့် အသိပညာပေးဟောပြောဆွေးနွေးသည်။

ထို့နောက် ဦးစီးမှူးနှင့်အဖွဲ့သည် ဖွဲသင်းကျေးရွာ နှင့် ထိန်အင်းကျေးရွာတို့မှ တာဝန်ရှိသူများနှင့်အတူ စွန့်ပစ်အမှိုက်များထားရှိမည့် အမှိုက်ကျင်းနေရာကို ရွေးချယ်သတ်မှတ်ခဲ့ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# အကူအညီရငွေ၊ ချေးယူငွေတို့ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများကို မူလလျာထားသည့်အတိုင်း ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာကို တင်ပြခြင်း ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ဖတ်ကြားရှင်းလင်း**

**၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**ကို ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က ဖတ်ကြားရှင်းလင်းသည်။

အဆိုပါ အစီရင်ခံစာ၏ အကြံပြုတင်ပြချက်တွင် လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်းဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုပမာဏကိုသာ သိရှိရပြီး လုပ်ငန်းစီမံကိန်းများ၏ အခြေအနေကို ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ အမျိုးသားစီမံကိန်းဥပဒေသည် နိုင်ငံတော်၏ စီမံကိန်းရည်မှန်းချက်များကို ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေပြဋ္ဌာန်းဆောင်ရွက်စေခြင်းဖြစ်ရာ ယင်းဥပဒေပါ လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုပမာဏသာမက လုပ်ငန်းစီမံကိန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှု၊ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုပါ နှစ်စဉ်တင်သွင်းမည့် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)၌ "ပြည်ထောင်စုဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ"အစီရင်ခံစာကို ပူးတွဲဖော်ပြပေးရန်လိုအပ်ကြောင်း အကြံပြုထားသည်။

ထို့ပြင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများ၊ စက်ပစ္စည်းများနှင့် ရုံးသုံးစက်ပစ္စည်းများ၊ ပရိဘောဂများအတွက် အသုံးစရိတ်များ တောင်းခံရာတွင် လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ အတိုင်းအတာပမာဏနှင့် စံချိန်စံညွှန်းများကို မှန်ကန်တိကျပြည့်စုံစွာ ဖော်ပြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှ စတင်ပြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပျက်ကွက်သည့် ပုဂ္ဂိုလ်ဌာနအဖွဲ့အစည်းများကို နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း အကြံပြုထားသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မူနှင့်အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများအပေါ် ဆွေးနွေးလိုသူရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေဆိုင်ရာနှင့် ရငွေသုံးငွေဆိုင်ရာ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ**တို့မှ တာဝန်ရှိသူများက ဖတ်ကြားရှင်းလင်းကြသည်။



**"နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေကို လေ့လာဆန်းစစ်ပြီး နိုင်ငံတော်ကို အထောက်အကူပြုနိုင်မည့် စီးပွားရေးအရအောင်မြင်သော လုပ်ငန်းများဖြစ်စေရေးအတွက် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန် ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး စက်ရုံ၊ အလုပ်ရုံတစ်ခုချင်းအလိုက် လုပ်ငန်းအောင်မြင်မှုနှင့် အကျိုးအမြတ်ကို တာဝန်ယူမှု၊ တာဝန်ခံမှုစနစ်ကို ပီပီပြင်ပြင် ကျင့်သုံးဆောင်ရွက်"**

ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးဇော်မင်းက ဖတ်ကြားရှင်းလင်းသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်**

**ဥပဒေကြမ်းပူးပေါင်းကော်မတီ၏** အစီရင်ခံစာ "အရေးပေါ်ရန်ပုံငွေ" အပိုင်းတွင် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထောင်စုလွှတ်တော် အတည်ပြုချက်ဖြင့် ခွင့်ပြုသော အသုံးစရိတ်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေစာရင်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ ငွေကြေးဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာပါ စိစစ်ပြင်ဆင်မှုများအတိုင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုသင့်ပါကြောင်း ကော်မတီက သဘောထားမှတ်ချက်ပြုထားသည်။

**ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏** အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ဦးအောင်မင်းက ဖတ်ကြားရှင်းလင်းသည်။

**ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏** အစီရင်ခံစာတွင် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေကို လေ့လာဆန်းစစ်ပြီး နိုင်ငံတော်ကို အထောက်အကူပြုနိုင်မည့် စီးပွားရေးအရ အောင်မြင်သောလုပ်ငန်းများဖြစ်စေရေးအတွက် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန် ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး စက်ရုံ၊ အလုပ်ရုံတစ်ခုချင်းအလိုက် လုပ်ငန်းအောင်မြင်မှုနှင့် အကျိုးအမြတ်ကို တာဝန်ယူမှု၊ တာဝန်ခံမှုစနစ်ကို ပီပီပြင်ပြင် ကျင့်သုံးဆောင်ရွက်သွားသင့်ပါကြောင်း။

**အကူအညီရငွေ၊ ချေးယူငွေ**

ပြည်ပအကူအညီရငွေနှင့် ချေးယူငွေများနှင့် စပ်လျဉ်း၍ အကူအညီရငွေ၊ ချေးယူငွေတို့ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများကို မူလလျာထားဆောင်ရွက်သည့် အချိန်ဇယားအတိုင်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ကူညီထောက်ပံ့ငွေနှင့် ချေးငွေပေးအပ်သည့် အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များကို ကျွမ်းကျင်မှုရှိစေရေး လေ့လာဆောင်ရွက်သွားရန်၊ အမှန်တကယ်ရရှိရန် သေချာသည့် ငွေကြေးပမာဏကိုသာ လျာထားပြီး လျာထားသည့် လုပ်ငန်းပမာဏ ပြည့်မီအောင် ဆောင်ရွက်ခြင်းနှင့် လျာထားသည့် ငွေကြေးပမာဏအတိုင်း ပြည့်မီအောင် ရယူသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း သဘောထားမှတ်ချက် ပြုထားသည်။

ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများဖြစ်သည့် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ခံစားခွင့်ပြုခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များ ထောက်ပံ့ပေးခြင်းနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးအသိပညာပေး လုပ်ငန်းများတွင် ခေတ်မီ IT နည်းပညာကို အသုံးပြုဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များသည် နိုင်ငံတော်၏ အသုံးစရိတ်မှုဝါဒပါ ပြည်သူလူထုကို ချက်ချင်းလက်ငင်းအကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးကျခံသုံးစွဲခြင်းနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ မှန်ကန်ထိရောက်မှုနှင့် ရည်မှန်းထားသည့်အတိုင်း ပေါက်မြောက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ အထူးသဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အခြေအနေအရ ဦးစားပေးတိုးမြှင့်ဆောင်ရွက်သွားရန် သဘောထားမှတ်ချက် ပြုထားသည်။

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မူနှင့်အခြေခံသဘောအပါအဝင် ရငွေသုံးငွေများအပေါ် ဆွေးနွေးလိုပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက** ယခုချေးငွေမှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ချေးယူခြင်းဖြစ်သည်ဟု ဖော်ပြထားပါကြောင်း၊ ယခုစီမံကိန်းအဆင့် (၂)တွင် SME ချေးငွေများကို အမှန်တကယ်သုံးစွဲလိုသူများလက်သို့ ရောက်ရှိစေရန်အတွက် မည်သို့ စီမံဆောင်ရွက်သွားမည်ကို ပွင့်လင်းမြင်သာစွာ ချပြရန် လိုအပ်ပါကြောင်း၊ SME စီးပွားရေးလုပ်ငန်း ဈေးကွက်များ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ရာတွင် ကျေးလက်နေပြည်သူများ SME ချေးငွေကိုရရှိရန် ဝေးကွာနေဆဲ ဖြစ်ပါကြောင်း။

ချေးငွေပမာဏမှာ အများဆုံး သိန်း ၂၀၀ ဖြစ်သော်လည်း ၎င်းငွေပမာဏဖြင့် လုပ်သာကိုင်သာရှိပြီး ပေးရသည့် အတိုးနှုန်းမှာ ပြင်ပမှ အတိုးနှင့်နှိုင်းယှဉ်လျှင် အကျိုးအမြတ်ရှိစေနိုင်ပြီး အာမခံ အပေါင်ပစ္စည်းပေးပြီး ချေးယူသည့် SME လုပ်ငန်းရှင်များမှာလည်း အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်း ပေးဆောင်ရသည့်အတွက် လုပ်ငန်းများ လုပ်ဆောင်ရေးအတွက် အဆင်ပြေမှုများ ရှိလာနိုင်ပါကြောင်း။

လက်ရှိလုပ်ဆောင်နေသည့် SME လုပ်ငန်းများမှာ အောင်မြင်ရန် အလားအလာကောင်းသည့် လုပ်ငန်းများ ဖြစ်နေသော်လည်း လိုအပ်သောငွေကြေးအထောက်အပံ့များ မရှိသည့်အတွက် တိုးတက်မှုနှေးကွေးနေပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) အစီအစဉ်အရ နိုင်ငံခြားမှ သွင်းကုန်များ မြောက်မြားစွာ ဝင်လာသည့်အခါ ပြည်တွင်း SME လုပ်ငန်းများ တောင့်တင်းခိုင်မာမှုမရှိလျှင် ပြည်ပသွင်းကုန်များကို မယှဉ်ပြိုင်နိုင်သည့်အတွက် ပျက်စီးမှုများဖြစ်နိုင်ပြီး နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကိုများစွာ ထိခိုက်နိုင်သောကြောင့် စီမံကိန်းရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်သင့်ကြောင်း အကြံပြုဆွေးနွေးသည်။

**ငွေကြေးလိုအပ်ချက်**

**လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက** ယခုချေးငွေသည် နိုင်ငံ၏ အရေးပါသည့် SME လုပ်ငန်းများအတွက် အထောက်အကူများစွာ ရလာနိုင်မည်ဖြစ်ပြီး အလုပ်အကိုင် ဖန်တီးပေးနိုင်မှုအတွက်လည်း အများကြီးအထောက်အကူပြုလာနိုင်မည်ဖြစ်ပါကြောင်း၊ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်လာမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ချေးငွေထုတ်ချေးရာတွင် SME လုပ်ငန်းရှင်များအား ငွေထုတ်ချေးရသည့် မူလရည်ရွယ်ချက် မပျောက်စေရန် အရေးကြီးပါကြောင်း၊ ယခုချေးငွေသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အောင်မြင်တိုးတက်လိုသည့် SME လုပ်ငန်းရှင်များကို မြေတောင်မြှောက်ပေးရန်၊ အထောက်အကူပြုရန်မဟုတ်ဘဲ တရားမဝင်ငွေပိုင်ဆိုင်သူများအတွက် အခွန်ရှောင်လို၍ အသုံးချ ချေးယူခံရခြင်းမျိုး မဖြစ်စေရန်လည်း သတိထားဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း၊ ယခုချေးငွေသည် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုတို့အတွက် အဓိကထားပြီး ထုတ်ချေးခြင်းဖြစ်သည်ကို တွေ့ရပါကြောင်း၊ အတိုးနှုန်းအနေဖြင့် ၉ ရာခိုင်နှုန်းဖြစ်ပြီး ပုံမှန်အတိုးနှုန်း ၁၃ ရာခိုင်နှုန်းထက် နည်းနေသည့်အတွက် ငွေကြေးတန်ဖိုး အတက်အကျမမှန်ခြင်းနှင့် ငွေဖောင်းပွမှုအတွက်လည်း ထည့်သွင်းတွက်ချက်ရန် အကြံပြုလိုပါကြောင်း၊ ချေးငွေနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ယှဉ်တွဲပြီး ကုန်ကြမ်းတင်ပို့မှု လုပ်ငန်းများအတွက်ကိုပါ ထုတ်ချေးပေးနိုင်မည်ဆိုလျှင် ငွေကြေးလိုအပ်ချက်ရှိနေသည့် လုပ်ငန်းရှင်များအတွက်လည်း အထောက်အကူပြုလာနိုင်မည်ဟု ထင်မြင်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး (ဘောဂဗေဒ)၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၇)မှ ဒေါက်တာပြည့်ဖြိုးနှင့် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်တို့က ဆွေးနွေးကြသည်။

အဆိုပါ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို အစည်းအဝေး နဝမနေ့တွင် ဆက်လက်ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

**မျိုးမြင့်၊ မီမီဖြိုး(သတင်းစဉ်)**



# ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်အထက်လွှတ်တော်ကိုယ်စားလှယ် Rt. Hon. Lord Malcolm Bruce of Bennachie နှင့် ဗြိတိန်အောက်လွှတ်တော် ပညာရေးကော်မတီဥက္ကဋ္ဌဟောင်း Mr. Neil Carmichael တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# နိုင်ငံတကာဆက်ဆံရေးပညာရပ်ကို နိုင်ငံအနှံ့ပျံ့နှံ့အောင် ကြိုးပမ်းအားထုတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်းသည် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးပညာ ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၄)မှ ကျောင်းသား၊ ကျောင်းသူ ၃၀ ပါဝင်သည့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-5) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတကာဆက်ဆံရေးပညာနှင့် နိုင်ငံရေးသိပ္ပံပညာတို့၏ အရေးကြီးသော အချက်အလက်များ၊ နိုင်ငံတကာ ကျောင်းသားများအနေဖြင့် လေ့လာဆည်းပူးရာတွင် လိုအပ်သော ပံ့ပိုးမှုများရရှိနိုင်မည့်အရင်းအမြစ်များ၊ အိမ်နီးချင်း နိုင်ငံများနှင့် မျက်မှောက်ဆက်ဆံရေးများ၊ နိုင်ငံတကာ ဆက်ဆံရေးပညာရပ်ကို နိုင်ငံအနှံ့ပျံ့နှံ့အောင် ကြိုးပမ်းအားထုတ်ရန်၊ ပြည်သူပူးပေါင်းဆောင်ရွက်ရေး၊ မျက်မှောက်ရင်ဆိုင်နေရသော နိုင်ငံရေးကိစ္စများတွင် နိုင်ငံတကာဆက်ဆံရေး ပညာရှင်များက မည်သို့ပိုမိုဆောင်ရွက်သင့်သည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဒိန်းမတ်နိုင်ငံ ဘုရင်မကြီး၏ ကြင်ရာတော်မင်းသား **His Royal Highness Prince Henrik** သည် ဖေဖော်ဝါရီ ၁၃ ရက်တွင် **Fredensborg** နန်းတော်၌ နတ်ရွာစံသွားသည့်အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၃) ပြည်လမ်းရှိ ဒိန်းမတ်သံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး လက်မှတ်ရေးထိုးစဉ်။

သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမမြောက်နေ့သို့ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မုံရွာတက္ကသိုလ်ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဟသ်ာတကွန်ပျူတာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာန၊ ဘွဲ့လွန်နိုင်ငံတကာဆက်ဆံရေး ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၄)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပင်လုံတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ West-minster Foundation For Democracy မှ အဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၄၄၈ ဦး တက်ရောက်ခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၃၅၅၀၅ ဦးရှိကြောင်း လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ယာဉ်မောင်းသင်တန်းဆင်းလက်မှတ် တင်ပြခြင်းမပြုပါကလည်း ယာဉ်မောင်းလိုင်စင် ဖြေဆိုခွင့်ပြုသည့်စနစ် ပြောင်းလဲကျင့်သုံးမည်

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်မောင်းလိုင်စင် ဖြေဆိုသူဦးရေများပြားလာသဖြင့် ပြည်သူများ အချိန်ကုန်လူပင်ပန်းသက်သာစေရန်အတွက် ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့်နေ့ရက်အား ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ကို ၁.၁၀.၂၀၁၇ မှ စတင်ပြောင်းလဲကျင့်သုံးလျက်ရှိသည်။

၂။ ထိုသို့ 'ခ' ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်လျှောက်ထားရာတွင် ယာဉ်မောင်းသင်တန်းဆင်း လက်မှတ်တင်ပြမှသာ လက်ခံခွင့်ပြုလျက်ရှိရာမှ ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် သင်တန်းဆင်းလက်မှတ်မလိုအပ်ဘဲ ဖြေဆိုခွင့်ပြုခြင်းကို ၂၆.၂.၂၀၁၈ ရက်မှစတင်၍ ဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

၃။ သင်တန်းဆင်းလက်မှတ်မရှိသူများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် ဖွင့်လှစ်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး သင်တန်း တစ်ရက် တက်ရောက်ပြီးပါက 'ခ'ယာဉ်မောင်းလိုင်စင် ဖြေဆိုခွင့်ပြုသွားမည်ဖြစ်ပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းကို တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ရုံးဖွင့်ရက်တစ်ရက်လျှင် သင်တန်းသား ၄၀၀ ဦး အထိ အောက်ပါအတိုင်း လက်ခံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်-

(က) နံနက်ပိုင်းသင်တန်း (၀၈:၃၀ မှ ၁၂:၃၀ ထိ) - ၂၀၀ ဦး
(ခ) ညနေပိုင်းသင်တန်း (၁၂:၃၀ မှ ၁၆:၃၀ ထိ) - ၂၀၀ ဦး

၄။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းတက်ရောက်ရန်အတွက် တက်ရောက်လိုသည့်နေ့ရက်ကို Online စနစ်ဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းခြင်းအား **www.rtad.gov.mm** website တွင် ၁၈.၂.၂၀၁၈ ရက်မှ စတင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဆိုပါသင်တန်းကို ၂၁.၂.၂၀၁၈ ရက်မှစတင်၍ ဖွင့်လှစ်ပေးသွားပါမည်။

၅။ မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်းသင်တန်းကျောင်းတစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ်တင်ပြနိုင်သူများအတွက် အထက်အပိုဒ် (၃)၊ (၄)ပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းသို့ တက်ရောက်ရန်မလိုအပ်ဘဲ ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့်ရက်အား **www.rtad.gov.mm** website တွင် ယခင်အတိုင်း တိုက်ရိုက်လျှောက်ထားဖြေဆိုနိုင်သည်။

၆။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများမှ ထုတ်ပေးသော 'သ'၊ 'က-၁'နှင့် 'က' ယာဉ်မောင်းလိုင်စင်မဟုတ်ဘဲ အခြားတိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ရုံးများမှ ထုတ်ပေးသည့် 'သ'၊ 'က-၁' နှင့် 'က'ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် နယ်ဝင်ဆောင်ရွက်ပြီးမှသာ သင်တန်းတက်ရောက်ရန် Online Booking လျှောက်ထားနိုင်မည်။

၇။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်း တစ်ရက်တက်ရောက်ပြီးနောက်တစ်နေ့မှစ၍ ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့်နေ့ရက်အား ကြိုတင်စာရင်းသွင်းခြင်း (Online Booking) အား ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်း တက်ရောက်ရန် Online Booking ကို အနည်းဆုံးသုံးရက်မှ အများဆုံး ၃၀ ရက်အထိ ကြိုတင်ရယူနိုင်ပြီး Online အသုံးပြုရန် အသေးစိတ်အချက်အလက်များအား **www.motc.gov.mm**၊ **www.myanmarrtad.com**၊ **www.rtad.gov.mm** Website များနှင့် **Ministry of Transport and Communications, Myanmar** Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်-

- ရုံးချုပ် (နေပြည်တော်) -၀၆၇-၃၄၀၅၁၈၁၊ ၀၆၇-၃၄၀၅၃၅၉၊ ၀၆၇-၃၄၀၅၀၉၉
- တိုင်းဒေသကြီး (ရန်ကုန်) - ၀၁-၅၇၀၉၆၇

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အဓိကကတော့ မိမိကိုယ်ကိုယ်ကာကွယ်ပါ၊ ငလျင်လေ့ကျင့်ခန်းတွေကိုလည်း လေ့ကျင့်ထားပါလို့ ပြောချင်တယ်

ဒေါ်လှလှအောင်
(မြန်မာနိုင်ငံငလျင်ကော်မတီနာယက၊ သုတေသနပညာရှင်)

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်လည်း ရာသီဥတုပြောင်းလဲမှုများကြောင့် သဘာဝဘေးအန္တရာယ်များကို တွေ့ကြုံခံစားနေရသည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များနှင့် တွေ့ကြုံလာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်တတ်ရန်နှင့် စနစ်တကျ စီမံခန့်ခွဲနိုင်စေရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် သဘာဝဘေးလျော့ပါးရေး အသိပညာပေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ ယနေ့တွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ငလျင်ဘေးအန္တရာယ်၊ မီးဘေးအန္တရာယ် ဟောပြောသရုပ်ပြပွဲကို ကျင်းပရာ (UMFCCI) ညီနောင်အသင်းအဖွဲ့များ၊ လမ်းမတော်မြို့နယ်မှ ဟိုတယ်များ၊ ကုမ္ပဏီများမှ စိတ်ပါဝင်စားသူ ၁၅၀ ခန့်တက်ရောက်ခဲ့သည်။ အဆိုပါဟောပြောပွဲတွင် ပါဝင်ဟောပြောခဲ့သူများကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးဝင်းရွှေ (ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)**

၂၀၁၇ ဒီဇင်ဘာ ၂၆ ရက်ကစပြီး နေ့စဉ်ဆိုသလို မြေငလျင်လှုပ်ခတ်မှုတွေ ရှိခဲ့တယ်။ ဇန်နဝါရီ ၁၂ ရက်နေ့က ဖြူးမှာ လှုပ်ခတ်ခဲ့ပြီးနောက်ပိုင်း နေ့စဉ်နီးပါး ငလျင်လှုပ်ခတ်မှုတွေ ရှိနေခဲ့တယ်။ နေရာဒေသအနေနဲ့ကြည့်ရင် စစ်ကိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ အက်ဒမန်ကျွန်း၊ သံတွဲတို့မှာ လှုပ်ခတ်မှုတွေ ရှိခဲ့တယ်။ ဒီလိုနေရာဒေသတော်တော်များများမှာ လှုပ်ခတ်နေတဲ့အတွက် ငလျင်ကြီးမလှုပ်ခင် ငလျင်ငယ်တွေအနေနဲ့ ဖြစ်နိုင်သလား။ ဖြူးငလျင်ရဲ့နောက်ဆက်တွဲငလျင်အနေနဲ့ ဖြစ်နိုင်သလားဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ ဒီလိုမပြောနိုင်တဲ့အတွက် ပြည်သူတွေကိုငလျင်နဲ့ပတ်သက်တဲ့ အသိပညာရရှိဖို့ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံမြေငလျင်ကော်မတီနှင့် UN – Habitat တို့ ပူးပေါင်းပြီး အသိပညာပေးဟောပြောပွဲတွေ ပြုလုပ်နေတာဖြစ်ပါတယ်။ အရင်ကတော့ ပြည်သူတွေ ပူးပေါင်းပါဝင်မှုအားနည်းခဲ့တယ်။ အခုနောက်ပိုင်းမှာ ပြည်သူတွေ ပူးပေါင်းပါဝင်မှု ရှိလာပါတယ်။ ကျွန်တော်တို့အနေနဲ့ ငလျင်နဲ့ပတ်သက်ပြီး အသိပညာပေးမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပါတယ်။ ကျောင်းတွေမှာလည်း ကလေးသူငယ်တွေကို ငလျင်ဘေးအပြင် အခြားသောဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့တဲ့အခါ ဗဟုသုတတွေရှိဖို့ ကျောင်းသား၊ ကျောင်းသူတွေ ပါဝင်တဲ့ မြေငလျင်ဇာတ်တိုက်လေ့ကျင့်မှုတွေကိုလည်း ဆောင်ရွက်နေပါတယ်။ ဒီလိုအသိပညာ ပေးဟောပြောမှုတွေကြောင့် ငလျင်လှုပ်တယ်ဆိုရင် မိမိကိုယ်ကိုယ် အကာအကွယ်ယူတာမျိုး၊ မိသားစုအနေနဲ့ လုံခြုံတဲ့နေရာသတ်မှတ်ထားတာမျိုး၊ မိမိအိမ်မှာရှိတဲ့ ပြိုကျနိုင်တဲ့ပစ္စည်းတွေကို စနစ်တကျချိတ်တွဲတာမျိုး၊ စတဲ့ အသိလေးတွေ ရှိလာမယ်။ ငလျင်လှုပ်တဲ့အချိန်မှာ လျှပ်စစ်မိန်းချတာမျိုး၊ လျှပ်စစ်သုံးလို့ မရတာ၊ ဓာတ်လှေကားသုံးလို့ မရတာတွေ မိသားစုဇာတ်တိုက်ထားတာမျိုးတွေ ဆုံရပ်သတ်မှတ်တာတွေနဲ့ အရေးပေါ် အိတ်ပြင်ဆင်တာတွေကို သိရှိခြင်းအားဖြင့် ဆုံးရှုံးမှုကိုလျှော့ချပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေ အသိပညာရရှိဖို့ ကျွန်တော်တို့ ဆက်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဟောပြောပွဲတွေအပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ မိုဘိုင်းဖုန်းများမှာ အလွယ်တကူကြည့်ရှုနိုင်တဲ့ မိုဘိုင်းအက်ပလီကေးရှင်း၊ Disaster Alert Notification (DAN) ကို ပြုလုပ်ထားပါတယ်။ အဲဒီကနေ မြန်မာနိုင်ငံအတွင်းမှာ ဖြစ်ပေါ်နေတဲ့ သဘာဝဘေးများ( မီးဘေး၊ ရေဘေး၊ မိုးကြိုးဘေး၊ ငလျင်ဘေး ) အစရှိသဖြင့် ဘေးများ၏ မဖြစ်မီ၊ ဖြစ်နေဆဲ၊ ဖြစ်ပြီးနောက် ဆောင်ရွက်ရမည့်အချက်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေများကိုလည်း အလွယ်တကူ ကြည့်ရှုနိုင်ပါတယ်။ နိုင်ငံတွင်းမှာ ဘယ်လိုသဘာဝဘေးတွေ ဖြစ်ပွားနေပြီး ဘယ်လိုထောက်ပံ့နေတယ်ဆိုတာ မိုးလေဝသနဲ့ ဆိုင်တဲ့ သတင်းအချက်အလက်များကိုလည်းအချိန်နဲ့တစ်ပြေးညီ ကြည့်ရှုနိုင်ပါတယ်။ မိုဘိုင်းဖုန်းများမှ အသိပညာပေးမှုအပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပါအဝင် အခြားသောရုပ်မြင်သံကြားလိုင်းများ၊ FM ရေဒီယိုတို့မှလည်း အချိန်အခါအလိုက် ကျရောက်နိုင်သည့် သဘာဝဘေးများကို မီဒီယာကိုအသုံးပြုပြီး နည်းလမ်းမျိုးစုံနဲ့ ပြည်သူတွေကို အသိပညာပေးမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတွေအနေနဲ့လည်း သဘာဝဘေးနဲ့ပတ်သက်ပြီး စိတ်ဝင်စားစွာပူးပေါင်းပါဝင်ကြဖို့ ဖိတ်ခေါ်လိုပါတယ်။




ဦးဝင်းရွှေ



ဒေါ်လှလှအောင်




ဒေါ်သိမ့်ရည်စိုး

**ဒေါ်လှလှအောင် (မြန်မာနိုင်ငံငလျင်ကော်မတီနာယက၊ သုတေသနပညာရှင်)**

ငလျင်ကတော့ လှုပ်နေတယ်။ လူတွေသိနိုင်လောက်တဲ့ အနေအထားအင်အားသိပ်မကြီးဘူး။ အဲလိုလေးတွေတော့ လှုပ်နေတာပါပဲ။ သိပ်ပြီးအင်အားမကြီးတဲ့အတွက် လူတွေ သိပ်မသိဘူး။ အဲဒါ ပထမအချက်ပါ။ ဒုတိယအချက်ကတော့ နိုင်ငံခြားမီဒီယာတွေမှာ ပြနေတဲ့အတွက် သူတို့ဆီမှာငလျင်လှုပ်ခတ်တာတွေကိုလူတွေသိစေတယ်။ ငလျင်အကြီး လှုပ်တာတွေလည်း မြင်တော့ လူတွေကြောက်လာကြတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ အခုထိတော့ အကြီးတွေ မလှုပ်သေးဘူး။ ၆ ဒသမ ၈၊ ၆ ဒသမ ၀ လောက်အထိတော့ လှုပ်တယ်။ သူတို့ဆီမှာ လှုပ်တာတော့ ၇ ဒသမ ၀ ကျော်တယ်၊ အပျက်အစီး၊ လူသေတာများတယ်။ မြန်မာနိုင်ငံမှာတော့ အပျက်အစီးတွေ နည်းတယ်။ မြန်မာနိုင်ငံရဲ့ အနေအထားကလည်း အပျက်အစီးများမယ့် အနေအထား မရှိသေးဘူး၊ သေကျေတဲ့ နှုန်းကလည်းနည်းတယ်။ အဲလိုဆိုတော့ လူတွေကသိပ်ပြီး အထိတ်တလန့်မဖြစ်သွားကြဘူး။ ဥပမာ ဆိုကြပါစို့ နာဂစ်ဖြစ်လိုက်တဲ့အခါ လူတွေ လန့်သွားကြတယ်။ ငလျင်နဲ့ပတ်သက်လို့ အများကြီးသေကျေတယ်ဆိုတာမရှိတော့ လှုပ်တဲ့အချိန်မှာနည်းနည်းတော့ ကြောက်တယ်။ ဒါပေမယ့် သိပ်ပြီး ကြောက်သွားတာမရှိဘူး။ ငလျင်ကစစ်ကိုင်းပြတ်ရွှေ့မှာ နေ့တိုင်းလိုလို လှုပ်နေတယ်၊ ငလျင်ကတော့ နေရာတိုင်းမှာ လှုပ်နေတယ်။ ခုမှ ပိုလှုပ်လာတာမဟုတ်ဘူး၊ ခုကလူတွေက (Awareness) ပိုသိလာလို့ ပိုလှုပ်တယ်လို့ ထင်လာတာ။ ဘယ်လိုလုပ်ရမလဲဆိုရင် ကြိုတင်ပြင်ဆင်တာ အကောင်းဆုံးပါပဲ။ ဘယ်နေ့ ၊ ဘယ်အချိန်မှာဘယ်လောက် ပမာဏနဲ့ ငလျင်လှုပ်မယ်ဆိုတာမသိတဲ့ အနေအထားမှာ ကြိုတင်ပြင်ဆင်ပြီး ခိုင်ခံ့အောင်လုပ်ရထားမယ်။ အဓိကကငလျင်လှုပ်တယ်ဆိုရင် ငလျင်ခါလိုက်လို့ သေတာမဟုတ်ဘူး။ ငလျင်လှုပ်လိုက်လို့ ခါလို့၊ အဆောက်အအုံကမခိုင်လို့ ပြိုကျလို့ သေတာပါ။ အဲတော့ ကိုယ်နေတဲ့ အဆောက်အအုံ၊ တိုက်တာကိုခိုင်ခံ့အောင် ဆောက်ထားမယ်ဆိုရင် ပြိုမကျတဲ့အတွက် ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်က သေကျေဆုံးရှုံးမှု နည်းတာဖြစ်ပါတယ်။ ဒါဆိုရင် အိမ်ကြီးကို ပြန်ဆောက်ရမှာလားဆိုပြီးမေးစရာရှိပါတယ်။ ပြန်ဆောက်စရာမလိုဘူး။ ခိုင်ခံ့အောင်လုပ်တဲ့ အင်ဂျင်နီယာနည်းပညာတွေရှိတယ်၊ သစ်သားအိမ်ဖြစ်စေ၊ တိုက်ပဲဖြစ်စေခိုင်ခံ့အောင်လုပ်လို့ရတယ်။ အထပ်မြင့်တိုက်တွေကို နည်းပညာအသစ်ဖြစ်တဲ့ (Seismic Rubber Bearing ) အထပ်မြင့်တိုက်ရဲ့ဖောင်ဒေးရှင်းနဲ့ အပေါ်ပိုင်းတွေ ကြားထဲမှာခံလိုက်ရင် မြေအောက်ကလာတဲ့ ငလျင်လှိုင်းတုန်ခါတာကို အဲဒီကပဲဆွဲစုပ်ပြီး ယူသွားလိုက်တဲ့အတွက် အထပ်မြင့်မှာ ခါတာတက်မလာတော့ဘူး။ အဲဒီတော့ အပေါ်ထပ်မှာနေတဲ့သူတွေလည်း ထိခိုက်နစ်နာမှု နည်းသွားတယ်။ လုပ်မယ်ဆိုရင် အင်ဂျင်နီယာတွေ၊ ငလျင်ကော်မတီတွေနဲ့ တိုင်ပင်ဆောင်ရွက်လို့ ရပါတယ်။ နောက်တစ်ခုက တစ်ကိုယ်ရေကြိုတင်ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ကိုယ်နေတဲ့ အိမ်ကို ပြန်ပြီးပြင်ဆင်၊ ဆေးဝါးတွေ ၊ အရေးကြီးစာရွက်စာတမ်းတွေကို စုစည်းထားဖို့လိုတယ်၊ တယ်လီဖုန်းနံပါတ်တွေ မှတ်ထားရမယ်။ ဒါကတော့ အခြားနိုင်ငံတွေမှာလုပ်လေ့ လုပ်ထရှိတဲ့အချက်တွေကို ပြောပြတာပါ။ အဓိကအရေးကြီးဆုံးကတော့ ငလျင်လှုပ်ပြီဆိုရင် မိမိကိုယ်ကိုယ်ကာကွယ်ပါ။ အခုအချက်ကလေးက အရေးအကြီးဆုံးပါပဲ၊အဲလိုကာကွယ်လိုက်ရင် ဘေးကင်းသွားမယ်၊ အတတ်နိုင်ဆုံး မိမိကိုယ်ကိုယ်ကာကွယ်ဖို့ လိုတယ်။ ငလျင်လေ့ကျင့်ခန်းကိုတစ်ပတ်ကို တစ်ခါလောက်အမြဲလေ့ကျင့်ထားမယ်ဆိုရင် ဖြစ်တဲ့အချိန်မှာ ချက်ချင်းလုပ်နိုင်သွားမယ်။ ဖြစ်လာရင် ဆောင့်ကြောင့် ထိုင်ချလိုက်ပါ။ လက်နှစ်ဖက်ကို ယှက်ပြီး ခေါင်းပေါ်တင်ပြီး ခေါင်းကိုငုံ့ထားပါ။ အနီးအနားမှာ ကိုယ့်ကိုကာကွယ်ပေးနိုင်တဲ့ စားပွဲ၊ ခုတင်၊ ကုလားထိုင် လိုပစ္စည်းတွေကို ကြိုတင်ရှာထားပြီး ချက်ချင်းပြေးဝင်ရမယ်၊ ဝပ်နေရမယ်။ ငလျင်လှုပ်တာရပ်သွားပြီဆိုမှ ကွင်းပြင်ရှိတဲ့ နေရာကိုသွားရမယ်။ အဲဒါကိုအလျင်အမြန်လုပ်ဖို့လိုတယ်။ လေ့ကျင့်ထားမှလည်း အလျင်အမြန်လုပ်နိုင်မယ်။ ငလျင်က ကြိုတင်ခန့်မှန်းလို့မရဘူး။ လာခဲ့ရင်လည်းကိုယ့်အတွက် အဆင်သင့်ဖြစ်တယ်။ အဓိကကတော့ မိမိကိုယ်ကိုယ်ကာကွယ်ပါ။ ငလျင်လေ့ကျင့်ခန်းတွေကိုလည်း လေ့ကျင့်ထားပါလို့ ပြောချင်တယ်။

**ဒေါ်သိမ့်ရည်စိုး (UN- Habitat Knowledge Management Officer)**

UN- Habitatအနေနဲ့ ငလျင်နဲ့ပတ်သက်ပြီး ပြည်သူတွေကို အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ အခုနှစ်တွေမှာ ငလျင်လှုပ်ခတ်မှုကစိပ်လာခဲ့တယ်။ ၂၀၁၈ ခုနှစ်အတွင်း UN- Habitat အနေနဲ့အသိပညာပေးလုပ်ငန်းတွေ ပိုမိုကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားမယ့် အစီအစဉ်တွေရှိပါတယ်။ ဒီနေ့မှာတော့ ငလျင်နဲ့ပတ်သက်ပြီးဆောင်ရန်၊ ရှောင်ရန်များ၊ ငလျင်လှုပ်ခတ်တဲ့အခါ မိသားစု ကြိုတင်ပြင်ဆင်မှုအစီအစဉ်၊ အိမ်တွင်းကြိုတင်ပြင်ဆင်မှုများ၊ ငလျင်လှုပ်ခတ်တဲ့အခါ ပရိဘောဂတွေ ပြုတ်ကျခဲ့ရင် ဘယ်လိုတွေ ပြင်ဆင်ထားရမယ်ဆိုတဲ့ အပိုင်းတွေကိုဟောပြောမှာပါ။ ငလျင်လှုပ်ခတ်ရင် ငလျင်ကြောင့် လူတွေသေဆုံးရတာမဟုတ်ဘဲ ပရိဘောဂတွေ၊ အဆောက်အအုံတွေ ပိလို့ သေဆုံးရတာဖြစ်ပါတယ်။ ဒါတွေကို ကြိုတင်ပြင်ဆင်ဖို့လိုတဲ့အတွက် အဓိကထားအသိပညာပေးမှာဖြစ်ပါတယ်။ **သတင်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ-လှမိုး**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၉-၂-၂၀၁၈ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၅-၁-၂၀၁၈ ရက်နေ့မှ ၂-၂-၂၀၁၈ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ရှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာ တစ်ဦး၊ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေရှစ်ဦး ပေါင်း ၁၂ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူတစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ စိစစ်ဆဲ မဂ္ဂဇင်းအသစ်လျှောက်ထားသူတစ်ဦးအား ပြန်လည်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၉၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၃၀၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၉၇ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်း ၃၈၉၈ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

**၁၀-၁၀-၂၀၁၄ ရက်နေ့မှ ၉-၂-၂၀၁၈ ရက်နေ့ထိ ပုံနှိပ်/ထုတ်ဝေခွင့်ပြုမှု**

**ခွင့်ပြုပြီး ပုံနှိပ်/ထုတ်ဝေစာရင်း**

| လုပ်ငန်းအမျိုးအစား | (၂-၂-၂၀၁၈) ရက်နေ့ EC (၃/၂၀၁၈) အတည်ပြုပြီးစာရင်း | (၉-၂-၂၀၁၈) ရက်နေ့ EC (၄/၂၀၁၈) တင်ပြစာရင်း | | ယနေ့အထိ အဆင့်ဆင့် စုစုပေါင်း |
|---|---|---|---|---|
| | | ခွင့်ပြု | စိစစ်ဆဲ | |
| ပုံနှိပ်လုပ်ငန်း | ၁၄၈၄ဦး | ၈ ဦး | - | ၁၄၉၂ ဦး |
| ထုတ်ဝေလုပ်ငန်း | ၂၂၉၆ဦး | ၁၃ ဦး | - | ၂၃၀၉ ဦး |
| သတင်းအေဂျင်စီလုပ်ငန်း | ၉၆ဦး | ၁ ဦး | - | ၉၇ ဦး |
| စုစုပေါင်း | ၃၈၇၆ဦး | ၂၂ ဦး | - | ၃၈၉၈ ဦး |

## လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲတွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်စေရန်အတွက်ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပညာရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပြည်သူ့စကားဝိုင်းကို ယနေ့ မွန်းလွဲ ၁ နာရီက အထက(၁) လသာဗဟို စံပြခန်းမဆောင်၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ဝင်စားသူများ တက်ရောက်ကြသည်။

စာပေစကားဝိုင်းတွင် လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်၊ စာရေးဆရာ ဦးဟိန်းလတ်(ဟိန်းလတ်)၊ စာရေးဆရာ မြေလတ်(ထင်ကျော်မိုး)၊ စာရေးဆရာမ ဝါဝါထင်လင်းတို့က စာပေကဏ္ဍများတွင် မိမိတို့၏ဘဝတွင် ကြုံတွေ့ ဖြတ်သန်းရသော အတွေ့အကြုံတို့ကို ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ ကြွယ်ဝစေရန် ဆွေးနွေးဟောပြောကြရာ တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများက သိရှိလိုသည်များအား မေးမြန်းကြမှုအပေါ်ပြန်လည်ဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်က လူငယ်နှင့် နိုင်ငံရေးခေါင်းစဉ်အောက်က နိုင်ငံတကာများတွင် လူငယ်များ၏ အပြုအမူများကို သိရှိစေရန် ဆွေးနွေးခဲ့ပြီး စာရေးဆရာဦးဟိန်းလတ်(ဟိန်းလတ်)က လူငယ်နှင့် ဗလငါးတန်၊ စာရေးဆရာမြေလတ်(ထင်ကျော်မိုး)က လူငယ်များနှင့် ခေတ်ကာလတိုးတက်ပြောင်းလဲမှုများအပေါ် ရှောင်ရန် ဆောင်ရန်နည်းလမ်းများ၊ စာရေးဆရာမ ဝါဝါထင်လင်းက လူငယ်နှင့် စည်းကမ်းခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**ဗထူး**

# ရခိုင်ပြည်နယ်သတင်း

## ထိုင်းနိုင်ငံ ကြက်ခြေနီအသင်းမှ ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသို့ မိသားစုသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်

စစ်တွေ ဖေဖော်ဝါရီ ၁၆

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ထိုင်းနိုင်ငံ ကြက်ခြေနီအသင်းမှ ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသို့ မိသားစုသုံးပစ္စည်းများ လှူဒါန်းလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနအသစ် ဖွင့်လှစ်ဆောင်ရွက်နေမှုများနှင့် ယခုလှူဒါန်းသော ပစ္စည်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးပြုမည်ဖြစ်ကြောင်း ပြောကြားသည်။ ပြည်နယ်ဝန်ကြီးချုပ်ကလည်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အချိန်ပြည့်အမှုဆောင် ဒေါက်တာဒေါ်အမရာမော်နိုင်က လှူဒါန်းရခြင်းအကြောင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ထိုင်းနိုင်ငံကြက်ခြေနီအသင်းမှ လက်ထောက်အထွေထွေအတွင်းရေးမှူး Mr. Tej Bunnag က ယခုလိုလှူဒါန်းရခြင်းအကြောင်းနှင့် ဘူးသီးတောင်နှင့် မောင်တောမြို့ဆေးရုံများတွင်ထားရှိမည့် အမေရိကန်ဒေါ်လာ တစ်သိန်းခန့် တန်ဖိုးရှိ သွေးသန့်သိုလှောင်ခန်း နှစ်ခုကို ဆက်လက်လှူဒါန်းမည့်ကိစ္စရပ်များ ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါလှူဒါန်းပစ္စည်းများကို ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ၎င်းလှူဒါန်းပစ္စည်းများအား ရခိုင်ပြည်နယ်အတွင်းရှိ ဘေးဒုက္ခခံစားနေရသူအားလုံးအတွက် စနစ်တကျ ထိရောက်စွာ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ အဆိုပါ လှူဒါန်းပစ္စည်းများ၏ တန်ဖိုးငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ တစ်သိန်းခန့် ရှိကြောင်း သိရသည်။

ထို့အတူ ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန သိုလှောင်ရုံသို့ သွားရောက်၍ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘေးအန္တရာယ်ဒဏ်ခံပြည်သူများအပေါ် ပြန်လည်ထူထောင်ပေးရာတွင် ဝန်ကြီးဌာန၏ မူဝါဒနှင့်အညီလူ့ဂုဏ်သိက္ခာနှင့်ပြည့်စုံသော လူမှုအသိုက်အဝန်းဖြစ်ပေါ်လာစေရန် ဦးတည်၍ ဆောင်ရွက်ရန်၊ ထောက်ပံ့ရေး




ပစ္စည်းများ စနစ်တကျသိုလှောင်ထားရှိရေးနှင့် လုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ထောက်ပံ့ပေးနိုင်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရခိုင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံးရှိ ကလေးပြုစုရေးဌာနသို့ သွားရောက်၍ လိုအပ်ချက်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကျောင်းဝင်းအတွင်းရှိ အဆောက်အအုံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမတွင် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်ကိုယ်စားလှယ်များနှင့် အစ္စလာမ်ဘာသာဝင်များ၏ ကိုယ်စားလှယ်များ နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာသော ကိုယ်စားလှယ်များနှင့် NV Card ပြုလုပ်ကိုင်ဆောင် ရေးကိစ္စရပ်များ၊ ယုံကြည်မှုတည်ဆောက်ရေး ကိစ္စရပ်များ၊ စစ်တွေမြို့ပေါ်တွင် သွားလာလှုပ်ရှားမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လူနာတင်ယာဉ်လှူဒါန်း

**စစ်တွေ ဖေဖော်ဝါရီ ၁၆**

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လူနာတင်ယာဉ်တစ်စီးလှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၁၄ ရက်က ရခိုင်ပြည်နယ် အစိုးရရုံးရှေ့၌ ကျင်းပသည်။

အဆိုပါ လူနာတင်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားကူးသန်းရေးနှင့် ဒုတိယသံမှူး မစ္စတာ ဟက်ဆန် ခက်လိဒ်ဖိုဟိဆဲလ်က လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံရယူသည်။ **(အပေါ်ပုံ)** ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ ယခုလှူဒါန်းသည့် လူနာတင်ယာဉ်မှာ တတိယယာဉ်ဖြစ်ပြီး ယခင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်ကလည်း လူနာတင်ယာဉ် နှစ်စီးအား နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းလှူဒါန်းခဲ့ပြီးဖြစ်သည်။

လူနာတင်ယာဉ်လှူဒါန်းခြင်းသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားကူးသန်းရေးနှင့် ဒုတိယသံမှူး၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ရုံး(စစ်တွေ) ကောင်စစ်ဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မောင်တောမြို့နယ်၌ တိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**



မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ရွှေတောင် (တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ခြံပြင် (တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်တို့ကို ကာကွယ်ကုသ ဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခုပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၄၃၂ ကောင်နှင့် ဆိတ် ၇၉၉ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့ ရဲမှူးကိုကိုဦး၏ ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင်၊ မိသားစုဝင်များ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ရဲရိပ်သာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပခဲ့ရာ ရဲအုပ်သန်းစိုးအောင် အမှတ် (၂၄) ယာဉ်ထိန်း ရဲတပ်ဖွဲ့စု (သံတွဲ)က အသိပညာပေး ဟောပြောစဉ်။

**ခရိုင် (ပြန်/ဆက်)**





## မရမ်းကုန်းမြို့နယ်၌ အဲကွန်း အပူလွန်ကဲရာမှ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် ၁ ရပ်ကွက် အောင်မေတ္တာလမ်းရှိ နေအိမ်တိုက်ခန်းတစ်ခု၌ ယနေ့ ညနေ ၆ နာရီ ၁၀ မိနစ်က အဲကွန်း အပူလွန်ကဲရာမှ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ဝဲပုံ)**

"မီးတောက်တွေက အပြင်ကို မထွက်ဘူး၊ မီးခိုးတွေ အပြင်ကိုထွက်လာတော့မှ ပတ်ဝန်းကျင်က သိကြတာ၊ မီးလောင်တဲ့အချိန်မှာ အိမ်ရှင်တွေမရှိဘူး၊ လူမရှိဘဲ အဲကွန်းဖွင့်ခဲ့တာလို့ကြားတယ်၊ တိုက်တွေကလည်း တစ်ခန်းနဲ့တစ်ခန်း ကပ်နေတာ၊ မီးသတ်တပ်ဖွဲ့တွေက အချိန်မီငြှိမ်းသတ်နိုင်လို့ တော်သေးတယ်" ဟု အဆိုပါဖြစ်ပွားမှုအနီးရှိ ဒေသခံတစ်ဦးက ပြောသည်။ ဖြစ်စဉ်မှာ အဆိုပါလမ်းရှိ အမှတ် ၅၆ ကန်ထရိုက်တိုက်လေးလွှာ (ခေါင်းရင်းခန်း)နေ အိမ်ရှင်ဖြစ်သူ အပြင်ထွက်သွားစဉ် နေအိမ်၌ အဲကွန်းဖွင့်ထားခဲ့သဖြင့် အဲကွန်း အပူလွန်ကဲပြီး ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်ရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ်ရှစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့် အကြာတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း နေအိမ်တိုက်ခန်းအတွင်းရှိ ပစ္စည်းများမီးလောင်ခဲ့သဖြင့် အိမ်ရှင်ဖြစ်သူကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-မြင့်ဝေ(မရမ်းကုန်း)**

# ရန်ကုန်မြို့တွင် တရုတ်နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

၂၀၁၈ ခုနှစ်အတွက် တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ဖွင့်ပွဲမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးသည်။



၂၀၁၈ ခုနှစ် တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်အား စည်စည်ကားကားကျင်းပနေသည်ကို တွေ့ရစဉ်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအိုက်ထွေး၊ တရုတ်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးမြင့်ရွှေ၊ မြန်မာနိုင်ငံ ကွမ်တုန်းစက်မှုလုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးချစ်စိန်၊ မြန်မာနိုင်ငံ တရုတ်ကုသိုလ်ဖြစ်အသင်းဥက္ကဋ္ဌ ဦးတင်ရွှေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က နှစ်သစ်ကူး ဆုတောင်းစကားများ ပြောကြားကြသည်။

ယင်းနောက် တရုတ်နတ်မင်းကြီးသုံးပါးက ဆုတောင်းမေတ္တာပို့သခြင်း၊ နဂါးအဖွဲ့နှင့် ခြင်္သေ့အကအဖွဲ့တို့က ဂါရဝပြုကပြခြင်းတို့ကို အစီအစဉ်အတိုင်းပြုလုပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တရုတ်နှစ်သစ်ကူးပွဲတော်ကို ဖဲကြိုးဖြတ်၍ လည်းကောင်း၊ မုခ်ဦးအား စက်ခလုတ်နှိပ်၍ လည်းကောင်း၊ မင်္ဂလာမောင်းတီး၍ လည်းကောင်း ဖွင့်လှစ်ပေးပြီး ပြခန်း၊ ဈေးဆိုင်တန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြန်လည်ထွက်ခွာသွားသည်။

"ဒီနှစ်ကတော့ တရုတ်ရိုးရာ ခွေးနှစ်ဖြစ်ပါတယ်၊ ပြီးခဲ့တဲ့နှစ်က ကြက်နှစ်ပါ၊ ဒီနေ့ဟာ တရုတ်နှစ်ကူးရဲ့ နှစ်ဆန်း ၁ ရက်နေ့ဖြစ်ပါတယ်၊ တရုတ်နှစ်ကူးပွဲတော်ကို မြန်မာပြည်ဖွား တရုတ်လူမျိုးတွေဖြစ်တဲ့ တရုတ်ကုန်သည်ကြီးများအသင်း၊ ကွမ်တုန်းစက်မှုလုပ်ငန်းရှင်များအသင်း၊ ဖူးကျင့်အမျိုးသားအသင်းနဲ့ ယူနန်လူမှုကူညီရေးအသင်းတို့က ဦးဆောင်ကျင်းပတာ ဖြစ်ပါတယ်၊ ခွေးဆိုတဲ့သဘောကတော့ သစ္စာရှိတယ်၊ ရိုးသားတယ်၊ ကြိုးစားတယ်၊ ဒီအချက်တွေကို အတိတ်နိမိတ်ယူပြီး အချင်းချင်း သစ္စာရှိမှု ရိုးသား၊ ကြိုးစားမှုတွေနဲ့ နှစ်သစ်မှာ လုပ်ကိုင်ကြဖို့ တိုက်တွန်းထားခြင်းဖြစ်ပါတယ်" ဟု တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပရေး တာဝန်ခံ ဦးအောင်နိုင်ကပြောသည်။

ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံတွင် တရုတ်နှစ်သစ်ကူးပွဲတော်ကို ကျင်းပခဲ့ပြီးနောက် ယခုနှစ်တွင်လည်း ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် ကမ္ဘာလှည့်ခရီးသွားများ ပိုမို စိတ်ဝင်စားလာစေရန်ဖြစ်ကြောင်း၊ ကမ္ဘာ့အရပ်ရပ်တွင် CHINA TOWN များရှိပြီး နှစ်သစ်ကူးပွဲတော်ကို ကျင်းပလေ့ရှိသကဲ့သို့ မြန်မာနိုင်ငံရှိ CHINA TOWN တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်ကြောင်း၊ တရုတ် မီးအိမ် ၆၀၀၀ ကျော် ချိတ်ဆွဲထားပြီး ယခုနှစ်တွင် ထူးထူးခြားခြား တရုတ်ပြည်မှ မီးပညာရှင်များ ဖိတ်ခေါ်ပြီး အလှအပဆုံးဖြစ်အောင် ထွန်းညှိ ပြသထားကြောင်း သိရသည်။ **သတင်း-မြင့်မောင် ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

# ရွှေ့ပြောင်းသွားလာခြင်းတွင် ပါဝင်နေသူများ စုပေါင်းဆွေးနွေးခြင်းဖြင့် ပိုမိုကောင်းမွန်သည့်နည်းလမ်းများ အဖြေရှာ



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ အိုင်အယ်လ်အိုတို့နှင့် ပူးပေါင်းကာ ဩစတြေးလျနိုင်ငံရှိ Department of Foreign Affairs and Trade (DFAT) and Global Affairs Canada (GAC)၊ Developing International Internal Migration Governance (DIILM) နှင့် Livelihood and Food Security Trust Fund (LIFT)တို့၏ အကူအညီဖြင့် ရွှေ့ပြောင်းသွားလာခြင်းတွင် ပါဝင်ဆောင်ရွက်နေသူများဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်က နေပြည်တော်ရှိဟေလီတန်ဟိုတယ်တွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ယခုကျင်းပသည့် ဆွေးနွေးပွဲသည် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်များအပေါ် သုံးသပ်အကဲဖြတ်နိုင်ရန်၊ ပါဝင်ဆောင်ရွက်နေသူများ၏ အကြံပြုချက်များဖြင့် ၂၀၁၈ ခုနှစ် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်များအတွက် ဆောင်ရွက်ချက်များနှင့် မဟာဗျူဟာများ ကောင်းမွန်စေရေး မွမ်းမံရန် ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ အတည်ပြုချက် ရယူနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင် အခွင့်အလမ်း မြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ရန် နိုင်ငံတော်၏ စီးပွားရေးမူဝါဒတစ်ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အလုပ်သမားရေးရာဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်း ဆောင်ရွက်မှုဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်တွင်း ပြည်ပတို့တွင် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင် ရရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းဝေးသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ ဒသမ ၄၉ သန်း ရှိသည့်အနက် ပြည်ပသို့ ရွှေ့ပြောင်းသွားလာအလုပ်လုပ်သူ ဦးရေမှာ ၁၀ ရာခိုင်နှုန်းကျော်ရှိပြီး လူဦးရေအားဖြင့် ငါးသန်းကျော်ကြောင်း၊ ကမ္ဘာ့ဘဏ်စာရင်းများအရ အာဆီယံနိုင်ငံများသည် အလုပ်သမားများကို ကမ္ဘာ့တစ်ဝန်းစေလွှတ်နေသကဲ့သို့ အာဆီယံနိုင်ငံအချင်းချင်းလည်း အပြန်အလှန်စေလွှတ်နေကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေသော အလုပ်သမားများ၏ မိသားစု လွှဲပို့ငွေများကို ဘဏ်များမှတစ်ဆင့် မှန်ကန်စွာ လွှဲပို့နိုင်ရေး မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ဂျပန်နိုင်ငံသို့ နည်းပညာအလုပ်သင် သင်တန်းသား အလုပ်သမား စေလွှတ်နိုင်ရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာကို ယခုနှစ်အတွင်း လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ၏ လုပ်သားများ ရွှေ့ပြောင်းခြင်း စီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ ငါးနှစ်တာ လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂)ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပိုမိုကောင်းမွန်သည့် စီမံချက်များပေါ်ထွက်စေရန် ရေးဆွဲလျက်ရှိကြောင်း သိရှိရသည်။ အခမ်းအနားသို့ ဝန်ကြီးဌာနအသီးသီးမှ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြင်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရွှေ့ပြောင်းသွားလာကြသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-သော်တာဝင်း**

# နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၅ အသင်းအား ဖွဲ့စည်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

**ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာ ယူ-၁၅ အသင်းကို ပဏာမ ကစားသမား ၇၃ ဦးဖြင့် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်သည်။**

### ဝင်ရောက်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဩဂုတ်လတွင် ယှဉ်ပြိုင်ရမည့် ၂၀၁၈ အာဆီယံ ယူ-၁၅ ပြိုင်ပွဲအတွက် အဓိကရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး မတ်လတွင် ဟောင်ကောင်၌ ကျင်းပမည့် ဟောင်ကောင် လူငယ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

### အလားအလာရှိသည့်ကစားသမား

မြန်မာ ယူ-၁၅ အသင်းကို အကယ်ဒမီများမှ ကစားသမားများ၊ ၂၀၁၇ ခုနှစ်က ကျင်းပခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၅ ပြိုင်ပွဲမှ အလားအလာရှိသည့် ကစားသမား စုစုပေါင်း ၇၀ ကျော်ဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဖွဲ့စည်း တည်ထောင်ခဲ့သည့် ဘောလုံးအကယ်ဒမီများဖြစ်သော မြန်မာဘောလုံးအကယ်ဒမီ မန္တလေးနှင့် ပုသိမ်၊ အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) တို့အပြင် တပ်မတော်ဘောလုံးအကယ်ဒမီမှ လူငယ်ကစားသမား ၃၅ ဦး ရွေးချယ်ခံခဲ့ရသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သည့် ကစားသမား ၃၈ ဦးကိုလည်း ပေါင်းစပ်ရွေးချယ်ထားသည်။ ယင်းအသင်းကို ဂျပန်လူမျိုး နည်းပြ တာကူမာကိုဂါ ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အကယ်ဒမီများမှ ကစားသမားများအား သင်ကြားပေးရန် ဂျပန်လူမျိုးနည်းပြများ ခန့်အပ်ထားပြီး အဆိုပါနည်းပြများအနက် တာကူမာကိုဂါအား တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

### ခန့်အပ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရှိတွင် လက်ရွေးစင်နှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းအများစုအတွက် နည်းပြများ တာဝန်ပေးထားပြီး မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းနှင့် ယူ-၁၅ အမျိုးသားအသင်းသာ နိုင်ငံခြားသားနည်းပြ ခန့်အပ်ထားခြင်းဖြစ်သည်။ **ရဲရင့်ရှိုင်း**

**ပခုက္ကူမြို့ သီဟိုဠ်ရှင်ခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက်က Mister & Miss Culture World Pakokku Region 2018 Grand Final ပြိုင်ပွဲကျင်းပရာ ဆုရရှိသူများအား တွေ့ရစဉ်။**
(ပြိုင်ပွဲဝင်များသည် ညနေခင်းဝတ်စုံများ၊ မြန်မာ့ရိုးရာဝတ်စုံများဖြင့် ယှဉ်ပြိုင်ကြပြီး Mister နှင့် Miss များမှ အကောင်းဆုံး လေးဦးစီရွေးချယ်ကာ မေးခွန်းမေးမြန်းမှုများအပေါ် ဖြေကြားနိုင်မှုဖြင့် အမှတ်ပေးရွေးချယ်ကြရာ Mister Culture World Pakokku Region 2018 Winner ဆုကို ခါးနံပါတ်(၅) သန်းစိုးဝင်းနှင့် Miss Culture World Pakokku Region 2018 Winner ဆုကို ခါးနံပါတ်(၁၅)စုပိုမိုထက်တို့က ရရှိကြပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်)
**ဆလိုင်းကိုကီး**




## မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် အထက်တန်းဆင့်သင်ကျောင်းအရေအတွက်



# ငပုတောမြို့နယ်၌ တောဆင်ရိုင်းတစ်ကောင် အသတ်ခံရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဆင်မကြိုးဝိုင်း အကွက်အမှတ်-၅၄ ၌ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီက တောဆင်ရိုင်းတစ်ကောင် သေဆုံးနေကြောင်း သိရသည်။ **(ယာပုံ)**

သတင်းအရ ငပုတောမြို့မစခန်းမှူး ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဌာနမှ ဒေါက်တာ လင်းလင်းထွန်းတို့ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အမြင့်ခြောက်ပေခြောက်လက်မခန့်၊ အသက် (၁၃)နှစ်ခန့် အရွယ်ရှိ တောဆင်ရိုင်း အမတစ်ကောင်အား ခန္ဓာကိုယ်တစ်ခုလုံး အရေခွံခွာ၍ တစ်စစီပိုင်းဖြတ်ထားကြောင်း တွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူများအား အမှုဖွင့်အရေးယူထားကြောင်းနှင့် အဆိုပါ တောဆင်ရိုင်းအား မီးရှို့ဖျက်ဆီးရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုရဲ**



# ဒဂုံအရှေ့မြို့နယ်၌ ဖြစ်ပွားခဲ့သည့် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူအား အချိန်တိုတွင်း ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့မြို့နယ် လေးထောင့်ကန်ကျေးရွာအမှတ်-၂ လမ်းမကြီးဘေး၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၄ နာရီက 6E/---- Probox Succeed အငှားယာဉ်အနီးတွင် အမျိုးသားတစ်ဦး သေဆုံးမှုနှင့်ပတ်သက်သည့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိကြောင်း သိရသည်။

အခင်းဖြစ်ရပ်သို့ မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ အငှားယာဉ်အနီး အမျိုးသားတစ်ဦး သေဆုံးနေသည်ကိုတွေ့ရှိရပြီး သေဆုံးသူမှာ ဇော်ဇော်ထက်(၃၂ နှစ်) ဖြစ်ကြောင်း သိရှိခဲ့ရသည်။ သေဆုံးသူအနီးတွင် သဃ်န်းကျွန်းမြို့နယ်နေ မောင်သစ်လွင်(၂၂ နှစ်) TGKN 067669 နံပါတ်ပါ မှတ်ပုံတင်အား တွေ့ရှိသဖြင့် လိုက်လံစုံစမ်းရှာဖွေရာ ယင်းနေ့ နံနက် ၈ နာရီက ၎င်းအားတွေ့ရှိ၍ စစ်ဆေးရာ သူငယ်ချင်းဖြစ်သူ ဇော်ဇော်ထက်၏ ယာဉ်ဖြင့်အတူစီးလာစဉ် ငွေကြေးကိစ္စစကားများရာမှ ဓားဖြင့် ထိုးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သစ်လွင်(ခ) ကိုကိုဇော်(ခ)ရာစင်အား ဒဂုံအရှေ့မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တရားလွှတ်တော်ရှေ့နေဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ပြန်ခေါ်သက်သေငါးဦးစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ယနေ့နံနက်၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ရုံးထုတ်ခဲ့ပြီး ပြန်ခေါ်သက်သေငါးဦး စစ်ဆေးခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ အထူးတရားခုံရုံး တရားလိုရဲအုပ်မိုးနိုင်၊ ရာဇဝတ်ကြီးအမှု အမှတ် ၄၅/၂၀၁၇ တရားခံ ကြည်လင်း(ခ)ဖိုးထူး ပါ-၄ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄/၂၁၂ အမှု ကနေ ပြန်ခေါ်သက်သေဖြစ်တဲ့ ဒုရဲမှူး မိုးနိုင်၊ ရဲအုပ် အေးမင်းသူ၊ ဒုရဲအုပ် အောင်ကျော်ထွန်း၊ ရဲတပ်သား နိုင်ဇော်၊ ရဲတပ်သား သက်အာကာစိုးတို့ ငါးဦးကို စစ်ဆေးခဲ့ပါတယ်၊ လာမယ့်အပတ်မှာ ရုံးချိန်းနှစ်ရက် ချိန်းဆိုတဲ့အတွက် ဖေဖော်ဝါရီ ၂၂ ရက် နဲ့ ၂၃ ရက်ကို ချိန်းဆိုထားပါတယ်၊ ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ က အောင်ဝင်းထွန်းအနေနဲ့ အာမခံလျှောက်ထားတဲ့အပေါ် လာမယ့်ရုံးချိန်းမှာ နှစ်ဖက်ကြားနာပြီး အမိန့်ချမှတ်သွားမယ်လို့ သိတာလေးရှိပါတယ်၊ ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ လက်နက်မှုကနေ ကြည်လင်း(ခ)ဖိုးထူး က ပြန်ခေါ်သက်သေတစ်ဦး၊ အောင်ဝင်းဇော်က ပြန်ခေါ်သက်သေသုံးဦး ခေါ်ထားတယ်၊ တရားခံပြေး အောင်ဝင်းခိုင်ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ ပြစ်မှုနဲ့ တရားလိုများ ထွက်ဆိုချက်အရ ယုတ္တိထင်ရှားရှိတဲ့အတွက် ရာဇဝတ်ကြီးကျင့်ထုံးဥပဒေ ၅၄ တတိယအပိုဒ်အရ ပြစ်မှုရှိကြောင်း ကြေညာလိုက်တဲ့ ပြဋ္ဌာန်းချက်ကို အထူးခုံရုံးက ဆက်လက်ဆောင်ရွက်မှာပါ၊ အမိန့်အရ သူ့ကို ဝရမ်းမပါဘဲ ဖမ်းလို့ရပါတယ်"ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အမျိုးသားတစ်ဦး တောဆင်ရိုင်းအနင်းခံရ၍သေဆုံး

**တိုက်ကြီး ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီက ဖောင်ကြီးကျေးရွာအုပ်စု မဟူရာသစ်တော ကြိုးဝိုင်းအကွက်အမှတ် ၂၆ တွင် အမျိုးသားတစ်ဦး တောဆင်ရိုင်းအနင်းခံရ၍ သေဆုံးကြောင်း ဖောင်ကြီးနယ်မြေရဲစခန်းမှ သိရသည်။

အဆိုပါ သေဆုံးသူသည် လှည်းကူးမြို့နယ် လှေလှော်အင်းကျေးရွာအုပ်စုနေသူ ဦးမြင့်ရွှေ(၅၂ နှစ်)ဖြစ်ပြီး ဖောင်ကြီးနယ်မြေရဲစခန်းမှ သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ပုလဲမင်းစစ်ဆင်ရေးဖြင့် ကော့သောင်းမြို့၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**ကော့သောင်း ဖေဖော်ဝါရီ ၁၆**

ကော့သောင်းမြို့ မူးယစ်တပ်ဖွဲ့စု-၃၄ မှ တပ်ဖွဲ့ဝင်များ၊ ရေကြောင်းရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုလဲမင်းစစ်ဆင်ရေးဖြင့် မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းလျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းက ကော့သောင်းမြို့နယ် ဂျလန်းကျွန်းကျေးရွာတွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးသတင်းအရ ကော့သောင်းမြို့နယ် ဂျလန်းကျွန်းကျေးရွာ ဒေါ်သိန်းရီ၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ နေအိမ်တွင် တည်းခိုနေထိုင်သူ မိုးသိန်းဝင်းထံမှ အိုက်စ် ၀ ဒသမ ၀၇ ဂရမ်၊ မောင်ဇော်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား သုံးပြားနှင့် အိုက်စ် ၀ ဒသမ ၀၃ ဂရမ် တို့ကို လည်းကောင်း၊ ဆက်လက်၍ တစ်ရွာတည်းနေ အောင်ဇော်လတ်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈ ပြား၊ အိုက်စ် သုံးဂရမ်၊ နေအိမ်ဘေးရှိ ဈေးဆိုင်အတွင်းမှ ဘိန်းစာမှုန့် ၅၀ ဒသမ ၃၅ ကီလို၊ ငွေကျပ် ၁၀ သိန်းနှင့် ထိုင်းဘတ်ငွေ ၁၁၀၆၆၀ တို့ကို လည်းကောင်း၊ ဆက်လက်၍ ကော့သောင်းမြို့နယ် ညောင်ဝီးကျေးရွာနေ တေဇာ(ခ)ဆံရှည်၏ နေအိမ်ကို ရှာဖွေရာ ဘိန်းစာမှုန့် ၂ ဒသမ ၉၆ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ ညောင်ဝီးကျေးရွာနေ မမိလှ၏ နေအိမ်ကို ရှာဖွေရာ မမိလှအား နေအိမ်တွင် မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ ဘိန်းစာမှုန့် ၇၃ ဒသမ ၆၂၅ ကီလိုကို လည်းကောင်း၊ တစ်ရွာတည်းနေ မအိသီရိမျိုး၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ဘိန်းစာမှုန့် ၂၇ ကီလိုကို လည်းကောင်း၊ ကျော်ကျော်၏နေအိမ်ကို ရှာဖွေရာ ဘိန်းစာမှုန့် ၆၈ ဒသမ ၄ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် မိုးသိန်းဝင်း(၃၇ နှစ်)၊ မောင်ဇော်(၃၉ နှစ်)၊ အောင်ဇော်လတ် (၄၀ နှစ်)၊ တေဇာ (ခ) ဆံရှည်(၅၂ နှစ်)၊ မအိသီရိမျိုး(၂၄ နှစ်)၊ ကျော်ကျော်(၄၁ နှစ်)နှင့် မမိလှတို့အား ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# အုတ်တင်ယာဉ်တိမ်းမှောက်၍ လေးဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျောက်လုံးကြီးကျေးရွာအုပ်စုတွင် ဖေဖော်ဝါရီ ၁၅ ရက် ည ၈ နာရီက ဆေးပေးခန်းဆောက်လုပ်ရန် မြိတ်မြို့မှ အုတ်များတင်ဆောင်လာသော ယာဉ်တစ်စီးတိမ်းမှောက်၍ လေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အုတ်များကို တင်ဆောင်၍ မြိတ်မြို့နယ် ကလင်ဘန်းကျေးရွာနေ စနေဦး(၂၆ နှစ်) မောင်းနှင်လာသော 2N/----- Skat ယာဉ်သည် ဆယ်အိမ်စုကျေးရွာ ဆင်ပိုတောင်အဆင်းအရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင်လိုက်ပါလာသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းနေ ရဲဇော်ဦး(၂၂ နှစ်)အပါအဝင် လေးဦးတို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဦးကြည်လွင်(၄၈ နှစ်)နှင့် ယာဉ်မောင်း စနေဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် စနေဦးအား တနင်္သာရီမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မူးယစ်ဆေးဝါးရောင်းချသူ နှစ်ဦးထံမှ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဘားအံ ဖေဖော်ဝါရီ ၁၆**

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် ဖေဖော်ဝါရီ ၁၅ ရက်က ပူးပေါင်းအဖွဲ့ဖြင့် မူးယစ်ဆေးဝါး သတင်းအရ ဝင်ရောက်ရှာဖွေရာ အမျိုးသား နှစ်ဦးထံမှ မူးယစ်ဆေးဝါး ၂၂၀၀၀ ကျော်နှင့် လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

**ဝင်ရောက်ရှာဖွေ**

ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက သဃ်န်းညီနောင် နယ်မြေရဲစခန်းမှူး ရဲအုပ် မြဝင်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် မြဝတီမြို့နယ် ရွာသစ်ကျေးရွာနေ ကျော်နိုင်(၄၇ နှစ်)၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၄ ပြား (အလေးချိန် ၆၇ ဒသမ ၁ ဂရမ်) ကာလတန်ဖိုးငွေကျပ်သိန်း ၂၀ ကျော်ခန့်နှင့် နေအိမ်အတွင်းမှ အရှည် ၃ ပေ ၁၀ လက်မခန့်ရှိ ကိုးလုံးကျည်ဖြင့် ပစ်ခတ်ရသော နှစ်လုံးပြူးပြောင်းချောသေနတ် အရှည်တစ်လက်၊ ပြောင်းချောသေနတ် အတိုတစ်လက်၊ ကိုးလုံးကျည် ကိုးတောင့်၊ ကျည် ၁၄ တောင့်၊ လက်ကိုင်ဖုန်းတစ်လုံး၊ 7G/----- ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**ဖမ်းဆီး**

စစ်ဆေးပေါ်ပေါက်ချက်အရ အေးနိုင်(ခ)သံပိုင် (၅၅ နှစ်) မြဝတီမြို့နေသူအား စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈၀၀ (အလေးချိန် ၂၁၇၉ ဒသမ ၆ ဂရမ်) ကာလတန်ဖိုး ငွေကျပ် ၆၅၄ သိန်းခန့်နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ကြောင့် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ ကျော်နိုင်နှင့် အေးနိုင်(ခ) သံပိုက်တို့ကို မြဝတီမြို့မရဲစခန်းနှင့် သဃ်န်းညီနောင်နယ်မြေရဲစခန်းတို့တွင် အမှုဖွင့်ထားရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ရွှေမှောလုပ်ကိုင်နေစဉ် မြေကမ်းပါးယံပြိုကျ၍ သုံးဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွှေတွင်းကျေးရွာရှိ ရွှေမှော်တွင် ဖေဖော်ဝါရီ ၁၅ ရက် ည ၇ နာရီခွဲက မြေပြိုမှုဖြစ်ပွား၍ အမျိုးသားသုံးဦး သေဆုံးသွားကြောင်း သိရသည်။

မြေပြိုမှုဖြစ်ပွားကြောင်း သတင်းအရ မိုင်းကိုင်း နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူများမှာ အဆိုပါကျေးရွာနေ ကိုမင်းထက်(၃၅ နှစ်)၊ ကိုစောထွန်း(၃၈ နှစ်)နှင့် ကိုမင်းထွန်း(၂၇ နှစ်)တို့ဖြစ်ပြီး ၎င်းတို့သည် ရွှေမှော်အတွင်း လေးလုံးထိုးအင်ဂျင်စက်ဖြင့် ရွှေမှောလုပ်ကိုင်နေစဉ် မြေကမ်းပါးယံပြိုကျခဲ့ရာမှ မြေစာများ ပိမိပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဟုမ္မလင်းမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ရေပူစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်လေးစီးသိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၈၃၀၊ သွင်းကုန် ၉၂၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၇၁၃ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၇၁၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁၅ ရက်က မန္တလေးမြို့နှင့်မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toyota Ipsum တစ်စီး၊ Toyota Estma တစ်စီး၊ Toyota Wish နှစ်စီး စုစုပေါင်းမော်တော်ယာဉ် လေးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နျူကလီးယားအစီအစဉ်ကိုမြှင့်တင်ရန် မြောက်ကိုရီးယားအလေးပေး

**ပြုံယမ်း ဖေဖော်ဝါရီ ၁၆**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံ အမ်း၏ မွေးနေ့အကြိုနေ့တွင် မြောက်ကို ရီးယားသည်နိုင်ငံ၏ နျူကလီးယား အစီ အစဉ်များကိုတိုးချဲ့မြှင့်တင်သွားရန်အလေး အနက် ပြောကြားခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားသည် ဖခင်ဖြစ်သူ ကင်ဂျုံအီ၏ ၇၆ ကြိမ်မြောက်မွေးနေ့ အခမ်းအနားကိုဖေဖော်ဝါရီ ၁၆ ရက်တွင် ကျင်းပရန်အတွက် ကြာသပတေးနေ့တွင် ပြုံယမ်း၌ ညီလာခံကျင်းပခဲ့သည်။ ယင်းနေ့သည် အများပြည်သူ ရုံးပိတ်ရက်နေ့ ဖြစ်သည်။




ကင်ဂျုံအမ်းသည် မြို့တော် ပြုံယမ်း၌ ဆွေးနွေးပွဲ မပြုလုပ်သော်လည်း ကိုရီးယားအလုပ်သမားပါတီ၏ ဒုတိယ ဥက္ကဋ္ဌ ချိုယောင်ဟဲက လူထုတွေ့ဆုံမှုအတွင်း မိန့်ခွန်းပြောကြားခဲ့သည်။

ချိုက မြောက်ကိုရီးယားသည် ၎င်း၏ ကိုယ်ပိုင်ကာကွယ်ရေးဖြစ်သည့် နျူကလီးယားလက်နက်ကို အခိုင်အမာအားဖြည့်သွားသင့်ကြောင်းနှင့် အင်အားကြီးမားသည့် အကြီးစား စစ်လက်နက် ပစ္စည်းများထုတ်လုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မှုကိုအဆင့်မြှင့်တင်သွားသင့်ကြောင်း အလေးအနက်ပြော ကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခိုင်မာသေချာစေရန် မြောက်ကိုရီးယားအနေဖြင့် တတ်စွမ်းသမျှအင်အားစိုက်ထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

မြောက်ကိုရီးယားသည် ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရင်းနှီးမှုစည်းမျဉ်းများအောက်တွင် ပြင်ပဆက်ဆံရေးကိုလည်း တိုးတက်အောင်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် ကိုရီးယား နှစ်နိုင်ငံအကြား ပြေလည်သည့်ဆက်ဆံရေးအခြေအနေတစ်ရပ်ကို ဖန်တီးသည့်အနေဖြင့် ပြုံချမ်းအိုလံပစ်အားကစားပြိုင်ပွဲသို့ အဆင့်မြင့်ကိုယ်စားလှယ်များ စေလွှတ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင် နွေဦးပွဲတော် နှုတ်ခွန်းဆက်စကားပြော

**ပေကျင်း ဖေဖော်ဝါရီ ၁၆**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဟောင်ကောင်လူငယ်များထံသို့ နွေဦးပွဲတော် နှုတ်ဆက်စကားပြောကြားခဲ့ပြီး နိုင်ငံအတွက် တာဝန်ထမ်းဆောင်ရန် လူငယ်အဖွဲ့ဝင်များအား တိုက်တွန်းလိုက်ကြောင်း သိရသည်။

၎င်းအဖွဲ့ဝင်များကသမ္မတရှီကျင့်ဖျင်ထံသို့ နွေဦးပွဲတော်အတွက် ကိုယ်တိုင်ပြုလုပ်ထားသော နှုတ်ခွန်းဆက် ကတ်တစ်ခုအားပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါ နှုတ်ခွန်းဆက်ကတ်အား လက်ခံရရှိခြင်းအပေါ် သမ္မတရှီကျင့်ဖျင်က ကတ်ထဲတွင် ရေးသားထားသည့် စာလွှာမှ အနုစိတ်လက်ရေးများက ၎င်းတို့အဖွဲ့၏ စိတ်နေသဘောထားများနှင့် ဆန္ဒမွန်များထည့်သွင်းထားသည်ကို နက်နက်ရှိုင်းရှိုင်း ခံစားမိကြောင်း ပြောကြားသည်။

၎င်းတို့အနေဖြင့် သမိုင်းကြောင်းနှင့် နိုင်ငံအခြေအနေများအား ပိုမိုဖတ်ရှုလေ့လာသင့်ကြောင်း၊ အသိပညာနှင့် စွမ်းဆောင်ရည်အားများတိုးတက်အောင် အမြင်ကျယ်ကျယ်ဖြင့် လုပ်ဆောင်သင့်ကြောင်း၊ ငယ်ရွယ်သောလူငယ်မျိုးဆက်သစ်များအနေဖြင့် ဟောင်ကောင်နှင့် နိုင်ငံအတွက် တာဝန်ထမ်းဆောင်သင့်ကြောင်း သမ္မတရှီကျင့်ဖျင်က ထပ်မံပြောကြားခဲ့သည်။

JPC အဖွဲ့အား ဟောင်ကောင်ရဲတပ်ဖွဲ့ဝင်အဖြစ် ၁၉၇၄ ခုနှစ်က တည်ထောင်ခဲ့သည့် ဟောင်ကောင်အဓိကလူငယ် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အဖွဲ့ဝင် ၂၀၀၀၀ ကျော်ရှိကာ ကမ္ဘာပေါ်ရှိ လူငယ်ရဲတပ်ဖွဲ့များအနက် အကြီးဆုံးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**




# ဘိုလီးဗီးယားနိုင်ငံ၌ ကျင်းပသည့်ပွဲတော်တွင် ပေါက်ကွဲမှုထပ်မံဖြစ်ပွား

**လီမာ ဖေဖော်ဝါရီ ၁၆**

ဘိုလီးဗီးယားနိုင်ငံ အနောက်တောင်ပိုင်း အိုရူရိုမြို့တွင် ပွဲတော်တစ်ခုကျင်းပနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးပြီး ၁၀ ဦးကျော်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုသည် တိုက်ခိုက်မှု တစ်ခုဖြစ်ကြောင်း ဘိုလီးဗီးယားနိုင်ငံ ရဲတပ်ဖွဲ့က အတည်ပြုထုတ်ပြန်ပြောကြားခဲ့သည်။ ယင်းပေါက်ကွဲမှုသည် ယခုနှစ် အိုရူရိုပွဲတော်တွင် ဒုတိယအကြိမ်မြောက် ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုဖြစ်ကြောင်းသိရသည်။

သတင်းစာရှင်းလင်းပွဲတွင် အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် နေရာတွင် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ တွေ့ရှိရကြောင်း၊ တိုက်ခိုက်မှုပြုလုပ်သူသည် ယင်းပေါက်ကွဲစေတတ်သည့် ပစ္စည်း သုံးကီလိုဂရမ်ကျော်ကို အသုံးပြုခဲ့ကြောင်း ဘိုလီးဗီးယား ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လွန်ခဲ့သော ဖေဖော်ဝါရီ ၁၀ ရက်နေ့က ဘိုလီးဗီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် အိုရူရိုပွဲတော် အဝင်ပေါက်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သေးကြောင်း သိရသည်။ ယင်းပေါက်ကွဲမှုတွင် သေဆုံးသူရှစ်ဦးရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၄၀ ရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**




# ဂျပန်နှင့် အိုင်အေအီးအေတို့ မြောက်ကိုရီးယားအရေး ပူးပေါင်းဆောင်ရွက်မည်

**တိုကျို ဖေဖော်ဝါရီ ၁၇**

ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီတို့သည် အိုင်အေအီးအေအဖွဲ့၏ စုံစမ်းစစ်ဆေးမှုများကို မြောက်ကိုရီးယားအနေဖြင့် လက်ခံရန်၊ အတူတကွစည်းရုံးသွားကြရန် သဘောတူညီခဲ့ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် ကြာသပတေးနေ့က အိုင်အေအီးအေ အထွေထွေဒါရိုက်တာ ယူကီရာအမာနိုနှင့် ဩစတြီးယားနိုင်ငံ ဗီယင်နာ၌တွေ့ဆုံခဲ့သည်။ အမာနိုသည် မြောက်ကိုရီးယားနိုင်ငံကို ကမ္ဘာ့ခြိမ်းခြောက်မှုတစ်ခုအနေဖြင့် ဖော်ပြခဲ့သည်။ အိုင်အေအီးအေသည် အကယ်၍ အခြေအနေများပေးလာခဲ့လျှင် မြောက်ကိုရီးယားသို့ စုံစမ်းစစ်ဆေးသူများကို ထပ်မံစေလွှတ်သွားရန် အသင့်ပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးကိုနိုက ဂျပန်သည် အရေးယူပိတ်ဆို့မှု ဖိအားများကြောင့် မြောက်ကိုရီးယားက ၎င်း၏နျူကလီးယားအစီအစဉ်ကို ဖျက်သိမ်းစေရန်အတွက် အိုင်အေအီးအေ၏ ကြိုတင်ပြင်ဆင်မှုကို ကူညီအားပေးရန်ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# အီရတ်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းစီမံကိန်းများ ကာတာအကောင်အထည်ဖော်ဆောင်ရွက်မည်

**ဒိုဟာ ဖေဖော်ဝါရီ ၁၆**

ကာတာလခြမ်းနီအဖွဲ့အစည်း (QRCS) သည် ၂၀၁၈ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းတန်ဖိုးရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်ကာတာသတင်းအေဂျင်စီက သောကြာနေ့တွင် ပြောကြားခဲ့သည်။

ကာတာလခြမ်းနီအဖွဲ့က ယင်းလုပ်ငန်းစီမံကိန်းများကို လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ငွေကြေးထည့်ဝင်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြာသပတေးနေ့ နှောင်းပိုင်းတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယင်းလှူဒါန်းမှုကို ယခုရက်သတ္တပတ်တွင် ကူဝိတ်၌လက်ခံကျင်းပခဲ့သည့် အီရတ်ပြန်လည်တည်ဆောက်ရေးဆိုင်ရာနိုင်ငံတကာအလှူရှင်များ ကွန်ဖရင့်အစည်းအဝေးအတွင်း၌ ကာတာလခြမ်းနီအဖွဲ့အစည်း တာဝန်ရှိပုဂ္ဂိုလ်များက ပြုလုပ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ကြာသပတေးနေ့တွင်ကျင်းပခဲ့သည့် ကွန်ဖရင့်အပြီးတွင် အီရတ်နိုင်ငံသည် ပြန်လည်တည်ဆောက်ရေးအတွက်ရန်ပုံငွေ ၃၀ဘီလီယံကို ဒေသတွင်းနှင့်နိုင်ငံတကာ အဖွဲ့အစည်းများထံမှ လက်ခံရရှိခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အယ်လ်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် အစိုးရတပ်ဖွဲ့ဝင် ငါးဦးကျဆုံး

**အယ်လ်ဂျီးရီးယား ဖေဖော်ဝါရီ ၁၆**

အယ်လ်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း တီဘက်စ်စာပြည်နယ်တွင် အယ်လ်ဂျီးရီးယားနိုင်ငံ အစိုးရတပ်ဖွဲ့တစ်ဖွဲ့ ဗုံးခွဲတိုက်ခိုက်ခံခဲ့ရကာ တပ်ဖွဲ့ဝင်ငါးဦးကျဆုံးသွားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တီဘက်စ်စာပြည်နယ်ရှိ အစိုးရတပ်ဖွဲ့တစ်ဖွဲ့က တောင်တန်းဒေသတွင် ကင်းလှည့်စစ်ဆေးမှုဆောင်ရွက်နေစဉ် မြေမြှုပ်မိုင်းဖြင့် တိုက်ခိုက်ခံခဲ့ရသောကြောင့် တပ်ဖွဲ့ဝင် လေးဦးနှင့် အရာရှိတစ်ဦးကျဆုံးပြီး တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

တီဘက်စ်စာပြည်နယ်သည် အယ်လ်ဂျီးရီးယားနိုင်ငံနှင့် တူနီးရှားနိုင်ငံတို့ နယ်နိမိတ်ချင်းထိစပ်နေသည့် ဒေသတစ်ခုဖြစ်ကာ အကြမ်းဖက်သမားများ တက်ကြွစွာလှုပ်ရှားသည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

ယခုလတ်တလောတွင် အယ်လ်ဂျီးရီးယားနိုင်ငံအနေဖြင့် အကြမ်းဖက်လှုပ်ရှားမှုများကို အရှိန်မြှင့်တင်နှိမ်နင်းမှုများပြုလုပ်ခဲ့သောကြောင့် မြို့ကြီးများတွင် လုံခြုံရေးအခြေအနေတိုးတက်ကောင်းမွန်လာသော်လည်း အကြမ်းဖက်သမားတချို့က တောင်တန်းဒေသများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ၊ နယ်မြေဆူပူလှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

### အက်စ်စီအိုထိပ်သီးအစည်းအဝေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဟု တရုတ်ပြော

**ပေကျင်း ဖေဖော်ဝါရီ ၁၆**

ဇွန်လတွင် Qingdao ဆိပ်ကမ်း၌ ပြုလုပ်မည့် အက်စ်စီအိုထိပ်သီးအစည်းအဝေးပြင်ဆင်မှုများအတွက် တရုတ်နိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်မှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်ရှောင်က ယမန်နေ့တွင် ပြောခဲ့သည်။

ရုရှားနိုင်ငံသည် အက်စ်စီအို၏ အရေးကြီးသော နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် ၎င်းနိုင်ငံအနေဖြင့် အဆိုပါထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ကို တရုတ်နိုင်ငံက ကြိုဆိုပါကြောင်း၊ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးသော ခရီးစဉ်များရှိကြောင်း၊ သဝဏ်လွှာများနှင့် ဖုန်းခေါ်ဆိုမှုများမှတစ်ဆင့် ရင်းနှီးသော ဆက်ဆံရေးအား ထိန်းသိမ်းထားလျက်ရှိကြောင်း ဂျန်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံနှစ်နိုင်ငံကြား အဆင့်မြင့်ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ရင်းနှီးစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# နေတန်ယာဟုရဲ့ နိုင်ငံရေးမျက်နှာပြောင်တိုက်မှု အစ္စရေးကို နစ်နာစေသလား

**တင်လင်းအောင်**

တဲလ်အဗစ်မှာ လွန်ခဲ့တဲ့ ရက်အနည်းငယ်လောက်က ဆူညံတဲ့ဆန္ဒပြမှုတွေဟာ ရော့စ်ချိုင်းလိုလီဗက်မှာ ဖြစ်ပွားခဲ့ပါတယ်။ ဘာလို့ အဲလိုဆန္ဒပြမှုတွေဖြစ်တာလဲ။

အကြောင်းကတော့ အကျင့်ပျက်ခြစားမှုနဲ့ ပတ်သက်ပြီး ဘင်ဂျမင် နေတန်ယာဟုအပေါ် ရဲတပ်ဖွဲ့ရဲ့ စုံစမ်းစစ်ဆေးမှုတွေ မနှေးကွေးအောင်လို့ပဲ ဖြစ်ပါတယ်။

မနေ့ကတော့ အဲဒီကိစ္စက ပြီးပြတ်သလောက်ရှိသွားပါပြီ။ သူ့ကို လာဘ်ပေးလာဘ်ယူမှုနဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်ခြင်းတွေနဲ့ စွဲချက်တင်ခဲ့ပါတယ်။

ယခင်ဝန်ကြီးချုပ် အီဟွတ် အိုမက်ကတော့ မရိုးသားမလျော်ကန်မသင့်မြတ်တဲ့ လုပ်ဆောင်ချက်တွေလုပ်တယ်လို့ စွပ်စွဲခံရပြီးတဲ့အချိန်မှာတော့ သူဟာ သူ့ရဲ့ရာထူးမှာ ဆက်နေလို့ မရတော့ဘူးလို့ သိရပါတယ်။

**ရာထူးမှဆင်းပေးရမလား**

အခုအခါမှာတော့ နေတန်ယာဟုကို ကြောင်သူတော်ကြွက်သူခိုးဆိုတဲ့ စွပ်စွဲမှုတွေနဲ့ စွပ်စွဲလိုက်ပါပြီ။ သို့သော်လည်း သူ့ရဲ့ ဖေဖော်ဝါရီ ၁၄ ရက် သတင်းစာရှင်းလင်းပွဲမှာတော့ သူဟာ သူ့ရဲ့ ရာထူးမှ ဆက်ရှိနေသင့်ကြောင်း ပြောခဲ့ပါတယ်။

နေတန်ယာဟု စွပ်စွဲခံရတဲ့အချက်ဟာ ရာထူးက ဆင်းပေးရတာနဲ့ သက်ဆိုင်မှုမရှိတာလား။ ဒါမှမဟုတ် သူ့အနေနဲ့ အဲလိုလုပ်ဖို့ ခိုင်လုံတဲ့ အကြောင်းပြချက်တွေရှိနေလို့လားဆိုတာ စဉ်းစားစရာပါ။

**ရှက်စရာကောင်းတဲ့လုပ်ရပ်**

သူ့မှာ အပြစ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မကောင်းမှုအနံ့ ကတော့ ထွက်လာတာ အသေအချာပဲဖြစ်ပါတယ်။ လူသတင်း လူချင်းဆောင်ပင် မဟုတ်ပါလား။

ရှုပ်ထွေးတဲ့ နိုင်ငံရေးအခြေအနေမှာ အခုလိုမျိုးဖြစ်ရပ်တွေ ရင်ဆိုင်ကြုံတွေ့ရတာ မထူးဆန်းပါဘူး။ နေတန်ယာဟုအနေနဲ့ကတော့ အဲဒီရဲ့ အကျိုးဆက်ကို လက်ခံရတော့မှာပဲ ဖြစ်ပါတယ်။

သူဟာ ချမ်းသာတဲ့သူတွေထဲက လက်ဝတ်ရတနာတွေ၊ ပြင်သစ်ရှန်ပိန်တွေ၊ ဆေးလိပ်၊ ဆေးရွက်ကြီးတွေကို လက်ခံရရှိခဲ့တယ်ဆိုတာကတော့ ငြင်းလို့မရတဲ့အချက်ပဲ ဖြစ်ပါတယ်။

အစ္စရေးရဲ့ ပြည့်စုံမှုမရှိသေးတဲ့ ဒီမိုကရေစီစနစ်ကိုအခွင့်ကောင်းယူပြီး သူ့ရဲ့ နိုင်ငံရေးခြေရှုပ်မှုတွေ၊ အကျင့်ပျက်လာဘ်စားမှုတွေဟာ ရှက်စရာကောင်းတဲ့ လုပ်ရပ်တွေပဲ ဖြစ်ပါတယ်။

**အခွင့်အာဏာဆိုတာ**

အစ္စရေး သတင်းစာတစ်စောင်



ဖြစ်တဲ့ ဟာရက်ဇ်ရဲ့ စာတည်းမှူးချုပ် အလုပ်ဖ်ဘန်းက ဘာကိုဖော်ပြခဲ့သလဲဆိုရင် နေတန်ယာဟုဟာ တပ်မတော်မှာအမှုထမ်းခဲ့တဲ့ သူ့ရဲ့ဘဝတစ်လျှောက်လုံးကို တိုင်းပြည်ကောင်းစားဖို့၊ လုံခြုံမှုရှိဖို့၊ စည်ပင်ဝပြောဖို့အတွက် မြှုပ်နှံခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။

သို့သော်လည်း သူ့ကိုယ်သူ ဂုဏ်ယူပြောလေ့ရှိတာကတော့ ဆန့်ကျင်ဘက်သဘောသက်ရောက်တဲ့ အဓိပ္ပာယ်ပဲဖြစ်ပါတယ်။ နေတန်ယာဟုက နိုင်ငံရေးအာဏာဆိုတာ အခွင့်ထူးအာဏာရသူအတွက်ပဲဖြစ်ပြီး ပြည်သူလူထုအတွက် မဟုတ်ဘူးလို့ ယုံကြည်နေပုံရပါတယ်။

**ရန်သူအဖြစ်သတ်မှတ်**

နေတန်ယာဟုပြုလုပ်ခဲ့တဲ့ တကယ့်ပျက်စီးစေခဲ့တဲ့ အကြောင်းတရားကတော့ သူရာထူးတာဝန်ထမ်းဆောင်ချိန်မှာ သူနဲ့ သူ့ရဲ့အကျင့်ပျက်ခြစားသူတွေဟာ သူတို့ရဲ့လုပ်ပိုင်ခွင့်အာဏာကို စိန်ခေါ်လာနိုင်တဲ့သူတွေကို အပြတ်အသတ်တိုက်ခိုက်ခဲ့တာပဲဖြစ်ပါတယ်။

သူ့ကိုပြုတ်စေချင်တဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့တွေ၊ မီဒီယာတွေ၊ နိုင်ငံခြားအလှူရှင်တွေနဲ့ အစ္စရေးရဲတပ်ဖွဲ့တွေအပါအဝင် ဥရောပတိုင်းပြည်တွေကို တောင် ရန်သူအဖြစ် သတ်မှတ်ခဲ့ပါတယ်။

**နိုင်ငံရေးမျက်နှာပြောင်တိုက်**

ဆယ်ဗီရိုဘာလက်စ်ကော်နီနဲ့ဒေါ်နယ်ထရန့်တို့လိုပဲ နေတန်ယာဟုနဲ့ သူ့ရဲ့ အပေါင်းပါတစ်စုဟာ နိုင်ငံရေးမျက်နှာပြောင်တိုက်လွန်းပါတယ်။

လတ်တလော နိုင်ငံရေးမျက်နှာပြောင်တိုက်လွန်းမှုတွေဟာ မကြာသေးမီနှစ်များကတည်းက ဖြစ်ခဲ့တာဖြစ်ပါတယ်။ သို့မဟုတ် ဖြစ်နိုင်တာက ထိရောက်တဲ့ နိုင်ငံရေးသြဇာအာဏာဟာ သူ့သဘာဝအရ ကျဆင်းလာတဲ့ ကြောင်းကျိုးဆက်စပ်ဆင်ခြင်ယူရတဲ့အချက် (ကော်ရော်လာရီ) တစ်ခုရှိနေတာကြောင့်များလားဆိုတာ စဉ်းစားစရာဖြစ်နေပါတယ်။ ဒါမှမဟုတ် ပလေတိုနဲ့ ဆိုကရေးတီးတို့ရဲ့ ခေတ်ကိုပြန်သွားနေတာလား မသိတော့ပါဘူး။

**အရိပ်လိုလိုက်ပါ**

နိုင်ငံရေးမှာ ကိုယ်ကျိုးရှာသမားတွေနဲ့ အတ္တသမားတွေသာမရှိဘူးဆိုရင် ဘာတွေပြောင်းလဲသွားမှာလဲ။

လွန်ခဲ့တဲ့နှစ်က ဂျက်ဖာရီဖရန့် အမှတ်တရ ပြောခဲ့သလိုပါပဲ။ အဲဒီလို ကိုယ်ကျိုးရှာသမားတွေနဲ့ အတ္တသမားတွေသာမရှိဘူးဆိုရင် နိုင်ငံဟာ ကောင်းမွန်တဲ့ အသွင်သဏ္ဌာန်တွေဖြစ်ပေါ်လာမှာပါ။

သမိုင်းမှာ နိုင်ငံရေးကိုခုတုံးလုပ်ပြီး ကိုယ်ကျိုးစီးပွားရှာဖွေတဲ့ ကိုယ်ကျိုးရှာသမားတွေ အများကြီးရှိခဲ့ပါတယ်လို့ ဖရန့်က ရေးသားခဲ့ပါတယ်။

သို့သော်လည်း အဲလိုလုပ်ခြင်းကြောင့် ရှက်ဖွယ်လိလိ အကြောင်းတရားဟာ သူတို့ရဲ့နောက်ကို အရိပ်လိုလိုက်ပါလာလေ့ရှိတယ်လို့ သူက ရေးခဲ့ပါတယ်။

**မရိုးဖြောင့်မှုတွေက အနုတ်သဘောဆောင်**

ယခင်က Reality-Show ရဲ့ အစီအစဉ်တင်ဆက်သူ ၇၅ ဦးမြောက် အမေရိကန် သမ္မတဒေါ်နယ်ထရန့်ဟာလည်း မျက်နှာပြောင်တိုက်တဲ့ ကိစ္စရပ်တွေမှာ ခံနိုင်ရည် ရှိပုံရပါတယ်လို့ သူက ဥပမာပြဖော်ပြခဲ့ပါတယ်။

စံတင်လောက်တဲ့ မရိုးဖြောင့်မမှန်ကန်ခြင်းတွေနဲ့ ပတ်သက်ပြီး လူသိရှင်ကြားဖြစ်တဲ့ ကိစ္စတွေဟာ နိုင်ငံရေးရာထူးအာဏာနဲ့ပတ်သက်ပြီး ရှေ့လျှောက်မယ့်လမ်းမှာ ခလုတ်ကန်သင်း ဆူးငြောင့်ခလုတ်ဖြစ်စေပါတယ်။ တစ်ခါတစ်ရံမှာ မကောင်းတဲ့ဘက်ပါရောက်သွားစေသလို အနုတ်သဘောလည်း ဆောင်သွားနိုင်ပါတယ်။

သို့သော်လည်း နေတန်ယာဟုနဲ့ ထရန့်ဟာ နိုင်ငံရေးအပေါ် မျက်နှာပြောင်တိုက်တာတွေကို မသိကျိုးကျွန်ပြုပြီး အရေထူနေသလိုပါပဲ။ ဒါတွေအားလုံးက လုပ်ကွက်တွေပဲဆိုရင်တော့ အားလုံးက လက်မခံဘဲ ငြင်းဆိုကြမှာဖြစ်ပါတယ်။

**တစ်ပူပေါ်နှစ်ပူဆင့်**

ရာထူးအာဏာကို ကာကွယ်ရန်အတွက် ဇာတ်ကွက်ဆင်တာတွေ၊ အကြောက်တရား ဖန်တီးပေးခြင်းတွေဟာ နိုင်ငံရေးမှာ ရိုးအီနေတဲ့ အကြောင်းတရားတွေပဲ ဖြစ်ပါတယ်။

ဖော်ပြခဲ့သလိုပဲ နေတန်ယာဟု ဟာ သူ့ရဲ့ နိုင်ငံရေးမျက်နှာပြောင်တိုက်မှုတွေကို မသိကျိုးကျွန်ပြုပြီး ဆက်လက် လုပ်ဆောင်နေမယ်ဆို ပါက တစ်ပူပေါ်နှစ်ပူဆင့်သလို ပြည့်စုံမှုမရှိသေးတဲ့ ဒီမိုကရေစီဟာ ယိုင်လဲချည့်နဲ့သွားမှာ ဖြစ်ပါတယ်။

**ဒဏ်ခတ်တော့မှာလား**

တကယ်လို့သာ နေတန်ယာဟုအနေနဲ့ အရှက်အကြောက်မရှိဘဲ နိုင်ငံရေးအာဏာကို ခုတုံးလုပ်ပြီး အကျင့်ပျက်ခြစားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေ ဆက်လုပ်နေမယ်ဆိုရင်တော့ နိုင်ငံအတွက် ရှေ့တိုးရတာခက်ခဲမှာပဲ ဖြစ်ပါတယ်။ ထို့အတူ နိုင်ငံသားများအတွက်လည်း နစ်နာမှုတွေ ဖြစ်လာနိုင်ပါတယ်။

ပထမပိုင်းမှာတော့ တိုင်းပြည်တာဝန်အဖြစ် ထမ်းဆောင်နေစဉ်မှာတော့ နေတန်ယာဟုဟာ သူ့ရဲ့ ဘဝတစ်လျှောက်လုံးကို တိုင်းပြည်ကောင်းစားဖို့၊ လုံခြုံမှုရှိဖို့၊ စည်ပင်ဝပြောဖို့အတွက်မြှုပ်နှံခဲ့တယ်လို့ ဖော်ပြခဲ့ပေမယ့် တကယ်တမ်းကျတော့အပြောနဲ့ အလုပ်မညီသလိုဖြစ်ခဲ့ပါတယ်။

နိုင်ငံရေးအာဏာဆိုတာ အခွင့်ထူးအာဏာရသူအတွက်ပဲဖြစ်ပြီး ပြည်သူလူထုအတွက် မဟုတ်ဘူးလို့ဆိုတဲ့ နေတန်ယာဟုရဲ့ယုံကြည်ချက်ဟာ အခုတော့ သူ့ကို ဒဏ်ခတ်တော့မလားဆိုတာ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။ ။ **ကိုးကား-ဂါးဒီးယန်း**

> **“အရှက်အကြောက်မရှိဘဲ နိုင်ငံရေးအာဏာကို ခုတုံးလုပ်ပြီး အကျင့်ပျက်ခြစားမှု တွေ၊ လာဘ်ပေး လာဘ်ယူမှုတွေ ဆက်လုပ်နေမယ်ဆိုရင်တော့ နိုင်ငံအတွက် ရှေ့တိုးရတာ ခက်ခဲမှာပဲဖြစ်”**

# ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*(ယမန်နေ့မှအဆက်)*

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ | | ၅ % |
| ၁၂ | ကျောက်စိမ်းအရိုင်းထည်များ | | ၁၅ % |
| ၁၃ | ပတ္တမြား၊ နီလာနှင့်အခြား အဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များ | | ၁၀ % |
| ၁၄ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာအချောထည်များ၊ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာအချောထည်များ | | ၅ % |
| ၁၅ | (က) Double Cab 4 Door Pickup မှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ | | ၂၀ % |
| | (ခ) Double Cab 4 Door Pickup မှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ | | ၃၀ % |
| | (ဂ) Double Cab 4 Door Pickup မှအပ ၄၀၀၁ CC နှင့်အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ | | ၅၀ % |
| ၁၆ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ | | ၅ % |
| ၁၇ | သဘာဝဓာတ်ငွေ့ | | ၈ % |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါအခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါအထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့်အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကိုဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့်အထူးကုန်စည်ခွန်ကိုသတ်မှတ်ချက်များနှင့်အညီခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သဘာဝဓာတ်ငွေ့ | ၈ % |
| ၂ | သစ်လုံး၊ သစ်ခွဲသားများ | ၁၀ % |
| ၃ | ကျောက်စိမ်းအရိုင်းထည်များ | ၁၅ % |
| ၄ | ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန်ကျောက်မျက် ရတနာအရိုင်းထည်များ | ၁၀% |
| ၅ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာအချောထည်များ၊ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ | ၅% |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့်အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့်ဆေးရွက်ကြီး၊ ဆေးပေါ့လိပ် နှင့်ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်းထုတ်လုပ်ရောင်းရငွေ စုစုပေါင်းကျပ်သိန်း ၂၀၀ တိတိထက်မပိုလျှင်အထူးကုန်စည်ခွန်စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏အခန်း(၅) တွင်ဖော်ပြပါရှိသောစကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် **ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ)ပါ စကားရပ်များမှအပ** အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်းပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ |
| ၂ | ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း |
| ၃ | ပြောင်းအမျိုးမျိုးနှင့်ပြောင်းမှုန့်အမျိုးမျိုး |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ |
| ၅ | မြေပဲတောင့်၊မြေပဲဆန် |
| ၆ | နှမ်း၊ ပန်းနှမ်း |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ဝါစေ့ |
| ၈ | ဆီအုန်း |
| ၉ | ဝါအမျိုးမျိုး |
| ၁၀ | ဂုန်လျှော်နှင့်အခြားလျှော်များ |
| ၁၁ | ကြက်သွန်ဖြူ၊ကြက်သွန်နီ |
| ၁၂ | အာလူး |
| ၁၃ | ပီလောပီနံဥ၊ပီလောပီနံမှုန့် |
| ၁၄ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သောအရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး |
| ၁၆ | ဟင်းသီးဟင်းရွက်များ |
| ၁၇ | ကြံ၊သကြား၊ထန်းလျက်၊ကြံသကာ |
| ၁၈ | ပိုးစာရွက် |
| ၁၉ | ပရဆေးပင် |
| ၂၀ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါး စသော လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ |
| ၂၁ | ထင်း၊ ဝါး |
| ၂၂ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ |
| ၂၃ | ပိုးအိမ် |
| ၂၄ | ကြိမ်အကြမ်းအချော |
| ၂၅ | ပျားရည်၊ပျားဖယောင်း |
| ၂၆ | ချိပ်များ |
| ၂၇ | မြေပဲဖတ်၊နှမ်းဖတ်၊ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့်ဆီကြိတ်ပြီးအဖတ်များ။ |
| ၂၈ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochlorite များသာ) |
| ၂၉ | အုန်းဆံချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး |
| ၃၀ | လက်ဖက်စို၊လက်ဖက်ခြောက်အမျိုးမျိုး |
| ၃၁ | တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ်အပါအဝင်) |
| ၃၂ | ချိပ်ပြားနှင့်တံဆိပ်နှိပ်ချိပ်များ |
| ၃၃ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ |
| ၃၄ | ငံပြာရည်အမျိုးမျိုး |
| ၃၅ | ပဲဆီ၊ နှမ်းဆီ |
| ၃၆ | ငါးစို၊ ပုစွန်စို၊ အသားစို |
| ၃၇ | ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး |
| ၃၈ | ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး |
| ၃၉ | ပုစွန်ဖွဲ၊ ငါးပေါင်းမုန့် |
| ၄၀ | နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး |
| ၄၁ | ပဲနို့ |
| ၄၂ | ငရုတ်သီး၊ငရုတ်သီးမှုန့် |
| ၄၃ | နနွင်း၊နနွင်းမှုန့် |
| ၄၄ | ချင်း |
| ၄၅ | ငါးပိအမျိုးမျိုး |
| ၄၆ | မန်ကျည်းမှည့် |
| ၄၇ | နိုင်ငံတော်အလံ |
| ၄၈ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်) |
| ၄၉ | ပေတံအမျိုးမျိုး၊ခဲဖျက်အမျိုးမျိုး၊ချွန်စက်အမျိုးမျိုး |
| ၅၀ | ထင်းအစားထိုးလောင်စာတောင့် |
| ၅၁ | အုန်းဆီ(စားအုန်းဆီမဟုတ်) |
| ၅၂ | ကြက်ဥ၊ဘဲဥစသည့်ဥအမျိုးမျိုး |
| ၅၃ | ဖရုံစေ့၊ဖရဲစေ့၊သီဟိုဠ်စေ့ |
| ၅၄ | ဘာသာရေးဆိုင်ရာအဝတ်အထည် (သင်္ကန်းစသည်တို့) |
| ၅၅ | ရေနံချေး |
| ၅၆ | ဆားအမျိုးမျိုး |
| ၅၇ | ကြက်ပေါင်စေး |
| ၅၈ | ကွမ်းသီး |
| ၅၉ | ဓာတ်မြေသြဇာ |
| ၆၀ | လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံးခြံဖျန်းဆေးအမျိုးမျိုး |
| ၆၁ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးစက်နှင့်စက်အပိုပစ္စည်းများ၊ လေးဘီးထွန်စက်များ |
| ၆၂ | တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ |
| ၆၃ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ |
| ၆၄ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန်မျိုးရည်၊ မျိုးချောင်းများ |
| ၆၅ | ဆိုလာပန်နယ်လ်၊ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter) |
| ၆၆ | မိမိဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် သို့မဟုတ် ထုတ်လုပ်သည့်ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အခြားဆေးဖက်ဆိုင်ရာပစ္စည်းကိရိယာ တန်ဆာပလာများ |
| ၆၇ | မိမိဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် သို့မဟုတ် ထုတ်လုပ်သည့်ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံးအထွေထွေပစ္စည်းများ |
| ၆၈ | အိမ်သုံးဆေးဝါးနှင့်အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသောဆေးဝါးများ) |
| ၆၉ | တိုင်းရင်းဆေးဝါးကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ |
| ၇၀ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့်ပညာအခြေပြု၊ အတတ်ပညာအခြေပြုစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များထုတ်လုပ်ရန်စက္ကူများ၊ ခဲတံအမျိုးမျိုး |
| ၇၁ | ခဲတံလုပ်ရန်ခဲဆံ |
| ၇၂ | ကွန်ဒုံး(Condom) |
| ၇၃ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာနိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ |
| ၇၄ | နယ်ဘက်ဌာနသုံးယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ |
| ၇၅ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ |
| ၇၆ | မီးသတ်ယာဉ်များ၊နာရေးယာဉ်များ |
| ၇၇ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် နိုင်ငံခြားငွေဖြင့်ရောင်းချသည့်ပစ္စည်းများ |
| ၇၈ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့်နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ် သော သံရုံးဝန်ထမ်းများအသုံးပြုမည့်ကုန်စည်များ |
| ၇၉ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့်ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင်အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန်ဝယ်ယူသည့် ကုန်စည်များ |
| ၈၀ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည်ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင်အသုံးပြုသည့်ကုန်စည်များ |
| ၈၁ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ |
| ၈၂ | ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ |
| ၈၃ | ပြည်ပသို့ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ |
| ၈၄ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့်ယင်းတို့၏ အရန်နှင့်အပိုပစ္စည်း |
| ၈၅ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့်ကုန်စည်များ |
| ၈၆ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Draw Back) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များ |
| ၈၇ | အစိုးရကကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာကျောက်မျက်ရတနာအရိုင်းထည်၊ အချောထည်များ |
| ၈၈ | ရွှေစင်ရွှေတုံးများ |

(ခ) ပုဒ်မခွဲ (က) တွင်ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့်ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်းငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့်ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအစား |
|---|---|
| ၁ | ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | အကောက်ခွန်၊ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | ညှော်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၂ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၃ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၄ | ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း / မျက်မမြင်အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | လမ်းအသုံးပြုခကောက်ခံသည့်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | အများသုံးသန့်စင်ခန်းအသုံးပြုခ ကောက်ခံခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | ပြည်ပလေကြောင်းခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ပြည်တွင်းလေကြောင်း ခရီးသည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းမှအပ အများပြည်သူ ခရီးသည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှု တစ်ရပ်ရပ်လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၂၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၄ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန် မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့် ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့် ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၇ | နိုင်ငံတော်သမ္မတရုံး၊ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာန စသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံ့ပိုင် စီးပွားရေးလုပ်ငန်းများက ဝန်ဆောင်မှုရယူခြင်းမပါ)။ |
| ၂၈ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| ၂၉ | စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ။ |

(င) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) ပြည်တွင်းလေကြောင်း ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုများမှ ခရီးသည်ပို့ဆောင်ခရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဆ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံ ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါ တာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်။

(ဇ) ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

၁၅။ (က) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (Deminimis Value Threshold)။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ်ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၈။ ဤဥပဒေ၏အခန်း(၆)တွင် ဖော်ပြပါရှိသော စကားရပ်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ)ပါ စကားရပ်များမှအပ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင်လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေ ကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီး နောက်ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၃၀,၀၀၀,၀၀၁နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှ ရရှိသော စုစုပေါင်း ငှားရမ်းခရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်း မပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့် နုတ်ပယ်ပြီးနောက် ပုဒ်မခွဲ (ဂ)ဇယားပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ထမ်းဆောင်ရမည်။

(စ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁)နှင့် (၂)တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁)နှင့် (၂)တို့အရ အောက်ပါ သက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)ပါ တစ်ဦးချင်း ပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-ကတို့အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့် ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

(၁) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရ ဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ပြည်ပနေ နိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-ကတို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ၊ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

**၂၅။ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်ပနေ နိုင်ငံသား၏ ပြည်ပမှ ဝင်ငွေရလမ်းတစ်ခုခု သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ရန် လစ်ဟင်းခဲ့သော သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့သော ဝင်ငွေများ၊ နှစ်တစ်နှစ်အတွင်း ပြည်တွင်း၌ မြေ၊ အဆောက်အအုံနှင့် ယင်းအဆောက်အအုံ၏ အဓိကအစိတ်အပိုင်းများ အပါအဝင်ဖြစ်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် ရွှေနှင့် အခြားအဖိုးတန်ပစ္စည်းများအပါအဝင် ယာဉ်ကဲ့သို့သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ ထိတွေ့ကိုင်တွယ်၍ရသော ပစ္စည်းများ၊ ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ အစုရှယ်ယာထည့်ဝင်ခြင်း စသည်တို့အတွက် အသုံးပြုသည့် ငွေကြေးများ၊ လက်ဝယ်ရှိငွေကြေးတို့နှင့်ပတ်သက်၍ အောက်ပါအခွန်နှုန်းထားများအတိုင်း အခွန်ကျသင့်စေရမည်။ ဝင်ငွေခွန်ဥပဒေအရ ဒဏ်ငွေ တပ်ရိုက်ခြင်းမပြုရ။ သို့ရာတွင် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့် လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရအရေးယူခြင်းကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ -**

**(က) ဤဥပဒေအကျိုးသက်ရောက်သည့်နေ့မှစ၍ ပထမ ခြောက်လကာလအတွင်း သတ်မှတ်ထားသော ပုံစံများဖြင့် တင်ပြလာသော ကိစ္စရပ်များအတွက် သုံးရာခိုင်နှုန်း၊**

**(ခ) ပထမခြောက်လ ကုန်ဆုံးပြီးနောက် ဒုတိယခြောက်လကာလအတွင်း သတ်မှတ်ထားသောပုံစံများဖြင့် တင်ပြလာသော ကိစ္စရပ်များအတွက် ငါးရာခိုင်နှုန်း။**

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့ မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ၆-က တို့အရ သက်သာခွင့်များ မနုတ်မီ-

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

**မြတ်စွန်းငွေ** — **ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း**

(၁) ညီမျှကျပ်သန်းပေါင်း(၁၀၀,၀၀၀)အထိ — ၄၀%

(၂) ညီမျှကျပ်သန်းပေါင်း(၁၀၀,၀၀၁) မှ (၁၅၀,၀၀၀)အထိ — ၄၅%

(၃) ညီမျှကျပ်သန်းပေါင်း(၁၅၀,၀၀၁)နှင့်အထက် — ၅၀%

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ငွေဖြင့် လည်းကောင်း၊ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် လည်းကောင်း ဝင်ငွေခွန် ပေးဆောင်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

“ငယ်ကျွန်”၊ “အနမ်းဝိုင်”စသည့် ရုပ်ရှင်ဇာတ်ကားကြီးများဖြင့် လတ်တလောတွင် ပရိသတ်အားပေးမှုများရရှိနေသည့် အောင်ရဲလင်းတစ်ယောက် ၂၀၁၈ ခုနှစ်အတွင်း ရုံတင်ဇာတ်ကားများစွာကို လက်ခံရိုက်ကူးနေပြီး မေလထဲတွင်လည်း One Championship မှာ ရိုက်ကူးမည့်ဇာတ်ကား တစ်ကားအတွက် ခန္ဓာကိုယ်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း သိရသည်။

**မေး ။ ငယ်ကျွန် ကားထဲက မောင်မောင် ကာရိုက်တာရဲ့အခက်အခဲတွေရောရှိလား။ အတွေ့အကြုံလေးတွေ ပြောပြပါဦး။**

ဖြေ ။ “ငယ်ကျွန်” ဇာတ်ကားကြီးမှာ ကျွန်တော်ဒီဇာတ်ကားရဲ့ အိုက်တင်ပိုင်းနဲ့ပတ်သက်ပြီး အခက်အခဲတွေလည်း အများကြီးရှိခဲ့ပါတယ်။ ဇာတ်ကားအစပိုင်းမှာ အမေချစ်တဲ့သား မောင်မောင်နေရာက သရုပ်ဆောင်ထားတယ်။ အငြိမ်လေးနဲ့ ကာရိုက်တာ ပီပြင်အောင် စကားလုံးပြောဆိုမှုတွေမှာလည်း သရုပ်ဆောင်ရတယ်။ နောက်ပိုင်း အမေနဲ့သားရဲ့ပဋိပက္ခကြားမှာ ဆေးသမား တစ်ယောက် ဖြစ်သွားတယ်။ ဆေးသမား တစ်ယောက်ရဲ့ခံစားချက် ဖီလင်လည်း မပျောက်အောင် ထိန်းပြီး လုပ်ဆောင်ရတယ်။ ဆင်းနှိတိုင်းလိုလို အခက်ခဲလေးတွေ ကြုံတွေ့ရတယ်။



**မေး ။ ဒီနှစ်ထဲမှာ ရုံကြီးကားနှစ်ကား တင်ပြီးပြီဆိုတော့ နောက်ထပ်ရှိသေးလား။**

# ကာရိုက်တာပိုင်းကို ရွေးချယ်ရိုက်ကူးမည့် သရုပ်ဆောင် အောင်ရဲလင်း

...........
**ကိုလင်း**
...........

ဖြေ ။ ဒီလ ၂၉ မှာ ဗီဒီယိုတစ်ကားရိုက်ဖို့ရှိတယ်။ ဖေဖော်ဝါရီလကုန်ပိုင်းမှာပဲ မကြည်ဖြူနဲ့ တစ်ကားရိုက်ဖို့ရှိတယ်။ သုံးလပိုင်းမှာ ဘာမှလက်မခံထားဘူး။ ဧပြီမှာရိုက်မယ့် ဇာတ်ကားအတွက် ပြင်ဆင်ချိန်ယူတာပါ။ အများကြီးမရှိဘူး နှစ်ကားပဲလက်ခံတယ်။ မေလရိုက်မယ့်ကားမှာ ကျွန်တော့်ကို ထူးခြားတဲ့ကာရိုက်တာနဲ့ တွေ့ရမှာပါ။

**မေး ။ ဇာတိမြေကားကြီး အကြောင်းလေးပြောပါဦး။**

ဖြေ ။ ဇာတိမြေ ဇာတ်ကားက ဂျပန်မှာ၁၈ ရက်လောက် သွားရိုက်ထားတယ်။ ပြီးတော့ ရန်ကုန်၊ ကလော၊ ညောင်ရွှေ၊ အင်းလေးဘက်မှာ ရိုက်ခဲ့တာဆိုတော့ ဒီကားလေးက location တွေလည်း လှမယ်။ ဂျပန်-မြန်မာချစ်ကြည်ရေးလည်း ဖြစ်မယ်၊ ဇာတ်လမ်းလေးလည်းကောင်းပါတယ်။ ဒီကားရိုက်တဲ့အချိန်အခက် အခဲတွေ့လားလို့ မေးရင် ကျွန်တော့်အတွက်ကတော့ အကုန်ခက်ခဲတယ်။ ဘယ်အရာကိုမှ လွယ်တယ်လို့ သဘောမထားဘူး။ ဆင်းနှိသေးသေးလေးက အစခက်တယ်။ အဲဒီလိုပဲခံယူထားတယ်။ အစ်မတို့မိသားစုကတော့ ကျွန်တော့်အပေါ် အခုအချိန်အထိ အကောင်းဆုံး သင်ကြားပေးနေပါတယ်။ အိုက်တင်နဲ့ ပတ်သက်တာတွေ ကာရိုက်တာပိုင်းဆိုင်ရာနဲ့ပတ်သက်ရင်လည်း အမြဲထိန်းပေးတယ်။ ပြောပြတယ်ဆိုတော့ ကိုယ့်ဆရာနဲ့ ရိုက်တဲ့ကားဖြစ်ပေမယ့်လည်း တစ်ချိန်လုံး ကြိုးစားနေရတာပါပဲ။

**မေး ။ ညီလေး အနေနဲ့ နောက်ပိုင်း ကာရိုက်တာ ရွေးချယ်မှုတွေ ရှိလား။**

ဖြေ ။ နောက်ပိုင်းကတော့ ဇာတ်လမ်းတကယ်ကောင်းပြီး တကယ့်ကို ရုပ်ရှင်ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ သွားရတဲ့ တကယ်ကွာလတီရှိတဲ့ ကားတွေကိုပဲ သရုပ်ဆောင်သွားမယ်။ နောက်တစ်ခုက ကာရိုက်တာပိုင်းနဲ့ ပတ်သက်ရင် ဘယ်လိုနေရာကပဲ ပါရပါရ အကောင်းဆုံးဖြစ်အောင် အစွမ်းကုန်ကြိုးစားသွားဖို့ရှိပါတယ်။ အဓိက ကာရိုက်တာ၊ ဇာတ်လမ်းနဲ့ ရိုက်တဲ့ကားက ရုပ်ရှင်ဆိုတဲ့ ကွာလတီမီကို မီရမယ်၊ အဲဒီအချက်သုံးချက်နဲ့ပဲ အကောင်းဆုံး ရပ်တည်သွားမယ်။ နောက်ပိုင်းကားအများကြီး ရိုက်ဖြစ်မယ် မထင်ဘူး။ တကယ်ကြိုက်ပြီး ကျွန်တော့်စိတ်ထဲ ရိုက်ချင်တဲ့ ဆန္ဒရှိတဲ့ကားကိုပဲ လက်ခံရိုက်ကူးဖြစ်ဖို့များတယ်။ ကျွန်တော့်အတွက် ရိုက်ရတဲ့ ကားနည်းတာများတာ အဓိက မကျဘူး။ ကျွန်တော်ရိုက်တဲ့ ကားတိုင်းကောင်းဖို့ကို အဓိကထားပြီးလုပ်သွားမှာပါ တစ်နှစ်လုံးမှာ နှစ်ကားပဲရိုက်ချင်ရိုက်မယ် သုံးကားပဲ ရိုက်ချင်ရိုက်မယ်။ အဲဒီနှစ်ကား သုံးကားနဲ့ထိုက်တန်တဲ့ ရလဒ်ဖြစ်အောင် ကြိုးစားသွားမယ်။ ကွာလတီပိုင်းကို အဓိက ပိုအားစိုက်သွားမှာပါ။

**မေး ။ ကာရိုက်တာအတွက် ပြင်ဆင်မှုတွေ ရှိလား၊ ဘာတွေ ပြင်ဆင်ထားလဲ။**

ဖြေ ။ အတိအကျတော့ ကျွန်တော့်မှာ မေလရိုက်မယ့် ဇာတ်ကားက boxing ကားလေ၊ One Championship နဲ့ ရိုက်မှာဆိုတော့ ကာရိုက်တာနဲ့ လိုက်အောင် body ကြီးဖို့ ကျွန်တော်လုပ်နေပါတယ်။

**ကိုလင်း**

# ရှုတင်သွားမည့်အချိန်များအား မိသားစုနှင့် လူမှုရေးအတွက် ခွဲဝေပေး



“ရင်ဘတ်ထဲကခေး” ရုပ်ရှင်ဇာတ်ကားထဲတွင် ဖောက်ပြန်တတ်သည့် ယောကျ်ားကိုဒေါသနှင့် အနိုင်ယူခဲ့ပြီး သမီးဖြစ်သူ၏ အပြစ်ပယ်ခံ အထင်လွဲမှားမှုကို ခံစားခဲ့ရသူအဖြစ် ပီပြင်စွာ သရုပ်ဆောင်ကာ ပရိသတ်များ၏ မှတ်ချက်ကောင်းများနှင့်အတူ ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ဆွတ်ခူးစေချင်သူများထဲတွင် တစ်ယောက်အပါအဝင်ဖြစ်နေသူ သရုပ်ဆောင် အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်၏ အနုပညာခံစားချက်အချို့ကို အခုလို သိခွင့်ရခဲ့သည်။

**မေး ။ သတ်မှတ်လိုက်တဲ့ ရုံပိုင်ရှင်နဲ့ ထုတ်လုပ်သူတို့ရုပ်ရှင်ဇာတ်ကားများ ရုံတင်ခွင့်နဲ့ ပတ်သက်ပြီး Aရုံ B ရုံ C ရုံ ခွဲခြင်းအပေါ် မခိုင်ကြီး အမြင်လေးကိုလည်း ပြောပြပါဦး။**

ဖြေ ။ ရုံရှင်နဲ့ကားရှင် နှစ်ပိုင်းဖြစ်နေတာပေါ့၊ ကားထုတ်တွေကို ရိုက်ကူးထုတ်လုပ်တဲ့ ကားရှင်တွေရှိတယ်၊ ရုံတွေပိုင်ဆိုင်တဲ့ ရုံရှင်တွေရှိတယ်။ ကားထုတ်တွေ ဘယ်လောက်ပဲ ကောင်းအောင်ရိုက်ရိုက် ရုံမှာတင်ဖို့လိုအပ်တာ ဖြစ်တဲ့အတွက်ကြောင့် ဘယ်လိုပဲပြောပြော အားလုံးညှိနှိုင်းပြီး လုပ်နေကြတော့ ဝမ်းသာရတာပေါ့။ ကျွန်မကားသာ တကယ်လို့ အဆင့် သေသေချာချာ မြင့်နေလျက်နဲ့ ရွေးချယ်မခံရဘူးဆို ဝမ်းနည်းရမှာပေါ့။

**မေး ။ အနုပညာနဲ့ပတ်သက်ပြီး လှုပ်ရှားမှုတွေ နည်းသွားတယ်နော် အစ်မ။**

ဖြေ ။ အနုပညာ အလုပ်တွေကတော့ မှန်ပါတယ်။ နည်းသွားတယ်။ ဒါကလည်း ကိုယ့်ခံယူချက်နဲ့၊ အသက်အရွယ်နဲ့၊ သူ့အချိန်နဲ့ သူလုပ်သင့်တာ လုပ်ရမယ်ဆိုတဲ့သဘောပေါ့နော်။ ဒီအရွယ်မှာလည်း အမြဲတမ်း ရှုတင်ပဲ သွားနေရမယ့်အသက်အရွယ်မဟုတ်တော့ဘူး။ တခြားပရဟိတသော်လည်းကောင်း၊ မိသားစုအရေးသော်လည်းကောင်း၊ လူမှုရေးသော်လည်းကောင်း ဒီလိုမျိုးလေးတွေမျှ ပြီးပေးဖြစ်တာပေါ့။

**မေး ။ ဇာတ်ရုပ်ပိုင်းမှာရော အခုရွေးချယ်လုပ်တာမျိုးရှိလား။**

ဖြေ ။ အများအားဖြင့် မလိုက်တာကြီးကို အကြောင်းပြပြီး ငြင်းရတာပေါ့။ တကယ်တမ်းကျတော့လည်း ကိုယ်မလိုက်တဲ့ဇာတ်ကြီးကို ဇွတ်လုပ်လိုက်ရင်လည်း ဇာတ်ကားအတွက် ရယ်စရာဖြစ်မယ်၊ ပရိုဂျူဆာလည်းနာမှာပဲ၊ ကျွန်မလည်းနာမှာပဲ၊ ပရိသတ်လည်းနာမှာပဲပေါ့နော်။ အဲဒါမျိုးဖြစ်မယ့်အစား မရိုက်တာကောင်းတယ် ဆိုတဲ့စိတ်လည်းပါပါတယ်။ ရွေးချယ်တာလည်းတစ်ပိုင်းပါ။ အဓိကကတော့ သူ့အသက် အရွယ်နဲ့သူ လုပ်သင့်တာကိုလုပ်ရမယ်ဆိုတဲ့ အနေအထားလေးတွေပါ။ ကျွန်မတခြား အလုပ်တွေလည်းလုပ်ချင်တယ်။ တခြားအလုပ်ဆိုတာ စီးပွားရေးကိုပြောတာ မဟုတ်ဘူး။ ကျွန်မအတွက် လိုအပ်တာလေးတွေလုပ်ဖို့ရှိပါတယ်၊ သံသရာအတွက်ပေါ့။

**ကိုလင်း**

# ငါးနှစ်တာပရိသတ်ကြီးနှင့် ဝေးနေသည့် Snare အဖွဲ့ပြန်လာပြီ



Hip Hop ပရိသတ်များအတွက် Snare အဖွဲ့ ၏ တတိယမြောက်တေး အယ်လ်ဘမ်အသစ် “ပူးတွဲ ချန်ပီယံ”ဟုအမည်ရသည့် တေးစီးရီးခွေကို ဖေဖော်ဝါရီ ၁၂ ရက်ပြည်ထောင်စုနေ့တွင် စတင်ဖြန့်ချိခဲ့ပြီး ငါးနှစ်နီးပါးအချိန်ကြာနေသော ပူးတွဲချန်ပီယံတေးအယ်လ်ဘမ်အသစ်နှင့်ပတ်သက်ပြီး နေဝင်းနှင့် ဖြိုးလေး Snare က ပရိသတ်ကို ယခုကဲ့သို့ ပြောကြားသည်။

“ကျွန်တော်တို့ သီချင်းခွေအသစ် မထွက်လာနိုင်တဲ့အကြောင်းရင်းက လွန်ခဲ့တဲ့သုံးနှစ်လောက်က Snare အဖွဲ့ရဲ့ one band show ကိုမျှော်စင်ကျွန်းမှာ ကျင်းပခဲ့တယ်၊ အဲ့ဒါကို MTV ထွက်မယ်ဆိုပြီး Edit လုပ်နေရင်းနဲ့ သီချင်းခွေသစ်ထွက်ဖို့နောက်ကျနေခဲ့တယ်၊ ပြီးတော့ ကျွန်တော်တို့ စီးပွားရေးဘက် ကိုလည်းအချိန်ပေးဖြစ်နေတော့ အခွေကကြာနေတာပါ၊ ပရိသတ်တွေအတွက် သီချင်းအသစ်တွေ မပေးနိုင်လို့ အချိန်တွေကြာနေလို့ တောင်းပန်ပါတယ်၊ MTV အခွေကို Edit လုပ်တာနဲ့ အချိန်ထပ် ပေးနေရင်ထပ်ပြီးကြာသွားမှာစိုးလို့ အခုချိန်မှာတော့ အခွေအသစ်ကို အချိန်ပေးထုတ်ဖြစ်သွားတာပါ၊ အချိန်အကြာကြီးနေမှ ထွက်ဖြစ်တဲ့အတွက် သီချင်းရေးသားတဲ့အပိုင်းမှာလည်း ကွာခြားသွားတယ်၊ အဆိုပိုင်းလည်း ကွာခြားသွားသလို သီချင်းပုံစံတွေလည်း ကွာခြားသွားတယ်၊ ဒီအခွေသစ်ထဲမှာ အကြောင်းအရာမျိုးစုံပါပါတယ်၊ သူငယ်ချင်းအကြောင်း၊ ဘဝအကြောင်း၊ အချစ်အကြောင်းအစုံပဲ၊ ဂေါ်လီ သီချင်းတွေလည်းပါတယ်၊ ပရိသတ်တွေ နားထောင်ပေးစေချင်ပါတယ်”ဟု ပြောသည်။

အဆိုပါ ပူးတွဲချန်ပီယံ တေးအယ်လ်ဘမ်တွင် Featuring အနေဖြင့် စိုင်းစိုင်းခမ်းလှိုင်၊ မိုးမိုး၊ G Family၊ ဘန်နီဖြိုး၊ အောင်သူ၊ G Fatt၊ မိစန္ဒီ၊ အမရာ ဘုဏ်းတို့က ပါဝင်သီဆိုထားကြကြောင်း သိရသည်။

**ကိုလင်း**



# ဝိုင်းဆိုသည့် အမည်နှင့် ဝိုင်းလေး၏ ဒုတိယမြောက် ခွေလှမ်း

အိပ်မက်ဆုံရာသီချင်းပြိုင်ပွဲမှတစ်ဆင့် ဂီတအနုပညာလောကသို့ ရောက်ရှိခဲ့သည့် အဆိုတော် ဝိုင်းလေး၏ ဒုတိယမြောက် ဝိုင်းတေးစီးရီးကို ဖေဖော်ဝါရီ ၁၇ ရက်တွင် Bo Bo Music Production မှ ဖြန့်ချိမည်ဖြစ်ကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၁၅ရက် ရန်ကုန်မြို့ရှိ အော့ခစ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

“ဒီအခွေလေးကို ဝိုင်းလို့နာမည်ပေးဖြစ်တာကတော့ ဝိုင်းလေးကိုကိုယ်စားပြုပြီးပေးဖြစ်တာပါ၊ သီချင်းအကြောင်းအရာလေးက ဝိုင်းရဲ့အကြောင်းကိုရေးထားတာလည်းဖြစ်တဲ့အတွက် အမှတ်တရလေးလည်းဖြစ်မယ်လို့ ထင်ပါတယ်၊ပထမအခွေကတော့ အဆွေးသီချင်းလေးတွေများတဲ့အတွက် အခုအခွေထဲမှာတော့ အဆွေးသီချင်းတွေမပါဘဲ ဝိုင်းလေးကိုအသစ်တစ်ယောက်အနေနဲ့ တွေ့မြင် ရမှာပါ၊ အင်္ဂလိပ်ဗားရှင်း သီချင်းတစ်ပုဒ်ပါမယ်၊ ပရိသတ်တွေအတွက်ရော အင်္ဂလိပ်သီချင်းလေးပါဖြစ်တာက ကိုယ့်နိုင်ငံမှာလည်း နိုင်ငံတကာကအဆိုတော်တွေလာရောက်သီဆိုကြတယ်ဆိုတော့ မြန်မာနိုင်ငံက အဆိုတော်တစ်ယောက်အနေနဲ့ အင်္ဂလိပ်သီချင်းလေးတစ်ပုဒ်လောက် လုပ်ချင်တယ်ဆိုတော့ ကိုကျားပေါက်က သီချင်းရှိတယ် ဆိုကြည့်ရင်းနဲ့ လိုက်ဖက်တော့ ဆိုဖြစ်သွားတာပါ”ဟု အဆိုတော်ဝိုင်းလေးက ပြောသည်။

အဆိုပါ သီချင်းခွေတွင် တေးရေး ကျားပေါက်၊ ဆလိုင်း၊ ဝေကြီး၊ ဝိုင်းလေးတို့ရေးစပ်ထားသော သီချင်းစုစုပေါင်း ၁၀ပုဒ်ပါဝင်မည်ဖြစ်ပြီး Featuring အနေဖြင့် ဂျူဝယ်လ်က ပါဝင်သီဆိုထားပြီး အချစ်၊ ခရီးသွားအကြောင်းအရာများကို ရေးစပ်ထားသည့် သီချင်းအမျိုးအစားများ ပါဝင်သည်။

ယင်းအခွေထွက်ရှိသည့်အနေဖြင့် ပရိုမိုးရှင်းပွဲကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့လှည်းတန်းစင်တာ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် မန္တလေးမြို့ရှိ မနော်ရမ္မ ကစားကွင်း၌ အနုပညာရှင်များနဲ့အတူတူ လက်မှတ်ရေးထိုးကာ တေးသီချင်းများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### အပြင်ကပုံနဲ့လုံးဝမတူတဲ့ ပြတိုက်ထဲက ဘီယွန်းဆေးလ်ရဲ့ဖယောင်းရုပ်တု

ကနေဒါနိုင်ငံမှာရှိတဲ့ နိုင်ရာဂါရာမှာရှိတဲ့ ဖယောင်းရုပ်တု ပြတိုက်ဟာ အခုအခါမှာ ဝေဖန်မှုတွေအများကြီးနဲ့ကြုံတွေ့နေရပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီပြတိုက်မှာထားတဲ့ ဘီယွန်းဆေးလ်ရဲ့ဖယောင်းရုပ်တုဟာ အပြင်ကပုံနဲ့လုံးဝမတူဘဲ အသားရောင်ဟာလည်း အလွန်ကို ဖြူဖွေးလွန်းနေပါတယ်။ ဒါကြောင့် တွစ်တာ အသုံးပြုသူတွေဟာ အဲဒီပုံကိုလူမှုကွန်ရက်မှာမျှဝေခဲ့ပြီး ဘီယွန်းဆေးလ်နဲ့လုံးဝမတူတဲ့ပုံလို့ ဝေဖန်ခဲ့ကြပါတယ်။ ဘီယွန်းဆေးလ်ရဲ့ ဖယောင်းရုပ်တုနဲ့ပတ်သက်ပြီး ဝေဖန်ခံရတာဟာ အဲဒီပြတိုက်အတွက်တော့ ပထမဦးဆုံးအကြိမ်တော့ မဟုတ်ပါဘူး။ ၂၀၁၇ ခုနှစ်မှာလည်း ဘီယွန်းဆေးလ်ရဲ့ ဖယောင်းရုပ်တုဟာ မတူဘူးလို့ တွစ်တာမှာ ဝေဖန်မှုတွေ ဆူညံခဲ့ဖူးပါတယ်။ အဲဒီတုန်းကရုပ်တုနဲ့ အခုရုပ်တုဟာ အတူတူပဲလား ဒါမှမဟုတ် အသစ်ထပ်ပြီး ဖယောင်းရုပ်တုလုပ်တာကိုပဲ မတူဖြစ်နေတာလားဆိုတာကိုတော့ သေချာမသိပါဘူး။

ပရိသတ်တွေကတော့ သူတို့နှစ်သက်ရတဲ့သရုပ်ဆောင် ဂီတလောကမှာ တကယ့်အောင်မြင်တဲ့လူတစ်ယောက်ရဲ့ ပုံတူကိုဒီလိုကြီးဖြစ်အောင် လုပ်လိုက်တာဟာ သူတို့ရဲ့ဒေါသကို ဆွပေးလိုက်သလိုပါပဲ။ ပြတိုက်မှာပြထားတဲ့ပုံဟာ ဘီယွန်းဆေးလ်နဲ့ လုံးဝမတူဘူးဆိုတာကိုတော့ လူတိုင်းကလက်ခံထားကြပါတယ်။ ဘီယွန်းဆေးလ်လိုပဲ ပြတိုက်မှာပြထားတဲ့ ဖယောင်းရုပ်တုပုံတူနဲ့အပြင်က လက်တွေ့ပုံမတူညီကြတဲ့ အနုပညာရှင်တွေကတော့ ကေတီပယ်ရီ၊ တေလာဆွစ်ဖ်၊ အဒဲလ်၊ ဘရစ်တနီး စပီးယားတို့ပဲဖြစ်တယ်။ **ဂူဂဲလ်**



ချူး

### ပိုလာမြူးဇစ်ဆုကို ရော့ခ်အဖွဲ့ဖြစ်သည့် Metallica အဖွဲ့က ရရှိ

ဟဲဗီးမက်တယ် တေးဂီတအဖွဲ့ဖြစ်တဲ့ Metallica အဖွဲ့ဟာ ဆွီဒင်နိုင်ငံကချီးမြှင့်တဲ့ ၂၀၁၈ခုနှစ်အတွက် ပိုလာတေးဂီတဆုကို ရရှိသွားပါတယ်။ အမေရိကန်တေးဂီတအဖွဲ့ဖြစ်တဲ့ Metallica အဖွဲ့ဟာ ကမ္ဘာအနှံ့ သူတို့ရဲ့သီချင်းခွေအချပ်ရေပေါင်း သန်း ၁၀၀ ကျော် ရောင်းချနိုင်ခဲ့တဲ့အဖွဲ့လည်း ဖြစ်ပါတယ်။ ပိုလာမြူးဇစ်ဆု ချီးမြှင့်ရေးအဖွဲ့ကို ၁၉၈၉ ခုနှစ်ကစတင်တည်ထောင်ခဲ့တာဖြစ်ပြီး ဂန္ထဝင်တေးသီချင်းတွေကို သာမက လူကြိုက်များရေပန်းစားတဲ့ ဂီတအမျိုးအစားတွေကိုပါ ဆုချီးမြှင့်ပေးတဲ့ အဖွဲ့အစည်းလည်းဖြစ်ပါတယ်။

ပိုလာမြူးဇစ်ဆုကိုရရှိတာဟာမယုံကြည်နိုင်လောက်တဲ့အရာပဲလို့ Metallica အဖွဲ့က ဒရမ်သမားလည်းဖြစ် ပူးတွဲတည်ထောင်သူလည်းဖြစ်တဲ့ Lars Ulrich က သူတို့အဖွဲ့ရဲ့ ဝက်ဘ်ဆိုက်မှာဖော်ပြထားပါတယ်။ လွန်ခဲ့တဲ့ ၃၅ နှစ်အတွင်းမှာ Metallica အဖွဲ့ဟာ ဘာတွေလုပ်ဆောင်ခဲ့သလဲဆိုတာကို ဒီဆုက သက်သေထူလိုက်တာလည်းဖြစ်တယ်လို့ ပြောပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့အဖွဲ့ဟာ ဒီနှစ်မှာကောင်းမွန်ခြင်းတွေနဲ့ပဲအစပြုနေတယ်လို့ ခံစားနေရကြောင်း ပြောပါတယ်။ ဆုချီးမြှင့်ရေးကော်မတီဟာ ဒီအဖွဲ့ကိုသူတို့ရဲ့ထူးခြားကောင်းမွန်လှတဲ့ အနုပညာအတွက် ဆုပေးအပ်ခဲ့တာပဲဖြစ်ပါတယ်။ ၁၉၈၁ ခုနှစ်က ဒရမ်သမား Ulrich နဲ့ အဆိုတော် ဂျိမ်းစ်ဟတ်ဖီးလ်တို့ ဖွဲ့စည်းခဲ့တဲ့ Metallica အဖွဲ့ဟာ သမိုင်းမှာ ဝင်ငွေအများဆုံး ရော့ခ်အဖွဲ့ဖြစ်ပြီး ကမ္ဘာအနှံ့ အယ်လ်ဘမ်အချပ်ရေပေါင်း သန်း၁၀၀ ကျော်ရောင်းချထားတဲ့အဖွဲ့လည်း ဖြစ်ပါတယ်။

ပိုလာမြူးဇစ်ဆုဟာ နှစ်စဉ် ဂန္ထဝင်တေးဂီတအတွက်တစ်ဆု၊ ခေတ်ပေါ်တေးဂီတအတွက် တစ်ဆုချီးမြှင့်ပေးပါတယ်။ **ဂူဂဲလ်**



ချူး

## သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**သန်လျင် ဖေဖော်ဝါရီ ၁၆**

သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ်ဖလား ဘောလုံးအားကစားပြိုင်ပွဲကို ဖေဖော်ဝါရီလဒုတိယပတ်က သန်လျင်မြို့နယ်သီဟဒီပအားကစားကွင်းအတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် စာရင်းကိုင်နှင့် ဘဏ္ဍာရေးပညာဌာနအသင်း၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာဌာနအသင်း၊ အသုံးချစာရင်းအင်းပညာဌာနအသင်း၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာဌာနအသင်း၊ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာဌာနအသင်းနှင့် ပထမနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် ညွှန့်ပေါင်းအသင်း စုစုပေါင်းအသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလဒုတိယအပတ်တွင် ကျင်းပခဲ့ရာ သမဝါယမတက္ကသိုလ် (သန်လျင်)မှ ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်း၊ ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဦးတင်သိန်း၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါ်မြင့်မြင့်စိန်၊ စီမံခန့်ခွဲရေးဌာနနှင့် သင်ကြားရေးဌာနများမှ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်အားပေးခဲ့ကြသည်။

ဗိုလ်လုပွဲတွင် စီမံခန့်ခွဲမှုပညာဌာနအသင်းမှ အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဂုဏ်ပြုဆုငွေနှင့် တစ်ဦးချင်းဆုတံဆိပ်များအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## နည်းပညာတက္ကသိုလ် သန်လျင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်အဖြစ် သန်လျင်မြို့ရှိ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၌ အခြေခံကင်းထောက်သင်တန်းဖွင့်ပွဲနှင့် နည်းပညာတက္ကသိုလ် (သန်လျင်)တွင် သန့်ရှင်းရေးလုပ်ငန်းများ ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပသည်။



ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အခြေခံကင်းထောက် သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံကင်းထောက်ကော်မတီ ဥက္ကဋ္ဌကင်းထောက်ချုပ် ဒေါက်တာ တင်ညို၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ နီလာကြည်၊ ကင်းထောက်သင်တန်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဌာနမှူး ဒေါက်တာ သက်သက်မြိုင်တို့က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသားသင်တန်းသူ ၂၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၅ ရက်အထိ ဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်အဖြစ် နည်းပညာတက္ကသိုလ် (သန်လျင်) တွင် ပါမောက္ခချုပ် ဒေါက်တာ သိင်္ဂီခေါင်းဆောင်ပြီး ကင်းထောက် ဆရာဆရာမများ၊ တက္ကသိုလ်ကင်းထောက် ကျောင်းသားကျောင်းသူများသည် ဖေဖော်ဝါရီ ၁၃ ရက်က နည်းပညာတက္ကသိုလ်ကျောင်းဝင်းအတွင်းနှင့် စာသင်ခန်းများတွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ထားဝယ်ကျောင်းနယ်မြေအသုံးပြုမှု ဒုတိယအကြိမ် လျော်ကြေးငွေပေးအပ်

**လောင်းလုံး ဖေဖော်ဝါရီ ၁၆**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကမြောကင်းကျေးရွာရှိ ထားဝယ်တက္ကသိုလ် ကျောင်းနယ်မြေအဖြစ် အသုံးပြုခဲ့သည့် မြေဧရိယာအတွင်း ပါဝင်သောမြေများ ပိုင်ဆိုင်သည့်တောင်သူများအား စိစစ်ပြီး ဒုတိယအကြိမ်နစ်နာကြေးနှင့် လျော်ကြေးငွေများပေးအပ်ခြင်းကို ကမြောကင်းကျေးရွာအုပ်စု သောကြာပြင်ကျေးရွာ ရွှေဘုံသာကံသာဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီလဒုတိယပတ်က ကျင်းပခဲ့သည်။



အဆိုပါ နစ်နာကြေးနှင့်လျော်ကြေးငွေပေးအပ်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက အမှာစကားပြောကြားပြီး နစ်နာကြေးနှင့် လျော်ကြေးငွေထုတ်ပေးရေးကော်မတီအဖွဲ့ ခေါင်းဆောင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နစ်နာကြေးနှင့် လျော်ကြေးငွေများကို တာဝန်ရှိသူများက ပေးအပ်ပြီး မြေလျော်ကြေးငွေတစ်ဧကလျှင် ငွေကျပ်သိန်း ၂၀၀၊ သီးနှံလျော်ကြေးငွေ တစ်ပင်လျှင်ငွေကျပ် ၇၀၀၀ နှုန်းဖြင့် တောင်သူ ၂၃ ဦးအား စုစုပေါင်းဧက ၁၄၁ ဒသမ ၃၃ ဧက အတွက် နစ်နာကြေး ငွေကျပ် ၁၆၄၉၁၆၀၀၀၊ လျော်ကြေးငွေကျပ် ၂၈၀၆၃၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးထွန်း (ပြန်/ဆက်)**

## လယ်ယာမြေများအတွက် လျော်ကြေးပေးအပ်

**ကနီ ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်နှင့် ကလေးခရိုင် မင်းကင်းမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်သည့် ကနီ-မင်းကင်း-တောင်တွင်းချောင်လမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် မြေယာလျော်ကြေးပေးအပ်ပွဲကို ဖေဖော်ဝါရီလဒုတိယပတ်က ကနီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်အိအိခင်က မြေယာလျော်ကြေးများ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းသည်။ ယင်းနောက် မြေယာလျော်ကြေးငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက တောင်သူ ၁၁၈ ဦးတို့၏ လယ်မြေ ၁၁ ဒသမ ၉၂ ဧကနှင့် ယာမြေ ၁၀၂ ဒသမ ၈၃ ဧကအတွက် လျော်ကြေးငွေ စုစုပေါင်း ငွေကျပ် ၇၆၀ ဒသမ ၀၂ သိန်းကို ကင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲတာဝန်ခံများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော မြေယာရှင်များအား လျော်ကြေးငွေပေးအပ်ရာတွင် လယ်မြေတစ်ဧကလျှင် ငွေကျပ် ၁၂ သိန်းနှုန်းနှင့် ယာမြေတစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းနှုန်း ကိုပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင် (ကနီ)**

## နွေရာသီ ပညာဒါန ပန်းချီသင်တန်း ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်၌ ဖွင့်လှစ်မည်

**ဖျာပုံ ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး (ဖျာပုံ)နှင့် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်တို့ ပူးပေါင်း၍ နွေရာသီပညာဒါနအခြေခံ ပန်းချီသင်တန်းကို မတ် ၁ ရက်တွင် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသည် ဖျာပုံမြို့၌ စတုတ္ထအကြိမ်မြောက်ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး ဖျာပုံမြို့ခံ ပန်းချီဆရာများမှ ကျောင်းသား ကျောင်းသူများအတွက် အခြေခံပုံဆွဲ၊ အခြေခံရေဆေးပန်းချီရေးဆွဲခြင်းကို သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ မည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများသည် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်သို့ ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဖျာပုံမြို့နယ်) က နှိုးဆော်ထားကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# မိုးစပါး၊ နွေစပါးအတွက် စိုက်ပျိုးရေရရှိစေရန် နမ့်ခင်ချောင်း (ဝမ်ဟ) ရေလျှံဆည် တည်ဆောက်



**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၆**
ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူတို့က ဖေဖော်ဝါရီ ၁၄ ရက်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် နမ့်ခင်ချောင်းရေကြီး ရေလျှံမှုမှ ကာကွယ်ရန်နောင်အော ကျေးရွာမှ ယန်းဟောက်ရွာအထိ သဲနုန်းတူးဖော်ချောင်းချဲ့ခြင်းလုပ်ငန်း ကတ်သောင် ကျေးရွာအုပ်စုတွင် အရှည်ပေ ၁၈၅၀၀၊ မြေကြီးကျင်း ၅၄၆၀၄ ကျင်း၊ ရေဘေးကာကွယ်ရေးယာကေ ၁၂၅၀ တည်ဆောက်နေမှုများကို သွားရောက်စစ်ဆေးခဲ့သည်။

ယင်းဆည်သည် လွယ်ခိုက်ကျေးရွာ၊ ယန်းကျိန်ကျေးရွာ အုပ်စုကတ်တောင်ကျေးရွာအုပ်စုများရှိ လယ်မြေ ၁၂၅၀ ခန့်ကို ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရန် ရည်ရွယ်၍ တည်ဆောက်နေခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ဝမ်ဟကျေးရွာအနီး နမ့်ခင်ချောင်း (ဝမ်ဟ)ရေလျှံဆည် တည်ဆောက် ခြင်းလုပ်ငန်း ကျောက်စီပန်းရန် ရေလွှဲဆည် အရှည်ပေ ၇၇ ပေ၊ အကျယ် ၃၅ ပေ၊ အမြင့် ၄ ပေ၊ အကျိုးပြုဧက ၂၀၀ ရှိ ရေလွှဲဆည်ကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်နေမှုကို စစ်ဆေးခဲ့ကြသည်။

ယင်းဆည်သည် ယန်းလောကျေးရွာအုပ်စု (ဝမ်ဟ) ကျေးရွာအနီးရှိ လယ်မြေဧက ၂၀၀ ကို မိုးစပါး၊ နွေစပါး စိုက်ပျိုး ရေလုံလောက်စွာရရှိနိုင်ရန်အတွက် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# လမ်း၊ တံတားများဖျက်ဆီးမှုကို ရပ်တန့်ရန် ပူတာအိုမြို့ခံ ၂၀၀ ခန့် ဆန္ဒဖော်ထုတ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၆**
ကချင်ပြည်နယ် မြစ်ကြီးနား-ဆွမ်ဘရာဘွမ်-ပူတာအို လမ်းပိုင်း ပြည်ထောင်စု လမ်းမကြီးပေါ်မှ တံတားနှစ်စင်းကို ကေအိုင်အေအဖွဲ့က ဖျက်ဆီးလိုက်ခြင်းကြောင့် ပူတာအိုခရိုင်အတွင်းမှ ဒေသခံပြည်သူများ၏ လူနေမှုဘဝတွင် ပြဿနာများကြုံတွေ့နေရပြီး ကုန်ဈေးနှုန်းမြင့်တက်မှုများလည်း ရှိခဲ့သောကြောင့် လမ်းတံတားဖျက်ဆီးမှုကို




ရပ်တန့်ပေးရန် ပူတာအိုမြို့၌ ပြည်သူ ၂၀၀ ခန့် စုပေါင်း၍ ဖေဖော်ဝါရီ ၁၃ ရက်က ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

မြစ်ကြီးနား-ဆွမ်ဘရာဘွမ်-ပူတာအို လမ်းပိုင်းရှိတံတားနှစ်စင်းကို ဖျက်ဆီးခံရပြီးနောက် ဖျက်ဆီးလိုက်ပြီးနောက် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားပြီး ဆန်၊ ဓာတ်ဆီစသည့် ကုန်စည်ဈေးနှုန်းများ တစ်ဟုန်ထိုးမြင့်တက်သွားရာ ပူတာအိုခရိုင်မှ ဒေသခံပြည်သူများအနေဖြင့် အခက်အခဲများကြုံတွေ့ရသဖြင့် ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ကြောင်း ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်သူ ဒေသခံဦးလမင်းက ပြောသည်။

"ဆန္ဒပြရတဲ့ အဓိကရည်ရွယ်ချက်ကတော့ လမ်းတံတားဖျက်ဆီးတာ ရပ်ပေးဖို့ရယ်၊ ငြိမ်းချမ်းရေးအမြန်ဆုံးဆောင်ရွက်ပေးဖို့ပါ"ဟု ဦးလမင်းက ပြောသည်။

အဆိုပါ ဆန္ဒထုတ်ဖော်မှုကို ဂျိန်းဖောစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ခန္တီးရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ လီဆူးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရဝမ်စာပေယဉ်ကျေးမှုအဖွဲ့ တို့မှ တာဝန်ရှိသူများက အဓိကဦးဆောင်ပြီး ပူတာအိုမြို့ ပြည်သူ့ရင်ပြင်မှ အထက(၂) ပူတာအိုကျောင်းအထိ လမ်းလျှောက်၍ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

မြစ်ကြီးနာ-ဆွမ်ဘရာဘွမ်-ပူတာအိုလမ်းပိုင်း ပြည်ထောင်စုလမ်းမပေါ်ရှိ တံတားမှာ ဇန်နဝါရီ ၂၈ ရက်က ဖျက်ဆီးခံခဲ့ရရာ လက်ရှိပူတာအိုဒေသတွင် ကုန်ဈေးနှုန်းများ မြင့်တက်နေပြီး မြို့ပေါ်၌ ဓာတ်ဆီတစ်ဂါလန်လျှင် ငွေကျပ် ၂၄၀၀၀ ကျော်အထိလည်းကောင်း၊ ဆန်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ အထိ လည်းကောင်း ဈေးနှုန်းများမြင့်တက်နေကြောင်း သိရသည်။

**မင်းမင်းဦး**

# ဇန်နဝါရီလအတွင်း အလုပ်အကိုင်ပေါင်း သုံးသောင်းရှစ်ထောင်ခန့် ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။



ယခုနှစ် ဇန်နဝါရီလအတွက် ပြည်ထောင်စုနယ်မြေတွင် အစိုးရအလုပ်အကိုင် ၈၈ ခု၊ ပုဂ္ဂလိကအလုပ်အကိုင် ၃၀၆ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၂၀၂ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၃၄၆၇ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၂၅ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၂၀၆ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၆၄ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၃၂၇၈ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၁၂၉ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၉၅၁ ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၄၃ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၀၈၅ ခု၊ မကွေးတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၃၃ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၃၅၉ ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၇ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၂၆၃ ခု၊ ကချင်ပြည်နယ်တွင် အစိုးရအလုပ်အကိုင် ၄၂ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၂၁၃ ခု၊ ကယားပြည်နယ်အတွင်း အစိုးရအလုပ်အကိုင် ၁၆၄ ခုနှင့် ပုဂ္ဂလိက အလုပ်အကိုင် ၂၈ ခု၊ ကရင်ပြည်နယ်အတွင်း အစိုးရအလုပ်အကိုင် ၁၀ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၂၅၇ ခု၊ ချင်းပြည်နယ်အတွင်း အစိုးရအလုပ်အကိုင် ၁၀ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၃၇ ခု၊ မွန်ပြည်နယ်အတွင်း အစိုးရအလုပ်အကိုင် ၁၃ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၆၀၊ ရခိုင်ပြည်နယ်အတွင်း အစိုးရအလုပ် အကိုင် ၁၁ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၃၇ ခုနှင့် ရှမ်းပြည်နယ်အတွင်း အစိုးရအလုပ်အကိုင် ၁၅၁ ခုနှင့် ပုဂ္ဂလိက အလုပ်အကိုင် ၃၀၅ ခုတို့ကို ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ပြည်ပအလုပ်အကိုင် ပေးအပ်နိုင်မှုအခြေအနေမှာ မလေးရှားနိုင်ငံသို့ အလုပ်သမား ၁၆၅ ဦးကို စေလွှတ်နိုင်ခဲ့ပြီး စင်ကာပူနိုင်ငံသို့ အလုပ်သမား ၅၅ ဦးကိုလည်းကောင်း၊ ကိုရီးယားနိုင်ငံသို့ အလုပ်သမား ၆၄၀၊ ထိုင်းနိုင်ငံသို့ အလုပ်သမား ၁၆၉၈၈ ဦး၊ ဂျပန်နိုင်ငံသို့ အလုပ်သမား ၂၃၉ ဦး၊ ယူအေအီးသို့ အလုပ်သမား ၁၆ ဦး၊ ကာတာနိုင်ငံသို့ အလုပ်သမား ၁၆ ဦး စုစုပေါင်း အလုပ်သမား ၁၈၁၁၉ ဦးတို့ကို တရားဝင်စေလွှတ်ပေးနိုင်ခဲ့ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

ပြည်တွင်းပြည်ပ အလုပ်အကိုင် ပေးအပ်နိုင်ခဲ့ခြင်းအတွက် ဇန်နဝါရီလအတွင်း အလုပ်အကိုင်ပေါင်း သုံးသောင်းရှစ်ထောင်ကျော်ခန့်ရှိခဲ့ကြောင်း သိရသည်။

**သတင်း- ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး**

# ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုနှင့် လွတ်လပ်ရေးကျောက်တိုင် ဖွင့်ပွဲကျင်းပ



**မြင်းမူ ဖေဖော်ဝါရီ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၌ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုနှင့် လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး ဗိုလ်ချုပ်အောင်ဆန်းပန်းခြံဖြစ်မြောက်ရေးကော်မတီ နာယက ဦးဘာဘာက တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကြေးရုပ်တုနှင့် လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းမြင့်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သက်ခိုင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ရဲတပ်ဖွဲ့က ဦးဆောင်၍ ဖွင့်ပွဲတက်ရောက်သူများက ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုအား အလေးပြုကြပြီး ဖွင့်ပွဲအပြီးတွင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အဖြစ် ပဲပြုတ်နှင့်နံပြား ဧည့်ခံကျွေးမွေးခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ပန်းခြံအတွင်း၌ အမှတ်တရ အင်္ကျီ၊ လွယ်အိတ်၊ ခေါင်းစည်း၊ ဦးထုပ် အရောင်းပြခန်းကိုလည်း ဖွင့်လှစ်ခဲ့ပြီး မြင်းမူမြို့မတူရိယာအသင်းက သီချင်းများ သီဆိုဧည့်ခံခဲ့ကြကြောင်း သိရသည်။

**၀၇၇**

# ဂျပန်အမျိုးသားတစ်ဦး၏ လက်ကိုင်အိတ်ကို ကောက်ရသူက ရိုးသားစွာပြန်လည်ပေးအပ်

**ညောင်ဦး ဖေဖော်ဝါရီ ၁၆**
ညောင်ဦးမြို့တွင် ဂျပန်အမျိုးသားတစ်ဦး ကျပျောက်ခဲ့သော လက်ကိုင်အိတ်ကို ကောက်ရသည့် ပြည်သူတစ်ဦးက Bagan tour Police တပ်ဖွဲ့သို့ ဆက်သွယ်အပ်နှံကာ ပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့ ရေဝင်ရပ်တွင် နေထိုင်သူ ဦးအောင်ငွေ(သဟာယလူမှုကူညီရေးအသင်းဥက္ကဋ္ဌ)သည် ဖေဖော်ဝါရီ ၁၂ ရက်က နေအိမ်မှလုပ်ငန်းခွင်သို့သွားစဉ် နိုင်ငံခြားသားများကိုင်ဆောင်သည့် လက်ကိုင်အိတ်တစ်လုံးကို ကောက်ရ၍ Bagan tour Police တပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြားကာ ပိုင်ရှင်ရှာပေးရန် အကူအညီတောင်းခံခဲ့သည်။

ရဲတပ်ဖွဲ့၏ ကူညီစုံစမ်းပေးမှုဖြင့် ယင်းနေ့ နေ့လယ်ပိုင်းတွင် ပိုင်ရှင် ပေါ်ပေါက်ခဲ့၍ ရွှေပြည်နန်းသနပ်ခါးပြတိုက်၌ ပိုင်ရှင်နှင့်တွေ့ဆုံကာ လက်ကိုင်အိတ်ကို ပိုင်ရှင် ဂျပန်နိုင်ငံသား JICA ဝန်ထမ်းတစ်ဦးဖြစ်သူ မစ္စတာ Tong Bing Cong ထံ ပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**ကျော်ငွေ(ညောင်ဦး)**

# GrandCrab Ransomware ကို ပြင်ဦးလွင်မှ ကွန်ပျူတာတစ်လုံးတွင် တွေ့ရ၍ သတိပေးထား

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ဇန်နဝါရီ ၂၆ ရက်မှစ၍ ကမ္ဘာတစ်လွှား စတင်ပျံ့နှံ့ခဲ့သည့် Ransomware တစ်မျိုးဖြစ်သော GrandCrab ကိုသတိပြုကြရန်အတွက် Myanmar Computer Emergency Response Team(mmCERT)က သတိပေးချက်ထုတ်ပြန်ထားပြီး အဆိုပါ Ransomware ကို မြန်မာနိုင်ငံ ပြင်ဦးလွင်မြို့မှ ကွန်ပျူတာတစ်လုံးတွင်လည်း တွေ့ရှိထားကြောင်း mmCERT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Ransomware ဆိုသည်မှာ ဗိုင်းရပ်စ်များကဲ့သို့ ကွန်ပျူတာကို ပျက်စီးစေသော တိုက်ခိုက်မှုမျိုးမဟုတ်ဘဲ ကွန်ပျူတာအတွင်းမှ ဖိုင်များကို ဖျောက်ပစ်ကာ ပြန်လည်ရယူလိုပါက သတ်မှတ်ချိန်အတွင်း သတ်မှတ်သည့်ငွေကိုပေးရန် ငွေညှစ်တောင်းခံခြင်းမျိုးဖြစ်သည်။

GrandCrab Ransomware မှာ အီးမေးလ်များမှတစ်ဆင့်သာ ကူးစက်နိုင်ပြီး အခြား Ransomware များဖြစ်သည့် ကွန်ရက်မှ အလိုလိုကူးစက်နိုင်ခြင်းမျိုး မရှိကြောင်း သိရသည်။ “ဒါက တခြား အရင်ကထွက်ခဲ့တဲ့ Bad Rabbit တို့ Wanna Cry တို့နဲ့တော့ သိပ်မတူဘူး၊ Wanna cry တို့က Worm သဘောမျိုးပါတော့ ဘာမှမလုပ်လည်း သူ့ဟာသူ နက်ဝပ်ထဲကဖြစ်ဖြစ် ဝိုင်ဖိုင်ထဲကဖြစ်ဖြစ် ထိုင်ကူးနေတာပေါ့၊ ဒီ GrandCrab ကျတော့ အီးမေးလ်ထဲကိုပဲ PDF ဖိုင်ပုံစံလေးနဲ့ ဝင်လာတာ” ဟု mmCERT မှ ဦးမျိုးမြင့်ထိုက်က ပြောသည်။




GrandCrab ကူးစက်ခြင်းခံရသော ပြင်ဦးလွင်မှ ကွန်ပျူတာတွင် ငွေပေးချေရန် တောင်းခံထားသောပုံ

GandCrab ဟု အမည်ရသော Ransomware သည် Email မှတစ်ဆင့် PDF အယောင်ဆောင်ထားသော HTML ဖိုင်ကို Attachment အနေဖြင့် ပေးပို့ခြင်းဖြစ်ပြီး အဆိုပါ အယောင်ဆောင် PDF ဖိုင်ကို အီးမေးလ်အသုံးပြုသူက ဖွင့်ခဲ့လျှင် အဖျက်အမှောင့်ကုတ်များပါသော Microsoft Word ဖိုင်ဟန်ဆောင် ထားသည့် နောက်ထပ်ဖိုင်တစ်ခုကို Download ဆွဲချမည်ဖြစ်သည်။ ထိုဖိုင်ကို အသုံးပြုသူက ထပ်၍ဖွင့်ခဲ့လျှင် ဖိုင်ထဲရှိ Macro ကုတ်များကို အလုပ်လုပ်ပြီး PowerShell Command မှတစ်ဆင့် ချိတ်ဆက်ထားသော ဝက်ဘ်ဆိုက်လိပ်စာမှ Power Shell Script ကို download ထပ်ဆွဲ၍ အလုပ်လုပ်စေမည်ဖြစ်ကာ နောက်ဆုံးတွင် အသုံးပြုသူ၏ ကွန်ပျူတာထဲမှ ဖိုင်များအားလုံးကို အသုံးပြု၍မရတော့အောင် ဝှက်လိုက်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက်တွင် ဝှက်ထားသောဖိုင်များကို ပြန်ဖော်လိုပါက ငွေပေးရန် တောင်းခံမည်ဖြစ်ပြီး လက်ရှိ မြန်မာနိုင်ငံတွင် တွေ့ထားသော Ransomeware မှာ ဒေါ်လာ ၆၀၀ ခန့်နှင့် ညီမျှသော 1.02 Dash Coin ကို တောင်းခံကာ အချို့သော နိုင်ငံများအတွက် ဒေါ်လာ ၁၂၀၀ နှင့် ညီမျှသော Dash Coin ကို တောင်းခံကြောင်း၊ GandCrab Ransomware ကို မည်သည့်နိုင်ငံမှ စတင်သည်ကို အတိအကျ မသိရသော်လည်း လက်ရှိပျံ့နှံ့မှုနှင့် ငွေတောင်းခံမှု အခြေအနေများအရ ရုရှနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တစ်ခုခုမှ ဖြစ်နိုင်ခြေရှိကြောင်း ဦးမျိုးမြင့်ထိုက်၏ ပြောကြားချက်အရ သိရသည်။

ယခင်က နာမည်ကြီးခဲ့သော Wanna Cry နှင့် GrandCrab ၏ ကွာခြားချက်မှာ ဖိုင်များကို ပြန်လည်ရယူရန် ငွေတောင်းသည့်အခါ Wanna Cry က ငွေပေးရန် သတ်မှတ်ချိန်ပါရှိပြီး ယခု GrandCrab မှာမူ ငွေပေးရန် အချိန်သတ်မှတ်ချက်မရှိခြင်းဖြစ်ကြောင်း သိရသည်။

Ransomware များ၏ သဘာဝအရ ကွန်ပျူတာအတွင်းဝင်ရောက်လာပြီး ဖိုင်များကို ဖျောက်ပစ်လိုက်ခြင်းကို ကြုံရပါက ပြန်လည်ရယူရန် မဖြစ်နိုင်ဘဲ တောင်းသည့်အတိုင်း ငွေပေးရလေ့ရှိကြောင်း၊ အချို့သော Ransomware များမှာ တောင်းသည့်ငွေကိုပေးသည့်တိုင် နိုင်ငံတကာ ရဲတပ်ဖွဲ့များ၏ ဖမ်းဆီးမှုကြောင့် ငွေတောင်းသူက ငွေကိုမထုတ်ယူနိုင်သလို ငွေပေးသူမှာလည်း ငွေပေးပြီးမှ ဖိုင်များကို ပြန်မရသည့် အဖြစ်မျိုး ရှိတတ်ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါ Ransomware ဝင်ရောက်ခြင်း မရှိစေရန်အတွက် ကွန်ပျူတာအသုံးပြုသူများအနေဖြင့် အီးမေးလ်များကို သတိပြုကြရန်နှင့် “Receipt Feb-078122” ကဲ့သို့သော Subject ဖြင့် ဝင်ရောက်လာသည့် Email Attachment ဖိုင်များကို ဖွင့်မကြည့်ကြရန် mmCERT က အသိပေးကြေညာထားသည်။ ထို့အပြင် Kaspersky နှင့် Bit Defender ကဲ့သို့သော အင်တီဗိုင်းရပ်စ်ဆော့ဖ်ဝဲများနှင့် Internet Security ဆော့ဖ်ဝဲများမှာ အဆိုပါ GrandCrab Ransomware ကို ကာကွယ်နိုင်သဖြင့် Update များ ပြုလုပ်ကြရန်လည်း mmCERT က တိုက်တွန်းထားသည်။ **သူရဖြိုး**

**“အဆိုပါ Ransomware ဝင်ရောက်ခြင်းမရှိစေရန်အတွက် ကွန်ပျူတာအသုံးပြုသူများအနေဖြင့် အီးမေးလ်များကို သတိပြုကြရန်နှင့် “Receipt Feb-078122” ကဲ့သို့သော Subject ဖြင့် ဝင်ရောက်လာသည့် Email Attachment ဖိုင်များကို ဖွင့်မကြည့်ကြရန် mmCERT က အသိပေးကြေညာထားသည်”**

# ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ဝိုင်ယာလက်စ်နက်ဝပ် အခြေခံသင်တန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Wireless Networking နည်းပညာရပ်များကို စိတ်ဝင်စားသော မြန်မာအိုင်တီလူငယ်များ၊ လုပ်ငန်းခွင်ဝင်ရောက်မည့် Junior Wireless Technician များ၊ Wireless ၏ အခြေခံသီအိုရီ သဘောတရားများကို သိရှိလိုသူများအတွက် နည်းပညာ အထောက်အကူဖြစ်စေရန် Basic Wireless Networking သင်တန်းအမှတ်စဉ်(၉)ကို ဖွင့်လှစ်သင်ကြားမည်ဟု သိရသည်။

ဝိုင်ယာလက်စ်နက်ဝပ်များကို အသုံးပြုမှု ကျယ်ပြန့်လာသည်နှင့်အမျှ အခြေခံသီအိုရီပိုင်းကျွမ်းကျင်ပြီး လက်တွေ့အသုံးချနိုင်သော Wireless Technician များ ပေါ်ထွက်လာစေရန်နှင့် လုပ်ငန်းခွင်အတွင်း လက်တွေ့အသုံးချလျက်ရှိသော Wireless Standards များ၊ ဝိုင်ယာလက်စ် အင်တင်နာ အမျိုးအစားများ၊ ဝိုင်ယာလက်စ်၏ အားသာချက် အားနည်းချက်များ၊ ဝိုင်ယာလက်စ်ချိတ်ဆက်ရာတွင် ကြုံတွေ့ရနိုင်သည့် Interference များနှင့် ဝိုင်ယာလက်စ်၏ အခြေခံသဘောတရားများကို သိရှိနိုင်စေရန် ရည်ရွယ်ပြီးဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းတက်ရောက်ခြင်းဖြင့် ဝိုင်ယာလက်စ်နည်းပညာနှင့်ပတ်သက်သည့် အမေရိကန်အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော Certified Wireless Network Professional (CWNP)၏ လက်မှတ်တစ်ခုဖြစ်သည့် Certified Wireless Technology Specialist(CWTS)ကို ဖြေဆိုရန်လည်း အထောက်အကူဖြစ်စေမည်ဟု သိရသည်။

သင်တန်းသို့ နက်ဝပ်ချိတ်ဆက်မှုနှင့်ပတ်သက်၍ အခြေခံသိရှိထားသူများ တက်ရောက်နိုင်ပြီး သင်တန်း၌ ဝိုင်ယာလက်စ်နက်ဝပ်ချိတ်ဆက်ရာတွင် ကြုံတွေ့ရနိုင်သည့် အခက်အခဲများကို လက်တွေ့အတွေ့အကြုံများနှင့်အတူ စာတွေ့နှင့်လက်တွေ့ပေါင်း၍ သင်ကြားမည်ဖြစ်သဖြင့် သင်တန်းပြီးမြောက်သည်နှင့် မိမိကိုယ်တိုင် SOHO Wireless Access Point များ၊ Router များကို သီအိုရီပိုင်း ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ကိုင်တွယ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို မတ် ၃ ရက်မှ ၂၅ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေ နေ့လယ် ၁ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ်တစ်သိန်းဖြစ်ကာ သင်တန်းသား ၁၅ ဦးသာ လက်ခံမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ရန်အတွက် မတ် ၃ ရက် နောက်ဆုံးထား၍ MICT Park အဆောင်(၉)ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ပြီး သင်တန်းနှင့်ပတ်သက်သည့် အချက်များကို အသင်းရုံးဖုန်း ၀၁-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# အူရီဒူး၏ M-ပိုက်ဆံဖြင့် shop.com တွင် ငွေပေးချေနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

အူရီဒူးမြန်မာ၏ မိုဘိုင်းငွေကြေးဝန်ဆောင်မှုတစ်ခုဖြစ်သည့် M-ပိုက်ဆံကို အသုံးပြု၍ အွန်လိုင်းရှော့ပင်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် shop.com.mm မှ ပစ္စည်းများဝယ်ယူသည့်အခါ ငွေပေးချေခြင်းကို ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

M-ပိုက်ဆံသုံးစွဲသူများအနေဖြင့် shop.com.mm ဝက်ဘ်ဆိုက်၌ ဈေးဝယ်သည့်အခါ တန်ဖိုးငွေကျပ်ငါးသိန်းအထိကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေနိုင်မည်ဖြစ်ကြောင်း၊ ဈေးဝယ်သူများအနေဖြင့် ဝယ်ယူလိုသည့်ပစ္စည်းများ ရွေးချယ်ထည့်သွင်းပြီးနောက် ငွေပေးချေမှု အတည်ပြုရန်အတွက် “Cash on delivery”ကို ရွေးချယ်ရမည်ဖြစ်ပြီး ပစ္စည်းများကို လက်ခံသည့်အချိန်တွင် M-ပိုက်ဆံ အက်ပလီကေးရှင်းကို အသုံးပြု၍ ငွေပေးချေနိုင်မည်ဖြစ်ကြောင်း သိရသည်။

M-ပိုက်ဆံ ဝန်ဆောင်မှုကို အသုံးပြုလိုသူများအနေဖြင့် ငွေလွှဲမည့်သူများသည် *999# ကို ဖုန်းခေါ်ဆိုပြီး M-ပိုက်ဆံ အက်ပလီကေးရှင်းကို ဒေါင်းလုတ်ပြုလုပ်၍ account ဖွင့်ပြီး သုံးစွဲရမည်ဖြစ်ကာ လွှဲငွေလက်ခံမည့်သူမှာမူ account မလိုအပ်သလို မည်သည့်ဆင်းကတ်အမျိုးအစားကို အသုံးပြုနေသည်ဖြစ်စေ ငွေလက်ခံနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# အူရီဒူး 4G Pro ကွန်ရက်၏ အရည်အသွေးကို မန္တလေးမြို့၌ ပြသ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

အူရီဒူးမြန်မာ၏ ဝန်ဆောင်မှုများကို ရယူထားသော မန္တလေးမြို့မှ အသုံးပြုသူများအတွက် အူရီဒူးက ပေးအပ်မည့် ဝန်ဆောင်မှုသစ်တစ်ခုဖြစ်သော 4G Pro ကွန်ရက်၏ အရည်အသွေးကို မန္တလေးမြို့တွင် အူရီဒူးမြန်မာက ZTE နှင့် ပူးပေါင်း၍ ဇန်နဝါရီ လကုန်ပိုင်းက ပြသခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် ပထမဆုံး အဆင့်မြင့် ကွန်ရက်ဖြစ်သည့် 4G Pro ကို ဝန်ဆောင်မှုပေးနိုင်ခြင်းမှာ အူရီဒူးမြန်မာနှင့် ZTE တို့ ပူးပေါင်းလုပ်ဆောင်ခြင်းကြောင့်ဖြစ်ကြောင်း၊ အဆိုပါ အဆင့်မြင့် 4G Pro နည်းပညာဖြင့် မြန်မာနိုင်ငံမှ မိုဘိုင်းဖုန်းသုံးစွဲသူများအတွက် အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်မည်ဟု အူရီဒူးမြန်မာက မျှော်လင့်ထားကြောင်း၊ ကွန်ရက်ကိုအသုံးပြုနိုင်သော မိုဘိုင်းဖုန်းများ ဈေးကွက်ထဲတွင် အဆင်သင့်ဖြစ်သည့်အခါ အူရီဒူးမြန်မာ 4G Pro ကွန်ရက်၏ စွမ်းဆောင်ရည်ကို မိုဘိုင်းဖုန်းအသုံးပြုသူများ အဆင်သင့် အသုံးပြုနိုင်ရန်အတွက် 4G Pro ကွန်ရက်ဖြန့်ကြက်ထားမှုကို အူရီဒူးနှင့် ZTE တို့ ပူးပေါင်း၍ သရုပ်ပြခြင်းဖြစ်ကြောင်း အူရီဒူးမြန်မာက သတင်းထုတ်ပြန်သည်။

4G Pro ကွန်ရက်သည် အူရီဒူးမြန်မာက လက်ရှိဝန်ဆောင်မှုပေးနေသော 4G Plus ကွန်ရက်ထက် ဒေတာအမြောက်အမြား ပေးပို့ခြင်း၊ ရယူခြင်းကို ပိုမိုမြန်ဆန်ပြီး ပိုမိုတည်ငြိမ်စွာ ဝန်ဆောင်မှုပေးနိုင်စွမ်းရှိမည်ဖြစ်ကာ အသုံးပြုသူများအနေဖြင့် ပိုမိုမြန်ဆန်သော download နှုန်းကို အသုံးပြုနိုင်ခြင်း၊ HDဗီဒီယိုများကို အွန်လိုင်းမှ တိုက်ရိုက်ကြည့်ရှုနိုင်ခြင်း၊ အွန်လိုင်းဂိမ်းများကို ကစားနိုင်ခြင်းနှင့် VR စနစ်များကို အသုံးပြုနိုင်ခြင်း စသည့် အားသာချက်များကို ရရှိမည်ဖြစ်ကြောင်း၊ 4G Pro ကွန်ရက်သည် ယခုလက်ရှိဝန်ဆောင်မှုပေးထားသော 4x4 MIMO နည်းပညာကို Carrier Aggregation နည်းပညာဖြင့် ပေါင်းစပ်ထားသည့်အပြင် 256 QAM နည်းပညာနှင့် Licensed Assisted Access(LAA) နည်းပညာတို့ ပေါင်းစပ်ဒီဇိုင်းဆွဲထားသဖြင့် ပိုမိုမြန်ဆန်သော အင်တာနက်အမြန်နှုန်းကို သုံးစွဲနိုင်စေခြင်းဖြစ်ကြောင်း သိရသည်။

ZTE Myanmar ၏ CEO ဖြစ်သူ Mr. Yan Xiao က ZTE Myanmar အနေဖြင့် အူရီဒူး၏ 4G Pro ကွန်ရက်ကို ပံ့ပိုးပေးနိုင်ရန်အတွက် ZTE ၏ ရေဒီယို ထုတ်ကုန်အသစ်တစ်ခုဖြစ်သည့် “Qcell Plus” ကို မန္တလေးတွင် လက်တွေ့အသုံးချ၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ 4G Pro ၏ အဓိက လုပ်ဆောင်ချက်များကို ပံ့ပိုးပေးမည့် ၎င်းထုတ်ကုန်များကို အသုံးချ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အူရီဒူး၏ကွန်ရက်သည် 500+Mbps ဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်အသင့်ရှိမည်ဖြစ်ကြောင်း ပြောသည်။

အူရီဒူးမြန်မာ၏ 4G Pro ကွန်ရက်ကို အသုံးပြုနိုင်ရန် မိုဘိုင်းဖုန်းဟန်းဆက်၏ chip sets များသည် ကွန်ရက်နှင့်ချိတ်ဆက်ရန် အသင့်ဖြစ်နေစေရန် လိုအပ်မည်ဖြစ်ပြီး ဟန်းဆက်ကုမ္ပဏီများက 4G Pro လုပ်ဆောင်ချက်ကို ထောက်ပံ့ပေးသည့်အပေါ်တွင် မူတည်ကာ အူရီဒူး 4G Pro ကွန်ရက်ကို ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# ကလေးများအား ဗီတာမင်အေဆေးနှင့် သန်ချဆေးများတိုက်ကျွေး

**ရှာသစ် ဖေဖော်ဝါရီ ၁၆**

ကယားပြည်နယ်-ဘောလခဲခရိုင်-ရှာသစ်မြို့ရှိ အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးများအား ဗီတာမင်အေဆေးလုံးနှင့် သန်ချဆေးများကို ဖေဖော်ဝါရီ ၁၄ ရက်က စတုမာလာဓမ္မာရုံ၌ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးတိုက်ကျွေးသည့် အခမ်းအနားတွင် ရှာသစ်မြို့ကျန်းမာရေးဌာနမှ ဝန်ထမ်းများက မြို့ပေါ်ရှိ ကလေးငယ်များအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့ပြီး ကျေးလက်ဒေသများအထိ ကွင်းဆင်း၍ ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များကို ကျေးရွာအရောက် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နန်းဆွေဆွေအေး(ရှာသစ်)**



## ကျောင်းတိုက်တည် နှစ် ၁၀၀ ပြည့် အခမ်းအနားကျင်းပ

**ကလော ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ရှိ မဟာဓမ္မိကာရာမ သိမ်တောင်ပရိယတ္တိစာသင်တိုက်ကြီး၏ ကျောင်းတိုက်တည် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားကို အဆိုပါ စာသင်တိုက်၌ ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက ကျောင်းတိုက်ဆရာတော်ထံမှ သီလခံယူကြပြီး မိတ္ထီလာမြို့ အာသောကာရုံရေလယ်ဆရာတော်က တရားတော်များဟောကြားသည်။ ထို့နောက် ဦးချစ်စိုးက မင်္ဂလာသြဘာစာ ဖတ်ကြားပူဇော်ပြီး ကျောင်းတိုက်အတွက် အလှူငွေများလှူဒါန်းခဲ့သော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**



## လေကြောင်းခရီးသွားလာမှု လွန်ခဲ့သော နှစ်နှစ်ကထက် သုံးဆမြင့်တက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံတွင် လေကြောင်းဖြင့် ခရီးသွားလာမှုမှာ လွန်ခဲ့သောနှစ်နှစ်ကထက် သုံးဆခန့်မြင့်တက်လာကြောင်း နိုင်ငံပိုင်လေကြောင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ် ကပ္ပတိန် ဦးသန်းထွန်းက ပြောကြားသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ပဌမမြောက်နိုင်ငံတကာခရီးစဉ်အဖြစ် ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ မတ် ၂၅ ရက်မှ စတင်ကာ တစ်ပတ် နှစ်ကြိမ် ပျံသန်းပြေးဆွဲမည့်အကြောင်း ရှင်းလင်းမိတ်ဆက်ပွဲကို မြန်မာအမျိုးသားလေကြောင်းလိုင်းရုံးချုပ်၌ ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပစဉ် ကပ္ပတိန်ဦးသန်းထွန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"လွန်ခဲ့တဲ့ နှစ်နှစ်က ကျွန်တော်တို့ မြန်မာအမျိုးသား လေကြောင်းလိုင်းအနေနဲ့ ခရီးသည် ငါးသိန်းလောက်ပဲ သယ်ပေးနိုင်ခဲ့ပါတယ်၊ မနှစ်ကတော့ ခရီးသည် တစ်သန်းလောက် သယ်ပေးနိုင်ခဲ့ပါတယ်၊ ဒီနှစ်ကတော့ တစ်သန်းခွဲလောက်အထိ သယ်ပေးနိုင်ဖို့ ခန့်မှန်းထားပါတယ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ပြီးခဲ့တဲ့ မိုးတွင်းကာလအတွင်း ခရီးသည် ခြောက်သိန်းနီးပါး သယ်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်၊ အခု ပွင့်လင်းရာသီနဲ့ ဘဏ္ဍာနှစ်ကုန်အထိဆိုရင် ခရီးသည်တစ်သန်းခွဲအထိ ရှိလာမှာဖြစ်လို့ မြန်မာနိုင်ငံရဲ့လေကြောင်းခရီးသွားလာမှုဟာ သုံးဆမြင့်တက်လာတာဖြစ်ပါတယ်"ဟု ဦးသန်းထွန်းက ပြောသည်။



မြန်မာနိုင်ငံသို့ ခရီးသွားများလာရောက်မှု ပြန်လည်တိုးတက်လာသည့်အလျောက် မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ပဌမမြောက် နိုင်ငံတကာခရီးစဉ်ဖြစ်သည့် ဖူးခက်ကို ရွေးချယ်ပြေးဆွဲရခြင်းဖြစ်ကြောင်း၊ လက်ရှိ နိုင်ငံတကာခရီးစဉ်အဖြစ် စင်ကာပူ၊ ဟောင်ကောင်၊ ဗန်ကောက်နှင့် ချင်းမိုင်မြို့များသို့ ပြေးဆွဲပေးလျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုမှာ ပြန်လည်ကောင်းမွန်လာသည့်အနေအထားရှိကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်အထိ ခရီးသွားလာရောက်မှုမှာ ခရီးသည်ဦးရေ ၃ ဒသမ ၂၅ သန်း ရှိခဲ့ကြောင်း၊ ယင်းမှာ ယခင် ၂၀၁၆ ခုနှစ်က ၃ ဒသမ ၀၃ သန်းလာရောက်မှုထက် ပိုမိုခဲ့ကြောင်း၊ ဘတ်ဂျက်နှစ်ကုန် မတ်လကုန်အထိတွက်လျှင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားလာရောက်မှုမှာ ထပ်မံတိုးတက်လာဦးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အာဆီယံခရီးသွားဘလော့ဂါများ လာရောက်ခြင်း မိတ်ဆက်အခမ်းအနားတွင် ပြောကြားထားသည်။

**မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

## မြန်မာနိုင်ငံကလေးများနေ့အခမ်းအနား ရန်ကုန်မြို့၌ ပထမဆုံးအကြိမ် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာတစ်မျိုးသားလုံး၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံကလေးများနေ့အခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာဝင်းအတွင်း၌ ယနေ့နံနက် ၈ နာရီတွင် စတင်ကျင်းပသည်။

ကလေးများနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး အဆိုပါ အခမ်းအနားသို့ မရမ်းကုန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁) ဦးရန်ရှင်း၊ ကယ်ဆယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်တို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လွှတ်တော်ကိုယ်စားလှယ်(၁) ဦးရန်ရှင်းက အဖွင့်အမှာစကားပြောကြားသည်။

"ဒီနေ့ မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကို ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ရော နောက်တစ်ခုက နိုင်ငံတော်အနာဂတ်မှာ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ ကလေးတွေဖြစ်လာဖို့ အလွန်အရေးကြီးပါတယ်၊ အဲဒီအတွက် အဓိကရည်ရွယ်ကျင်းပတာပါ၊ မိဘတိုင်းက ကလေးတွေ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးပေးမှသာ နိုင်ငံတော်ရဲ့ အနာဂတ်ကောင်းမွန်မှာဖြစ်တဲ့အတွက် ဒီရည်ရွယ်ချက်တွေနဲ့ ဒီကနေ့ အခမ်းအနားလေးကို ကျင်းပတာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒေါက်တာကေသီကျော် (ညွှန်ကြားရေးမှူး)က ပြောသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာနိုင်ငံကလေးများနေ့အခမ်းအနားကို ယခင်နှစ်များက သက်ဆိုင်ရာ မူကြိုကျောင်းများ၌သာ အထိမ်းအမှတ်ပွဲအဖြစ် ကျင်းပခဲ့သည်။ ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့်ပွဲတွင်လည်း ကျောင်းများ၌သာ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ပြီး ရန်ကုန်မြို့အထက(၄) အလုံတွင် အခမ်းအနားကျင်းပခဲ့သည်။ ယခုနှစ်တွင်မူ လူမှုဝန်ထမ်းအောက်ရှိကလေးများအပြင် အလွှာအသီးသီးမှ ကလေးသူငယ်များ ပါဝင်နိုင်စေရန်ရည်ရွယ်၍ လူမှုဝန်ထမ်းဦးစီးဌာနပိုင် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၌ ယခုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ယနေ့ကျင်းပသော အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများမှ ကလေးများ၊ မူကြိုကျောင်းများမှ ကလေးများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းများမှ ကလေးများအပြင် ပရဟိတမူကြိုကျောင်းများမှ ကလေးများလည်း လာရောက်ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့၌ ပထမဆုံးအကြိမ်ကျင်းပသော ကလေးများနေ့အထိမ်းအမှတ် အခမ်းအနားတွင် ကလေးများ၏ ပျော်ပွဲရွှင်ပွဲများ၊ ဉာဏ်စမ်းပြိုင်ပွဲများ၊ ဖျော်ဖြေပွဲများ၊ ဂိမ်းပြိုင်ပွဲများ၊ ကလေးစာအုပ်အရောင်းဆိုင်များအပြင် ကလေးများအနာဂတ်လှပစေမည့် ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**




ကလေးများနေ့ အခမ်းအနား၌ မူကြိုကလေးများ ဖျော်ဖြေနေစဉ် ဓာတ်ပုံ- မင်းထက်

## မှုခင်းသတင်းတိုများ

### ကချင်ပြည်နယ်အတွင်းရှိမြို့များတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှာဖွေဖမ်းဆီး အရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၂ ရက်နှင့် ၁၃ ရက်များက မိုးညှင်းမြို့နှင့် နမ္မတီးမြို့များတွင် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချသူများနှင့် သုံးစွဲသူများကို သက်ဆိုင်ရာနယ်မြေအလိုက် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၂ ရက်တွင် မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်မြင့်သူနှင့်အဖွဲ့က မိုးညှင်းမြို့ အဝင်ဘီးခွန်ဂိတ်အနီး ရှောင်ကွင်းတောလမ်း၌ စောင့်ဆိုင်းစစ်ဆေးစဉ် ညီညီမင်း(၃၇ နှစ်)မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းထံမှ ဆပ်ပြာခွက်ငါးခွက်နှင့်ထည့်ထားသည့် ဘိန်းဖြူ ၅၀ ဂရမ်နှင့် 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၅ ပြားတို့ကို ဖမ်းမိ၍ မိုးညှင်းမြို့မရဲစခန်းတွင် အရေးယူခဲ့သည်။ ထို့အတူ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်ညွန့်လှိုင်နှင့်အဖွဲ့က မိုးညှင်းမြို့အဝင်ဘီးခွန်ဂိတ်တွင် စစ်ဆေးမှုများဆောင်ရွက်စဉ် သားငယ်(ခ)အောင်ကိုမြတ် မောင်းနှင်ပြီး ပြည်ချစ်(၃၆ နှစ်)စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ပြည်ချစ်ထံမှ ဘိန်းဖြူ ထည့်ထားသည့်ဆပ်ပြာခွက်သုံးခွက် ဘိန်းဖြူ ၃၀ ဂရမ်နှင့် 88/1စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၇ ပြားကို ဖမ်းမိ၍ မိုးညှင်းမြို့မရဲစခန်းတွင် အရေးယူခဲ့သည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင်လည်း မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်မြင့်သူနှင့်အဖွဲ့က မိုးညှင်းမြို့အဝင် ဘီးခွန်ဂိတ်ရှောင်ကွင်းတောလမ်းတွင် စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်စဉ် သန်းမျိုးကျော်(၂၈ နှစ်)ထံမှ ပလတ်စတစ်ဘူးငယ်ခုနစ်ဘူးဖြင့် ထည့်ထားသည့် ဘိန်းဖြူ(၂ ဒသမ ၁)ဂရမ်ကိုလည်းကောင်း၊ နမ္မတီးနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်ဇော်လွန်းအောင်တို့ အဖွဲ့များက နမ္မတီးမြို့ တံတားဦးရပ်ကွက်ရှိ အောင်လှိုင်ထွန်း(၃၀ နှစ်)၏နေအိမ်သို့ ရှာဖွေစဉ် အောင်လှိုင်ထွန်းအပါအဝင် စုစုပေါင်း မူးယစ်ဆေးဝါးသုံးစွဲသူ ၁၄ ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ပြားကိုလည်းကောင်း ဖမ်းမိခဲ့၍ သက်ဆိုင်ရာ နယ်မြေရဲစခန်းများ၌ ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

### စက်ဘီးကလပ်ဥက္ကဋ္ဌကို အမည်မသိလူငယ်များက ရိုက်နှက်မှုဖြစ်

မြစ်ကြီးနားမြို့ မြို့မရပ်ကွက်၌ Nothren Green Bike စက်ဘီးကလပ် ဥက္ကဋ္ဌအား အမည်မသိလူငယ်ခြောက်ဦးက ရိုက်နှက်မှု ဖေဖော်ဝါရီ ၁၃ ရက် ည ၉ နာရီကျော်ခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ စက်ဘီးကလပ်အသင်းဥက္ကဋ္ဌ ဦးသောင်းဦးသည် ၎င်းအိမ်ရှေ့တွင်ရပ်ထားသည့် ကလူကာအဖြူရောင်ကားကို ဆိုင်ကယ်နှစ်စီးဖြင့် အမည်မသိလူငယ် ခြောက်ဦးက မှန်ရိုက်ခွဲနေသည်ကို တွေ့ရှိ၍ ပြောဆိုရာမှ အဆိုပါလူငယ် ခြောက်ဦးက အသင့်ပါလာသောတုတ်ဖြင့် ရိုက်နှက်ခဲ့ခြင်းဖြစ်ပြီး ရိုက်နှက်မှုကြောင့် ဦးခေါင်းနှင့် ခန္ဓာကိုယ်တွင် ကျိုးပဲ့ဖူးရောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ "အိမ်ရှေ့ကကားမှန်ကို ရိုက်ခွဲမလို့ အော်လိုက်တဲ့အချိန်မှာ ရိုက်ပြီးထွက်ပြေးသွားတာ၊ နောက် ရှေ့ကမီးပွိုင့်မှာ ကားတွေပိတ်နေတော့ သူတို့က ပြန်လှည့်လာတာ၊ အဲဒီမှာတစ်ယောက်ကို မိလိုက်တာ အဲကနေ စဖြစ်တယ်။ အားလုံးက ၂၀ ကျော်တွေပဲ"ဟု အရိုက်ခံရသူ ဦးသောင်းဦးက ပြောသည်။ ဒဏ်ရာရရှိသူမှာ မြစ်ကြီးနားပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်း၌ အမှုဖွင့်သွားမည်ဟုသိရသည်။

**မင်းမင်းဦး(EPN)**

### တောင်တွင်းကြီးမြို့နယ်၌ ကျောင်းသားတစ်ဦး ရေနစ်သေဆုံး

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဘိုကုန်းကျေးရွာအုပ်စုရှိ ဘိုကုန်းရေကန်အတွင်း၌ ဖေဖော်ဝါရီ ၁၄ ရက်က ကျောင်းသားတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။ သတ္တမတန်းကျောင်းသား မောင်စည်သူဖြိုး(၁၃ နှစ်)သည် စာမေးပွဲဖြေပြီး အိမ်အပြန်တွင် အနက် ၈ ပေ အကျယ် ၁၅ ပေရှိ ဘိုကုန်းရေကန်ကြီးအတွင်း၌ ရေနစ်ခဲ့ခြင်းဖြစ်ပြီး အနီးအနားရှိ ပြည်သူများက ကယ်ဆယ်၍ မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသစဉ် နံနက် ၁၁ နာရီခွဲတွင် ပြည်သူ့ဆေးရုံ၌ သေဆုံးခဲ့ကြောင်း သိရသည်။

**(၀၈၅)**

### ကသာမြို့နယ်၌ အမျိုးသမီးတစ်ဦးထံမှ ဘိန်းဖြူ ၂၂ ဂရမ် ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် လမ်းခွကျေးရွာအနီး မီးရထားသံလမ်းကူးနေရာတွင် အမျိုးသမီးတစ်ဦးသယ်ဆောင်လာသော ဘိန်းဖြူ ၂၂ ဂရမ်ကို ဖေဖော်ဝါရီ ၁၃ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ ဒုရဲမှူးမြင့်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များက သတင်းအရ မချိုမာလွင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်စဉ် ၎င်းထံမှ ဘိန်းဖြူ ၂၂ ဂရမ်( ကာလတန်ဖိုး ၂၂ သိန်းခန့်)ကို ဖမ်းဆီးရမိသဖြင့် ၎င်းအား ကသာမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

### တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းမိ

ကချင်ပြည်နယ် ကာမိုင်းမြို့ရှိ နန့်တိန်းအခြေပြု စစ်ဆေးရေးဂိတ်တွင် ခရီးသည်တင်မော်တော်ယာဉ်ဖြင့် တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများကို ဖေဖော်ဝါရီ ၁၂ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။ နယ်မြေလုံခြုံရေး တပ်ဖွဲ့ဝင်များက အဆိုပါစစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်နေစဉ် ဖားကန့်ဘက်မှ မန္တလေးဘက်သို့ မောင်ရိုန်(၃၆ နှစ်)မောင်းနှင်လာသည့် ရွှေကချင်မော်တော်ယာဉ်လိုင်းမှ ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်၏ဝမ်းဗိုက်တွင် အံဝှက်ပြုလုပ်၍ ထည့်ထားသည့် ကျောက်စိမ်းအရိုင်းတုံး အရွယ်စုံ ၂၇ တုံး(စုစုပေါင်းအလေးချိန် ၄၂၇ ကီလို)ကို ဖမ်းမိခဲ့၍ ကာမိုင်းနယ်မြေရဲစခန်းတွင် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေပေးအပ်

**သံတွဲ ဖေဖော်ဝါရီ ၁၆**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မည့် ပုဇွန်ဖြေကျေးရွာသို့ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ပွဲကို အဆိုပါကျေးရွာရှိ အထက(ခွဲ)ကျောင်း၌ ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပခဲ့သည်။ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေအေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှကြည်၊ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းသူနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ပေးအပ်သည့် ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေအေးက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ ဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြို့နယ်သံဃာ့ဝန်ဆောင် နှစ်ပတ်လည်အစည်းအဝေးကျင်းပ



**စလင်း ဖေဖော်ဝါရီ ၁၆**
မကွေးတိုင်းဒေသကြီး စလင်းမြို့လယ်ရှိ မြတ်ရတနာဓမ္မာရုံ၌ စလင်းမြို့နယ် သံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအကြိမ် စတုတ္ထနှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်သံဃာ့ဝန်ဆောင်ဥက္ကဋ္ဌဆရာတော်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အကျိုးတော်ဆောင်ဆရာတော် ဦးခမ္မိက (မဟာဝိသုတရာမ စာသင်တိုက်စာချ) က ဆောင်ရွက်သည်။ အစည်းအဝေးတွင် ဩဝါဒါစရိယ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဝါယမက ဩဝါဒချီးမြှင့်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်သာသနာရေးမှူး ဦးသိန်းလွင်တို့က သာသနာရေး ဆောင်ရွက်ချက်များကို လျှောက်ထားသည်။

ထို့နောက် သက်ဆိုင်ရာ အကျိုးတော်ဆောင်ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ၊ သာသနာရေးရာများနှင့်ပတ်သက်၍ တစ်နှစ်တာအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများကို ဆရာတော်ကြီးများအား ရှင်းလင်းလျှောက်ထား တင်ပြကြပြီး တင်ပြချက်များအပေါ် အကျိုးတော်ဆောင် မြို့နယ်ဝန်ဆောင်ဆရာတော်က ထောက်ခံဆွေးနွေးခဲ့သည်။

ယင်းအစည်းအဝေးသို့ စလင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၀၉ အုပ်စုမှ ဝန်ဆောင်သံဃာ ဆရာတော် ၁၃၁ ပါး တက်ရောက်ခဲ့ကြပြီး အစည်းအဝေးအပြီးတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**စစ်ကြည်(စလင်း)**

## ဗိုလ်ချုပ်မွေးနေ့ သံဃာတော်များ ဆွမ်းဆက်ကပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**
အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၃ နှစ်မြောက် မွေးနေ့လှူဒါန်းပွဲကို ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းသာခုကျောင်းတိုက်၌ ကျင်းပခဲ့ရာ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များ ပင့်ဖိတ်၍ နတ်မောက်မြို့နယ်သူမြို့နယ်သားများနှင့် ဗိုလ်ချုပ်အောင်ဆန်းကို ချစ်ခင်ကြည်ညိုလေးစားသော ပြည်သူများ စုံညီစွာတက်ရောက်ခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းကို ရည်မှန်း၍ကြွရောက်လာကြသောသံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်ချအမျှဝေခဲ့ကြောင်း သိရသည်။

**အောင်သန်းထွန်း**

## ဟားခါးမြို့ကွက်သစ်ဧကေ ၁၀၀ အတွင်း မြေကွက် ၂၀၀ ချထားပေးနိုင်ရေး မဲနှိုက်

**ဟားခါး ဖေဖော်ဝါရီ ၁၆**
ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့ မြို့ကွက်သစ် ဧကေ ၁၀၀ အတွင်း မြေကွက်အရေအတွက် ၂၀၀ ကို ချထားပေးမည်ဖြစ်ရာ လျှောက်ထားသည့် ပြည်သူ ၈၀၀ ကျော်ရှိသဖြင့် ဖေဖော်ဝါရီ ၁၄ ရက်က ဟားခါးမြို့ မြို့တော်ခန်းမ၌ မဲနှိုက်ခဲ့ကာ မဲပေါက်သူများအား မြေကွက်များချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မဲနှိုက်သည့်အခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ကျော်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်များမှ မြေကွက်လျှောက်ထားသည့် ပြည်သူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က မဲနှိုက်မည့်အစီအမံများကိုလည်းကောင်း၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ အတွင်းရေးမှူး ဟားခါးခရိုင် အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက မြေပေးမိန့်နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားပြီး လျှောက်ထားသူများက မြေကွက်နေရာများ မဲနှိုက်ခဲ့ကြသည်။

အဆိုပါ မြို့ကွက်သစ်ဧကေ ၁၀၀ အတွင်း မြေကွက် ၂၀၀ ချထားပေးနိုင်ရေးအတွက် ၂၀၁၇ ဒီဇင်ဘာ ၁၃ ရက်မှ ၂၀၁၈ ဇန်နဝါရီ ၁၂ ရက်အထိတစ်လကြာလျှောက်လွှာခေါ်ယူခဲ့ရာ လျှောက်ထားသူ စုစုပေါင်း ၁၁၉၆ ဦးရှိခဲ့ပြီး လျှောက်လွှာများကို စိစစ်ရေးအဖွဲ့က စနစ်တကျ စိစစ်ပြီးနောက် စုစုပေါင်း ၈၁၄ ဦးကို ရွေးချယ်ခဲ့ရာ ယင်း ၈၁၄ ဦးတွင် အိမ်ငှားနေထိုင်သူ ၃၉၁ ဦး၊ အငြိမ်းစား ၉၉ ဦး၊ မုဆိုးမ ၂၄၀ နှင့် သိက္ခာတော်ရဆရာတော် ၈၄ ပါးတို့ ပါဝင်ကြောင်း သိရသည်။**ပြည်နယ်(ပြန်/ဆက်)**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**


'တက္ကသိုလ်ဝင်တန်း' သချာဘာသာရပ်ကို
ဤနှေ(၃)လတွင် သင်ရိုးတစ်ကျော့ပြီးပြတ်အောင်
နှစ်စဉ်သင်ကြားပေးနေသော...
ဆရာ
ဒေါက်တာညိုညို
(သင်္ချာ)
နွေရာသီ ၃လပြတ် သင်ရိုးကုန်
တက္ကသိုလ်ဝင်တန်း
သင်္ချာ အထူး သင်တန်း
(ထူးချွန်လိုသူတို့ စုဝေးရာ နွေသင်္ချာ)
MON 1:30 pm - 3:00 pm
TUE 1:30 pm - 3:00 pm
THU 1:30 pm - 3:00 pm
FRI 1:30 pm - 3:00 pm
တစ်ပတ် ၄ ရက် တက်
ကျောင်းအပ်
လက်ခံနေပြီ
မတ်လ (၉) ရက်တွင်
စတင် ဖွင့်လှစ် သင်ကြားပါမည်
သင်တန်းနေရာ
အမှတ် ၁၈၈၊ ဆိပ်ကမ်းသာလမ်း(လွှစ္စလမ်း)အလယ်၊ ရန်ကုန်မြို့။



### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/4519 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/4491 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E4381 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**


**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**ရွှေကျွန်းစခန်း**

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ရွှေကျွန်းစခန်းရှိ ပုလဲမွေးမြူရေးလုပ်ငန်းတွင် အသုံးပြုသည့် အဆောက်အအုံနှင့် ပစ္စည်း(၁၃)မျိုးတို့အား ပုလဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများသို့ ငှားရမ်းမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-
(က) **ပစ္စည်းတည်ရှိရာနေရာ** - တနင်္သာရီတိုင်းဒေသကြီး၊ ရွှေကျွန်းစခန်း
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)၊ ရုံးအမှတ် (၁၉)၊ နေပြည်တော်
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြိတ်(ရုံးခွဲ)တို့တွင် တစ်စုံလျှင် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁၉-၂-၂၀၁၈ရက်မှစတင်၍ ရောင်းချသွားမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၆-၃-၂၀၁၈ရက်၊ ၁၆:၀၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။
၃။ အသေးစိတ်သိရှိလိုပါက စီမံရေးရာဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ် ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၀၉၆၊ ၀၆၇-၄၁၄၁၈၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**မလိကျွန်းစခန်း**

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း မလိကျွန်းစခန်းရှိ ပုလဲမွေးမြူရေးလုပ်ငန်းတွင် အသုံးပြုသည့် အဆောက်အအုံနှင့်တည်နေပစ္စည်း(၃၆)မျိုးတို့အား ပုလဲမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများသို့ ငှားရမ်းမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-
(က) **ပစ္စည်းတည်ရှိရာနေရာ** - တနင်္သာရီတိုင်းဒေသကြီး၊ မလိကျွန်းစခန်း
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)၊ ရုံးအမှတ် (၁၉)၊ နေပြည်တော်
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြိတ်(ရုံးခွဲ)တို့တွင် တစ်စုံလျှင် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁၉-၂-၂၀၁၈ရက်မှစတင်၍ ရောင်းချသွားမည်ဖြစ်ပါသည်။ တင်ဒါ ပိတ်သိမ်းမည့်ရက်မှာ ၁၆-၃-၂၀၁၈ရက်၊ ၁၆:၀၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။
၃။ အသေးစိတ်သိရှိလိုပါက စီမံရေးရာဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၀၉၆၊ ၀၆၇-၄၁၄၁၈၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**


"ဂျပန်နိုင်ငံ၏ သင်ရိုးအတိုင်းသင်ကြားပေးသော မော်တော်ကားပြုပြင် ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းများ"

▶▶ ဂျပန်နိုင်ငံကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ Second Class Automotive Mechanic သင်ရိုးညွှန်းတမ်းဖြင့် အောက်ပါသင်တန်းကို ဖွင့်လှစ်ပို့ချပါမည်။
▶▶ သင်တန်းအမျိုးအစား - Advanced Diploma in Automotive Eng ; (Maintenance)
သင်တန်းကာလ - 6 Months (၆လ) ၊
လက်ခံမည့်ဦးရေ - (၂၀)ဦး ၊
သင်တန်းဖွင့်မည့်ရက် - 23 - 4 - 2018
သင်တန်းအပတ်စဉ် - (၁)
ပညာအရည်အချင်း - OIST (Japan) ၏ Automotive Engineering Diploma (Third Class) အောင်မြင်ထားသူများ

သင်ကြားပေးမည့်အကြောင်းအရာများ
▶ Automotive Repair and Inspection
▶ Advanced Troubleshooting and Diagnosis
▶ Advanced Automotive System (GDI , Common Rail , Hybrid , DSC , Air Bag , Safety)
▶ Business Management and Customer Services
▶ အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများ -
- OBD Scanner အမျိုးမျိုး , Break Tester , Side Slip Tester , 5D Alignment Tester , Digital Oscilloscope , Exhaust Gas Tester , Compression Pressure Gauge နှင့် အခြား Special Tools and Measuring Instrument များ

GLORY သည် NSSA - National Skill Standard Authority ၏ Automotive Mechanic Level(I) စစ်ဆေးရေးစင်တာဖြစ်ပြီး OIST ဂျပန်နှင့် ပူးပေါင်းဆောင်ရွက်နေသောတစ်ခုတည်းသောသင်တန်းကျောင်းဖြစ်ပါသည်။

▶▶ ဂျပန်နိုင်ငံကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ Third Class Automotive Mechanic သင်ရိုးညွှန်းတမ်းများအတိုင်း အောက်ဖော်ပြပါသင်တန်းကို မြန်မာနိုင်ငံတွင်ဖွင့်လှစ်ပို့ချပါမည်။
▶▶ သင်တန်းအမျိုးအစား - Diploma in Automotive Eng ; (Maintenance) ၊
သင်တန်းကာလ - One Year (တစ်နှစ်) ၊
လက်ခံမည့်ဦးရေ - (၅၀)ဦး ၊
သင်တန်းဖွင့်မည့်ရက် - 23 - 4 - 2018
သင်တန်းအပတ်စဉ် - (၂၆) ၊ (၂၇)
ပညာအရည်အချင်း - အနိမ့်ဆုံးအဆင့် တက္ကသိုလ်ဝင်တန်း သင်ယူဖူးသူများ ၊

သင်တန်းပြီးလျှင် ရနိုင်သောအခွင့်အရေးများ
✓ တန်းခွဲတိုင်းတွင် ပထမရရှိသော ကျောင်းသားများအတွက် ဂျပန်သို့ လေ့လာရေးခရီး စရိတ်ငြိမ်းသွားရောက်ခွင့်ရရှိခြင်း။
✓ Okayama နည်းပညာတက္ကသိုလ်တွင် ဘွဲ့အဆင့်ရှိ မော်တော်ကားနည်းပညာရပ်များ ဆက်လက် သင်ယူနိုင်ခြင်း ။ (လက်ရှိ GLORY ကျောင်းဆင်း (၄၀)ကျော် ဂျပန်တွင် ပညာသင်ယူနေပါသည်။)
✓ မော်တော်ကားပညာရပ်ဖြင့် ဂျပန်နိုင်ငံတွင် အလုပ်လုပ်နိုင်ခြင်း။ (လက်ရှိ GLORY ကျောင်းဆင်း (၉)ဦး အား ဂျပန်ကုမ္ပဏီမှ ခန့်ထားပြီးဖြစ်ပါသည်)
✓ ပြည်တွင်းရှိ မော်တော်ကားနှင့်ဆက်စပ် ကုမ္ပဏီကြီးများ ၊Service Centre များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း။
✓ ဂျပန်တွင် အလုပ်လုပ်ကိုင်နိုင်ရန် နှင့် ကျောင်းဆက်တက်ရန်တို့အတွက် GLORY မှ ကူညီဆောင်ရွက်ပေးခြင်း။
✓ ဂျပန်ဘာသာစကား အခြေခံ ကို အခမဲ့သင်ယူခွင့်ရရှိခြင်း။

▶▶ မော်တော်ကားတစ်စီးလုံးကို စာတွေ့ ၊ လက်တွေ့ သင်ကြားပေးခြင်း ဖြစ်ပြီး ဂျပန် Okayama နည်းပညာတက္ကသိုလ် မှ ဒီပလိုမာလက်မှတ်ချီးမြှင့်ပါမည်။

GLORY NO. 3 / 4 ၊ တထပ် ၊ ဗိုလ်မြတ်ထွန်းတာဝါ ၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။
09-73121717 , 09-5197817 www.glory-education.com

# ရက် ၁၀၀ ပြည့်မွေးနေ့ဆုတောင်း

ဖေဖေကိုနောင် မေမေမစု တို့ရဲ့ချစ်သမီးအမြွှာ "ဝင့်မြတ်သွယ်" နှင့် "ဝင့်မြတ်ချယ်" တို့၏ရက် ၁၀၀ ပြည့်မွေးနေ့နှင့် နာမည်ပေးကင်ပွန်းတပ် မင်္ဂလာရက်မြတ်မှသည်

နောင်နှစ်များစွာတိုင် ချစ်သောဖေမေ ကိုကိုဟိန်းတို့နှင့်အတူတူပျော်ရွှင်သော မွေးနေ့များစွာတိုင်ဖြတ်သန်းနိုင်ပါစေ

ချစ်ခင်ရင်းနှီးစွာဖြင့်

ကိုကျော်မြင့် + မအေးနန်း၊ ကိုAndrew + မမီး၊ ကိုစည်သူ + မအိ၊ ကိုဖြိုး + မသီတာ



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/4761 Nissan AD VAY12, S/W (4x2) ယာဉ်လက်ဝယ်ရှိသူ UMG Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားလမ်း၊ အောင်ဇေယျမြို့တော်တွင်တည်ရှိသည့် မြေကွက်အမှတ်(၄၀-ခ)၊ မြေကွက်အကျယ်အဝန်း(၅၀'× ၈၀')မြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေပိုင်ရှင် ဦးမျိုးသော်ထံမှ ကျွန်ုပ်၏မိတ်ဆွေများကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွဲ့နွဲ့ရီ**
**တရားလွှတ်တော်ရှေ့နေ (၂၀၈၂)**
**အမှတ်(၅၈/ဘီ)၊ အဝေရာလမ်း၊**
**မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည်(၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်တွင် လိုအပ်သော Double Walking Machine နှင့် Taiji Pusher အားကစားပစ္စည်းနှစ်မျိုးအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၆-၂-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၃-၂၀၁၈ ရက်၊မွန်းလွဲ ၂း၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၄၀၄၀၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**


စိုးဇင်စာပေ၏စာအုပ်အမှတ် (၂၈)




ဒေါက်တာ စိုးလွင်
စွဲလမ်းခြင်းမှ လွန်မြောက်
ငြိမ်းအေးခြင်းသို့
ရောက်စေသတည်း
ထွက်ပြီ
Tel:
01 228297,
09 5049783,
09 450040767


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၁၄၄၆ Yamaha ray 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီမဲန်း ၄/ထတလ(နိုင်)၀၃၀၂၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/9189 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/5336 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၏ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ကာကွယ်ဆေးများကို ရန်ကုန်မြို့ ကာကွယ်ဆေးစတိုမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကာကွယ်ဆေးသိုလှောင်ခန်းများသို့ ပို့ဆောင်ရန်အတွက် မော်တော်ယာဉ်များသုံးနှစ်စာ ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၆-၂-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၃-၂၀၁၈ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၄၀၄၀၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/5633 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၄၇၆၁ ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဖေဖော်ဝါရီလ ၁၇၊ ၁၈ (၈၈)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဖေဖော်ဝါရီလ ၁၇၊ ၁၈ များတွင် ၈၈-ကြိမ်မြောက် ဦးရေ (၁၁၀၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀ဝိ/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရှင်ကင်း။** (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၅၁၀၂၁၉၇၊ ၀၉-၄၄၃၀၅၆၅၆၉

**ရွှေလုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301)** ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

## အောင်လံဆရာတော်အသျှင်စန္ဒိမာ၏ ယောဂီအသစ်များအတွက် အထူးတရားစခန်း(မတ်လ) ရန်ကုန်မြို့တွင် ကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက၊ သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းနှင့် ယောနသံစင်ရော်၏ နက်နဲသောပဟေဠိများကို ဖွင့်ဆိုခြင်းကျမ်းပြု၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တစန္ဒိမာ(အောင်လံ)သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာရှိ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ရန်ကုန်ရိပ်သာကြီးတွင် ယောဂီအသစ်များအတွက် ၁၀ ရက်အဓိဋ္ဌာန် အထူးတရားစခန်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၂၀-၂-၂၀၁၈ ရက် နံနက် ၇း၀၀ နာရီတွင် ရဟန်းနှင့်အမျိုးသားယောဂီများအတွက် ဖုန်း-၀၉-၄၄၄၄၃၆၀၇၀ နှင့် ၀၉-၄၄၄၄၃၆၀၉၉ များသို့လည်းကောင်း၊ သီလရှင်နှင့် အမျိုးသမီးယောဂီများအတွက် ဖုန်း-၀၉-၇၈၂၂၁၁၆၆၇ နှင့် ၀၉-၂၅၂၂၅၅၈၄၅၊ ၀၉-၇၉၈၇၂၁၉၂၀ များသို့လည်းကောင်း ဆက်သွယ်၍ စာရင်းပေးသွင်းရပါမည်။ မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းမှ ယောဂီများဝင်ခွင့်မပြုပါ။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ယောဂီများသာဝင်ခွင့်ပြုပါမည်။ အထက်ဖော်ပြပါနယ်ယောဂီများအတွက် ညောင်လေးပင်မြို့နယ်၊ ပဲခူးမြို့နယ်နှင့် မြိတ်မြို့နယ်များအတွက် သတ်မှတ်ပေးထားသော ပုဂ္ဂိုလ်များမှ ယောဂီဦးရေစာရင်းများအတိုင်း လက်ခံပေးပါမည်။

ရန်ကုန်တရားစခန်းပွဲတိုင်းတွင် ပြည်တွင်းယောဂီများအားလုံး အိမ်ထောင်စုစာရင်းပုံစံ ၁၀ မိတ္တူ(သို့မဟုတ်) ရပ်ကွက်အတွင်း အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာတစ်ခုခုနှင့် မှတ်ပုံတင်မူရင်းပါမှသာလျှင် ယောဂီအဖြစ် လက်ခံပေးပါမည်။

ဖုန်းဖြင့်ဆက်သွယ်၍ တိုကင်နံပါတ် ရရှိပြီးသော ရန်ကုန်ယောဂီများသည် လူတွေ့စစ်ဆေးခြင်းအတွက် ၂၅-၂-၂၀၁၈ ရက် နံနက် ၈း၀၀ နာရီတွင် ရန်ကုန်ရိပ်သာသို့ လာရောက်ရမည်ဖြစ်ပါသည်။

**တရားစခန်းဝင်ရမည့်ရက်/အချိန်** = ၂-၃-၂၀၁၈ ရက် နံနက် ၉း၀၀ နာရီမှ မွန်းလွဲ ၁း၀၀ နာရီထိ
**တရားစခန်းပြန်ထွက်ရမည့်ရက်/အချိန်** = ၁၃-၃-၂၀၁၈ ရက် နံနက် ၇း၀၀ နာရီ

မှတ်ချက် ။ ။ နိုင်ငံခြားတိုင်းပြည်များမှ ယောဂီများအတွက် ဦးရေ ၅၀ နှင့် ပြည်တွင်းယောဂီများအတွက် ဦးရေ ၄၀၀ သာလက်ခံပါမည်။
- ကျန်းမာရေးကောင်းမွန်ရမည်။
- တင်ပျဉ်ခွေမထိုင်နိုင်သူ လက်မခံပါ။
- အရိုးကျိုးထားသူ/စတီးချောင်းထည့်ထားသူများ လက်မခံပါ။
- အသက် ၁၅နှစ်အောက်နှင့် အသက် ၇၀ အထက် လက်မခံပါ။
- စာရင်းလာသွင်းပြီး မဝင်ဖြစ်ပါက တရားပွဲမတိုင်မီ ဖုန်းဆက်၍အကြောင်းကြားပါ။ အကြောင်းမကြားဘဲ ပျက်ကွက်ပါက နောင်တွင်လုံးဝဝင်ခွင့်ပြုမည်မဟုတ်ပါ။

**ရန်ကုန်ဥပဋ္ဌာကအဖွဲ့**

---

## စောမွန်လှ ဆွေတော်မျိုးတော်များ (၁၂)ကြိမ်မြောက် စုပေါင်းရှင်ပြုပွဲနှိုးဆော်လွှာ

မန္တလေးတိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မစိုးရိမ်ပါဠိနယူပဒေသာကျောင်းဆရာတော် ဦးဝိစိတ္တာဘိဝံသအားအမှူးထား၍ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်မြတဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှပညာရေးကျောင်း ရှင်အပါး ၃၀၀ စုပေါင်းရှင်ပြုပွဲကို ၉-၃-၂၀၁၈ ရက်၊ ၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်(သောကြာနေ့) ရဟန်း/ရှင်သာမဏေ/သီလရှင်ဝတ်ချင်သူများ စာရင်းပေးသွင်းနိုင်ပါသည်။ သာသနာ့ဒါယကာအဖြစ်ခံယူလိုပါက ရှစ်တစ်ပါးလျှင် ၂၅၀၀၀ ကျပ် ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။

**အလှူခံဌာန** - မြတဘက်နဂါးကိုးကောင်ဘုရား၊ အောင်ပင်လယ်
ဖုန်း-၀၉-၂၀၃၂၂၄၇၊ ၀၉-၂၀၂၆၄၁၉၊ ၀၉-၄၀၂၅၂၁၇၅၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်(၇)ရပ်ကွက်၊ မြေတိုင်း(၂)၊ မြေကွက်အမှတ်(၈၁၆/ခ)၊ (၆၀ပေ×၂၀ပေ)ရှိ ဒေါ်ခင်ညွန့်ရီ ၇/ပခန(နိုင်)၀၃၁၂၇၈ အမည်ပေါက်မြေကွက်အား မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားအပြည့်အစုံဖြင့် ပဲခူးမြို့၊ အမှတ်(၇)ရပ်ကွက်၊ ဥဿာမြို့သစ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ညွန့်ရီ**
**၇/ပခန(နိုင်)၀၃၁၂၇၈**
**အမှတ်(၃၀၅)၊**
**ကျိုက်ကလွန်ပွန်းလမ်းသွယ်၊**
**ဗိုလ်ကုန်းရပ်ကွက်**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7B/3321 Isuzu Tfs 54 P/U (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းမော် ၅/ဆလက(နိုင်)၀၀၁၁၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

---

### တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြို့မ(၁)ရပ်ကွက်၊ သဇင်နွယ်လမ်း၊ အမှတ် ၁၈ ရှိ မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ရပ်ကွက်အမှတ် ၁၂၊ ရပ်ကွက်အမည် မြိတ်တောင်၊ ကွင်းအမှတ်/အမည်-၃၆၊ ဘုရားကိုင်၊ ဦးပိုင်အမှတ် ၁၅/၄၃၊ ဧရိယာ ၀ ဒသမ ၀၂၃ဧက၊ ဦးနောင်နီ၊ ဒေါ်ဝေဖြိုးအိအမည်ပေါက်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ယခုအချိန်တွင် ဒေါ်ဝေဖြိုးအိ(ခ)ဒေါ်မြင့်လွင် တစ်ဦးတည်းပိုင်ဆိုင်ခွင့်ရှိပြီး လွှဲပြောင်းရောင်းချရာ ရန်ကုန်မြို့နေ ဦးဇော်ဇော်ဦးနှင့် ဒေါ်သန္တာအောင်တို့က ဝယ်ယူရန် သဘောတူပြီး နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုလုပ်ရန်ရှိနေပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဒေါ်ဝေဖြိုးအိ(ခ)ဒေါ်မြင့်လွင်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်ဝေဖြိုးအိ(ခ)ဒေါ်မြင့်လွင် ၆/ကစန(နိုင်)၀၁၃၆၄၈**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ အကွက်အမှတ်(၃၆-မင်းစု) ဦးပိုင်အမှတ်(၁၃၁)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကသည် ဦးစံပွင့်မှ ဒေါ်သန်းသန်းဌေးသို့လည်းကောင်း၊ ဦးပိုင်အမှတ်(၁၃၂/ခ)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကသည် ဦးအုန်းမောင်မှ ဒေါ်သန်းသန်းဌေးသို့လည်းကောင်း ရောင်းချခဲ့ပါသည်။ ယင်းမြေကွက်(၂)ကွက်အား ဒေါ်သန်းသန်းဌေးမှ ပိုင်ဆိုင်ကြောင်း တရားရုံးတွင် ကျမ်းကျိန်၍ စာချုပ်စာတမ်းမှတ်ပုံတင်ထားပါသည်။ ယင်းမြေကွက်(၂)ကွက်ကို ဒေါ်သန်းသန်းဌေးမှ ကျွန်တော် ဦးအောင်ဆွေသို့ ရောင်းချခဲ့ရာ အရပ်စာချုပ်ဖြင့် လက်မှတ်ရေးထိုးပြီး တရားရုံးတွင် ကျမ်းကျိန်၍ စာချုပ်စာတမ်း မှတ်ပုံတင်ထားပါသည်။ သက်ဆိုင်ရာသို့ မြေငှားဂရန်ရရှိရေး လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

**ဦးအောင်ဆွေ ၉/မသန(နိုင်)၀၀၅၂၂၇**
**မင်း/၁၇၈(က)၊ မင်းစုရပ်ကွက်၊ လှိုင်ကော်မြို့**
**ဖုန်း-၀၉-၇၉၆၂၆၉၀၉**

---

### ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာ (၇)ကြိမ်မြောက် (အလယ်တန်း) ယဉ်ကျေးလိမ္မာကလေးကမ္ဘာညအိပ်(၅)ရက်တရားစခန်းပွဲ ၈-၃-၂၀၁၈ ရက်မှ ၁၂-၃-၂၀၁၈ ရက်အထိ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁)ဝိုင်း၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်တွင် မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ ဓမ္မကထိကဗဟုဇနဟိတဓရ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပြည်တွင်း ပြည်ပသာသနာပြု ရွှေမြင့်မိုရ် ဆရာတော် အရှင်သောဘဏ (ပိဋကတစ်ပုံအောင်)၊ ရွှေဝါဝင်းဆရာတော် ဒေါက်တာအာသဘ၊ စာရေးဆရာကြီး လယ်တွင်းသားစောချစ်(ခ)စည်သူဦးတင်လှိုင်၊ ဆရာလေး ဒေါ်တိကွိန္ဒြီယာ(သင်တန်းမှူး)တို့နှင့် အတတ်ပညာရှင်၊ အသိပညာရှင်၊ ဆရာ၊ ဆရာမတို့မှ အလယ်တန်းအဆင့်(၅ တန်း၊ ၆ တန်း၊ ၇တန်း၊ ၈ တန်း)ဖြေဆိုထားပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ယဉ်ကျေးလိမ္မာကလေးကမ္ဘာ(၅)ရက် ညအိပ်စခန်းပွဲအား ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ကလေးတရားစခန်းဝင်ရောက်လိုသူ ကျောင်းသား ကျောင်းသူတို့သည် ဖေဖော်ဝါရီလ ၂၄၊ ၂၅ ရက်၊ မတ်လ၊ ၃၊ ၄၊ ၅ ရက် မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၅း၀၀ နာရီအတွင်း ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာသို့ လူကိုယ်တိုင် ကျောင်းသားမှတ်ပုံတင်မိတ္တူ(၁စောင်)နှင့်အတူ ဖောင်ပုံစံဖြည့်စွက်ပြီး စာရင်းပေးသွင်းနိုင်ပါသည်။

**ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့**
**ဖုန်း-၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၀၉၄၃၃၊၀၉-၉၇၂၂၅၈၇၃၉**

---

## အမြန်ဆက်သွယ်ပါရန်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီး၊ လမ်းခွကျေးရွာ ညောင်ပင်ရပ်ကွက်၊ အိမ်အမှတ်(၄၉)နေ ဦးလမိုင်လဂေါင် (TGI/၀၁၉၀၉၀) သည် ၂၅-၄-၁၉၉၈ ခန့်က နေအိမ်မှထွက်သွားရာ ယနေ့အချိန်ထိ အဆက်အသွယ်မရပါသဖြင့် အမြန်ဆက်သွယ်ပါရန်။

**အစ်ကိုဖြစ်သူ ဦးလမိုင်နော်လွမ်**
**၁/မကတ(နိုင်)၀၁၈၁၂၂**
**ဖုန်း-၀၉-၂၅၆၂၈၈၆၃၄**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ ဇမ္ဗူသီရိ(၆)လမ်း၊ မြေကွက်အမှတ်(၁၈၆/ခ)၊ အကျယ်အဝန်း(၁၈.၈ပေ×၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၃)ထပ်ခွဲ RC တိုက်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးသန်းလွင် ၁၁/မအန(နိုင်)၀၃၀၆၆၂ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာထွေး LL.B, D.B.L,WIPO(Geneva)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၅၇)**
**အမှတ်(၅၈)၊ ပထမထပ်၊ အခန်း(၄)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၇၄၅၆၁၉၊ ၀၉-၇၉၅၆၆၇၃၀၂**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄စီ၂(အက်စ်-၇၁)၊ မြေကွက်အမှတ်-V၁၀၃၊ မြေကွက်တည်နေရာအမှတ်-၆၅၊ သုခလမ်း၊ ကျောက်မြောင်းကြီးစံပြရပ်ကွက်၊ တာမွေမြို့နယ်၊ မစ္စတာပီအေရောဘတ်အမည်ပေါက် နှစ်၉၀ဂရန်(သက်ကုန်)မြေအား တာမွေမြို့နယ်တရားရုံးတွင် ၂၀၁၅ ခုနှစ် တရားမမူလမှုအမှတ် ၄၄ ဖြင့် တရားလို ဦးလှထွန်းမှ တရားပြိုင်(အဆင့်ဆင့်လွှဲပြောင်း ရောင်းချသူများဖြစ်သော) ဒေါ်တင်အေး၊ ဦးကိုကိုကြီး၊ ဒေါ်လင်းရွှေတို့အပေါ် မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုပြီး ၁-၁-၂၀၁၆ ရက်စွဲပါ စီရင်ချက်၊ အနိုင်ဒီကရီနှင့်ယင်းဒီကရီအရ တရားမဇာရီမှုအမှတ် ၄/၂၀၁၆၏ ၂၉-၃-၂၀၁၆ရက်စွဲပါ အမိန့်အရ တရားရှုံးများဖြစ်သော ဒေါ်တင်အေးပါသုံးဦးကိုယ်စား တာမွေမြို့နယ်တရားရုံးသို့ ဘီလစ် ဦးနေလင်းအား မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးရန် အမိန့်၊ ဘီလစ်ခန့်စာများ၊ တရားရှုံးကိုယ်စား ဘီလစ် ဦးနေလင်းမှ အရောင်းအဝယ်စာချုပ်ဖြင့် ဦးလှထွန်း(ခ)အန်ဒါပာူဆောန်အား ရောင်းခဲ့သော အရောင်းအဝယ်စာချုပ် ၂၇၀၁/၂၀၁၇(၃၁-၈-၂၀၁၇) ဂရန်မူရင်းပျောက်ဆုံးနေသည်မှာ မှန်ကန်ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်ဆင့်ပြန်လည်ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အမှန်တကယ်ဝယ်ယူထားသူ ဦးလှထွန်း(ခ)အန်ဒါပာူဆောန်မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၁၁-၁၂-၂၀၁၇ ရက်စွဲပါ ကတိသစ္စာပြုလွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ကျောက်မြောင်းကြီးစံပြရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ တာမွေမြို့မရဲစခန်းထောက်ခံချက်တို့ တင်ပြ၍ ဦးလှထွန်း(ခ)အန်ဒါပာူဆောန် ၁၂/မဂတ(နိုင်)၀၈၀၀၃၁ မှ ဂရန်သက်တမ်းတိုးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ ဟောင်ကောင်နှစ်ခန်းတွဲနှစ်ထပ်တိုက် အဆောက်အအုံရှိပြီး လျှောက်ထားသူကိုယ်တိုင်မနေနှင့် အငှားခန်းများရှိပါသည်။ လျှောက်ထားသူမှ အငှားခန်းများနှင့်ပတ်သက်၍ ဝန်ခံကတိပြု တင်ပြထားပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ရတနာမဥ္ဇူဓမ္မရိပ်သာ လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်းဖြင့် သင်္ကြန်အထူး တရားစခန်း ဖိတ်ကြားအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်းရှိ ရတနာမဥ္ဇူဓမ္မရိပ်သာ၌ ၁၂-၄-၂၀၁၈ရက် တန်ခူးလပြည့်ကျော် ၁၂ရက်မှ ၁၇-၄-၂၀၁၈ရက် ကဆုန်လဆန်း ၃ရက်ထိ မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီး ဦးသန်း တပည့်လယ်တီကမ္မဋ္ဌာနာစရိယ ဒေါက်တာအရှင်ဇေယျာနန္ဒ(ပုဂံ)ဦးစီး၍ လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအလုပ်ပေးတရားစခန်းပွဲ ကျင်းပမည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသူများသည် ၁၂-၄-၂၀၁၈ရက် တန်ခူးလပြည့်ကျော် ၁၂ ရက် ညနေ ၆း၀၀ နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။
ဒုလ္လဘရဟန်း/သီလရှင်ဝတ်မည့်သူများ ၁၂-၄-၂၀၁၈ရက် နံနက် ၇း၀၀ နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကြိုတင်စာရင်းပေးသွင်းရမည့်ရက်** - ၃၁-၃-၁၈ရက်မှ ၁၀-၄-၁၈ရက်ထိ

အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေဖျော်ရည်လှူဒါန်းလိုသူများအား လှူဒါန်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

**၁။ အရုဏ်ဆွမ်း - ၇၀၀၀၀(ခုနစ်သောင်းကျပ်)**
**၂။ နေ့ဆွမ်း - ၁၅၀၀၀၀(တစ်သိန်းငါးသောင်းကျပ်)**
**၃။ အအေး - ၃၀၀၀၀(သုံးသောင်းကျပ်)**

**ရတနာမဥ္ဇူဓမ္မရိပ်သာအကျိုးဆောင်အဖွဲ့**
**ဖုန်း-၀၁-၉၆၆၃၈၀၂၊ ၀၉-၅၁၉၇၀၂၇၊ ၀၉-၄၉၂၄၅၇၉၉**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**သန်လျင်မြို့နယ်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂**

| | | |
|---|---|---|
| ဒေါ်ယဉ်ယဉ်ညွန့် | **နှင့်** | ဦးအောင်မြင့် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ သဲတန်းလမ်းမကြီး (သဲတန်းပိုင်း) အမှတ်(၃/၆၃)နေ တရားပြိုင် ဦးအောင်မြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ယဉ်ယဉ်ညွန့်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် (၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှမြတ်မွန်)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မင်းလှမြို့နယ်တရားရုံးတော်၌**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၇**

| | | |
|---|---|---|
| တင်မျိုးထက်(ဘ)ဦးတင်ဝင်း | **နှင့်** | လဲ့လဲ့ဝေ(ဘ)ဦးစိန်ဝင်း |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဇရပ်ကြီးကျေးရွာနေ ဒေါ်လဲ့လဲ့ဝေ(ဘ)ဦးစိန်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်မျိုးထက်က တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သီတာအေး)**
**မြို့နယ်တရားသူကြီး**
**မင်းလှမြို့နယ်တရားရုံး**

**ရွှေလမ်းခရီး**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

ကားဆိုဒ်စုံနှင့် လုပ်သားပါ

ဝန်ဆောင်မှုပေးပါသည်။

Ph: 09-444808899
09-444808877
09-444808855

**အောင်ပြည့်စုံ**

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေးများအတွက်

ဈေးနှုန်းချိုသာစွာဖြင့်

Box ကားမျိုးစုံဖြင့်

အလုပ်သမား စီစဉ်ပေးသည်။

09 250095114
09 421041338
09 73224763

ကွန်ကရစ် အုတ်ရိုက်စက်

**ခေတ်မီမြေအုတ်ရိုက်စက် ရပြီ**

09 4200 35882
09 4200 35884

(၆၀၄)၊အင်းလေး(၁)လမ်း၊ရန်(၂)၊တောင်ဒဂုံ။

English Language Centre

**RESEARCHERS**

Foundation & Speaking Course

| Start Date | Class | Time | Duration |
|---|---|---|---|
| 6.3.2018 | Evening Tue, Wed, Thur | (6:00 to 8:00)PM | 4 months |

အမှတ်(၅၆)၊၅-လွှာ၊ဒပုံသိရိလမ်း၊ကျောက်မြောင်း(သိဟာမှတ်တိုင်)၊တာမွေ။
ဖုန်း-၀၉ ၂၅၀၁၆ ၂၀၃၈၊ ၀၁ ၂၀၉၃၈၂၊ ၀၉ ၅၆၈၀ ၂၃၇

**ခြံရောင်းမည်**

သပြေကုန်း၊ ပွဲရုံတန်းအနီး (၅၆' × ၈၃')ကွက် ဂရံအမည်ပေါက် ထောင့်ကွက်၊ နှစ်ကွက်တွဲရောင်းမည်။နေပြည်တော်။

၀၉ ၅၀၁၄၂၉၂
၀၉ ၇၉၉၉၆၀၆၆၇
၀၉ ၄၂၀၇၀၂၀၀၅

**သီဟိုဠ်စေ့ဝယ်သည်**

လတ်ဆတ်ကောင်းမွန်သော လှန်းပြီး သီဟိုဠ်စေ့အခြောက် ဝယ်သည်။

**ဖုန်း-၀၉-၄၄၉၈၆၀၉၃၃၊ ၀၉-၉၆၀၉၃၂၂၈၈**


## အများသိစေရန်

အောက်အမည်ပါသူတို့သည် Uni Trade Yangon Ltd မှမန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၌ ဖွင့်လှစ်ထားရှိလျက်ရှိသော (ပက်ဒရိုလိုနှင့်စီအာရ်အိုင်) အစရှိသည့် ရေမော်တာများ အရောင်းပြခန်းတို့တွင် Sales & Marketing ဝန်ထမ်းများအဖြစ် လုပ်ကိုင်ခဲ့ကြပြီး ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြပါရက်များတွင် ၎င်းတို့၏ ဆန္ဒအလျောက် အလုပ်မှနုတ်ထွက်သွားသူများ ဖြစ်ကြပါသည်-

| | နုတ်ထွက်သည့်ရက် |
|---|---|
| (၁) ဦးကိုကိုနိုင်(ဘ)ဦးမြစိုး ၉/စကတ(နိုင်)၀၆၅၁၁၀ | ၂၀၁၇ခုနှစ် မေလ |
| (၂) ဦးဇေယျာဦး(ဘ)ဦးစန်းဦး ၉/မနတ(နိုင်)၁၀၃၈၉၇ | ၂၀၁၆ ခုနှစ် ဇူလိုင်လ |

ဦးကိုကိုနိုင်သည် ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်စဉ်က ကိုယ်တိုင်တာဝန်ခံ၍ နယ်များသို့ ကုမ္ပဏီအရောင်းဆိုင်မှ ပစ္စည်းများကိုအကြွေးပေးခဲ့ပြီး နယ်ကုန်သည်များက ပြန်လည်ပေးပို့သည့် ပစ္စည်းဖိုးငွေများကိုလက်ခံရယူထားသော ကုမ္ပဏီသို့ ပြန်လည်ပေးအပ်ရန်ပျက်ကွက်နေသူဖြစ်ပါသည်။ ယင်းကိစ္စအတွက် ၎င်းကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ဝန်ခံချက်များ ကုမ္ပဏီတွင် ရှိနေပါသည်။

သို့ဖြစ်ရာ ကုမ္ပဏီက ၎င်းတို့အား အခြားမည်သည့်တာဝန်မျှပေးအပ်ထားခြင်း၊ ကိုယ်စားလှယ်ပေးအပ်ထားခြင်းမရှိပါကြောင်းနှင့် ၎င်းတို့နှင့်ဆက်နွယ်စပ်ဆိုင်သည့် မည်သည့်ကိစ္စတွင်မျှ ကုမ္ပဏီတွင်တာဝန်မရှိ/တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းနှင်းသွင်**
**မန်နေဂျင်းဒါရိုက်တာ**
**Uni Trade Yangon Ltd**
**အခန်းအမှတ်(၁+၂)၊ တိုက်အမှတ်(၁)၊ မြေညီထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**


THE BEST

**စပရင်မွေ့ရာ ၊ အိပ်ရာခင်း နှင့် ဆီလီကွန်ခေါင်းအုံး ၊ ဖက်လုံးအမျိုးမျိုး**

Up to 10 % Off
CHINESE NEW YEAR SALE

DATE - 10TH TO 28TH FEB 2018




- Sweety Home Living Mall (Hlaing)
  No.82,Ywama Kyaung Road,Hlaing Tsp,Yangon. Hot Line : 09 977919111 ~ 555
- Sweety Home Living Mall (35th Rd ,MANDALAY) Hot Line : 09 977919888 , 09 91029989

**လျှော့ဈေးရောင်း**

၁၂ ဘို × ၆၀ = (ပ)ထပ် = ၉၈၀
ပါကောခင်းအိပ်ခန်း(၂)
အဲယားကွန်း(၁)၊ ဗိုလ်ထိုင်၊
သံပန်းသံတံခါးတပ်၊ပုဇွန်တောင်။
၀၉-၂၅၅၉၂၉၂၅၆


**တစ်ဦးတည်းဖြစ်ကြောင်း ကြေညာခြင်း**

(ဦးဝင်းထိန်)၏ သမီး အမက-၁ ဗဟန်းမှ ဒေါ်အေးဝင်း(ခ)ဒေါ်အေးအေးဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အေးဝင်း(ခ)ဒေါ်အေးအေးဝင်း**
**၁၂/ဗဟန(နိုင်)၀၃၃၁၇၄**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခိုင်ခိုင်ထွန်း ၁၂/ဗဟန (နိုင်)၀၆၂၁၆၀ ၏ Passport No မမှတ်မိသည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၂၅၀၅၉၀**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စိုင်းခေးလင် ၁၃/ဆဆန (နိုင်)၀၅၅၆၃၀၏ Passport No MA-307344 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၈၂၈၀၃၈**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အရှေ့ရပ်ကွက်၊ ဈေးကြီးလမ်း၊ တိုက်အမှတ် ၉၉ (၃လွှာ)၊ ဒုတိယထပ်၊ ခြေရင်းဘက်ခြမ်း၊ ပေ(၂၀×၄၀)ရှိ ဒေါ်စန်းကလျာဝင်း ပိုင်ဆိုင်သည့် RC တိုက်ခန်းနှင့်

**အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါတိုက်ခန်းအား ဆက်စပ်စာချုပ်အရ ပိုင်ဆိုင်သူ ဒေါ်စန်းကလျာဝင်း ၁၂/ကမတ(နိုင်)၀၅၇၁၁၀ ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်ငွေး LL.B, D.B.L, D.I.L တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉)**
**အမှတ် ၈၇၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၂၅၈၈၁**

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကျောက်တစ်လုံးလမ်း၊ အမှတ် ၃၆နေ ဦးနိုင်လင်းအောင် ၁၃/တကန(နိုင်)၂၀၁၁၁၁၏ဇနီး ဒေါ်အေးစုမွန်ဦး ၁၃/တကန(နိုင်) ၂၅၀၀၆၅ (ဘ)ဦးကျော်အေးသည် ခင်ပွန်းဖြစ်သူ ဦးနိုင်လင်းအောင် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ပြုမူဆောင်ရွက်ခဲ့ခြင်း၊ ငွေကြေးကိစ္စအရှုပ်အရှင်းများကို ခင်ပွန်းမသိဘဲ အကြိမ်ကြိမ်ကျူးလွန်ခဲ့ခြင်းကြောင့် ကြော်ငြာသည့်ရက်မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်သလို ငွေကြေးအရှုပ်အရှင်းများကိုလည်း ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးနိုင်လင်းအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၄၄၇၂၆ Jialing JL90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှဝေ ၉/မရတ(နိုင်)၀၂၆၂၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၄.၀SS/၂၅၄ စလော့ကြီး၊ ဦးပိုင်အမှတ် ၇/၅/၁၃/၄၃/၄၇/၄၈၊ ဧရိယာ ၅၉ ဒသမ ၅၄ ဧကရှိ(ဥယျာဉ်မြေ)ကို မူလပိုင်ရှင်ဖြစ်သော ဦးရှင်စင်တက်၊ ဒေါ်ကြာဆင့်(ခ)ဒေါ်ကျော့ဆင့်တို့၏ သားသမီးများ ဖြစ်ကြသော ဒေါ်တင်တင်စိန် ၆/မအရ(နိုင်)၀၅၆၂၂၁၊ ဒေါ်ခင်ရီ၊ ဒေါ်သန်းစိန် ၆/မအရ(နိုင်)၀၅၆၂၃၃၊ ဒေါ်သန်းညွှာ ၆/မအရ(နိုင်)၀၈၂၆၂၅၊ ဦးရှိန်ကြည် ၁၂/မကတ(နိုင်)၀၁၃၅၅၇၊ ဦးထင်ကျော် ၁၂/တမန(နိုင်)၀၈၄၁၃၅တို့ထံမှ ဦးကျော်စိုးရှိန် ၁၂/မဂတ(နိုင်)၀၁၂၈၈၆ စွန့်လွှတ်ခြင်းလက်ခံသူက စွန့်လွှတ်သူ၏ ပိုင်ဆိုင်ခွင့်အရ တစ်ဦးချင်းစီ၏ အထက်ဖော်ပြပါ ဥယျာဉ်ခြံမြေအရပ်ရပ်တို့ကို ၁၅-၈-၂၀၁၃ရက်တွင် လက်ရောက်ပေးအပ်ရာ စွန့်လွှတ်သူက လက်ခံပြီး အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်ချုပ်ဆိုပြီး မြေကိုအပြီးအပိုင်စွန့်လွှတ်လိုက်ကြပါသည်။ သို့အတွက် ဦးကျော်စိုးရှိန်က မြေပိုင်ဆိုင်ခွင့်လက်မှတ်ပုံစံ(၇) အပါအဝင် စာရွက်စာတမ်းများနှင့် မြေများကို လက်ရောက်ရရှိထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ဆိုင်ခွင့်လွှဲပြောင်းပေးအပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုလိုပါက ခိုင်လုံသောစာချုပ်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ၎င်းမြေပိုင်ဆိုင်ခွင့်နှင့် လုပ်ကိုင်ခွင့်နှင့်ပတ်သက်သည့် အမည်ပြောင်းခြင်း လွှဲပြောင်းခြင်းစသည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်စိုးရှိန်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညွန့်ရွှေ(သာယာဝတီ)**
**LL.B, DBL, DML, DIL တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၁)**
**အမှတ် ၁၅၆၊ သုခမြိုင် ၂ လမ်း၊ ရှမ်းစုရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၀၉၄၆၁၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၂၊ မြေကွက်အမှတ် (၁၀၇၈)၊ ပေ(၄၀×၆၀) ပါမစ်မြေကွက်၏ မူလပိုင်ရှင်အမည်ပေါက် ဦးအောင်မင်း ၁၂/အစန(နိုင်)၀၉၂၉၁၆ မှတစ်ဆင့် အစပ်ဆက်စာချုပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်ချိုသက် ၁၂/အစန(နိုင်)၀၆၃၇၉၇ ထံမှ ကျွန်တော် ဦးကိုကိုမြတ်လှကျော် ၁၂/ဒဂမ(နိုင်)၀၂၀၆၈၅ သည် အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏တစ်စိတ်တစ်ပိုင်းအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကိုမြတ်လှကျော် ၁၂/ဒဂမ(နိုင်)၀၂၀၆၈၅**
**ဖုန်း-၀၉-၇၆၃၁၉၀၀၀၅၊ ၀၉-၉၇၄၆၀၆၅၉၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀-တိုးချဲ့၊ လူနေရပ်ကွက်အမှတ်(အဆင့်မြင့်) မြေကွက်အမှတ် ၂၈၊ ဧရိယာ ၀ဒသမ ၀၃၇၈ဧက၊ ၅၉၈၅ စတုရန်းပေ မြေအကျယ်အဝန်း ၉၀ပေ× ၆၆.၆ပေ ရှိ ဒေါ်နှင်းသန္တာမော် ၁၂/ဒဂတ(နိုင်)၀၄၂၄၂ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ကို ၁၃-၂-၂၀၁၈ရက်တွင် ကျွန်တော်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြတ်သူခိုင် ၁၄/လမန(နိုင်)၀၆၉၂၀၇**
**ဖုန်း-၀၉-၅၁၂၃၁၇**

## ကျေးဇူးတင်လွှာ

၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားသော ဒေါက်တာကောင်းမြတ်ကျော်လင်း(ခ)ဖိုးခွား (အလုပ်သင်ဆရာဝန်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်) အသက်(၂၂)နှစ်၏ နာရေးကိစ္စအားလုံးတွင် ဝိုင်းဝန်းကူညီပေးကြသူအားလုံးကိုလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်ဖြစ်စေ၊တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းအားပေးကြသော လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လာရောက်အားပေးမေးမြန်းပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များနှင့် ဝန်ထမ်းများအားလည်းကောင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ မန္တလေးနှင့် ရန်ကုန်တို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေ၊ သက်န်း၊ လှူဖွယ်ဝတ္ထုများကိုပေးပို့လှူဒါန်းကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်တင် (ကော့မှူး)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်း၊ ၁၂၄လမ်း၊ အမှတ် ၈၀ (မြေညီ)နေ ဦးဖေချူ၏ဇနီး ကော့မှူးမြို့နယ်အသင်း(ရန်ကုန်)၏အသင်းဝင် ဒေါ်မွေးမွေးခိုင်၏မိခင် ဒေါ်ကျင်တင်သည် ၁၂-၂-၂၀၁၈ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**အသင်းသူ/သားများ**
**ကော့မှူးမြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စိုးစိုးအေး(ခ)ဒေါ်တင့်တင့်ဝင်း
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ် ၉၀ (B)နေ ဦးညီညီသိန်း၊ ဒေါ်မြစမ်းအေးတို့၏ ချစ်လှစွာသော မိခင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းများ**
**၁၉၈၇-၉၀-၉၁**
**အထက(၆)အလုံ**

## ဒေါ်မိမိခိုင်
### လက်ထောက်ညွှန်ကြားရေးမှူး၊ရန်ကုန်အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံး
### အသက်(၅၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အုန်းတောရပ်ကွက်၊ သစ္စာလမ်းနေ ဦးသိန်းလှ-ဒေါ်သီသီခိုင်တို့၏သမီး၊ ချင်းပြည်နယ်၊ကန်ပတ်လက်မြို့နေ ဦးလုံး-ဒေါ်မချယ်တို့၏ချွေးမ၊ (ရန်ကုန်ဒေသကြီးအရှေ့ပိုင်းခရိုင်၊ ခရိုင်ပညာရေးမှူး) ဦးမောင်ကြယ်၏ဇနီး၊ ဒေါ်အေးဝင်းနိုင်(ကျန်းမာရေးမှူး၊ ဒဂုံတောင်)-ဦးကျော်မျိုးထက်၊ ဗိုလ်ကြီးအောင်နိုင်စိုး(ငြိမ်း)(DSA-49)-ဒေါ်ထွန်းမိုမို(အမက-၁၂၊ ဒေါပုံ)၊ မောင်ခိုင်ကြယ်၊ မရွှေဇင်မြင့်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ ပြည်မြို့နေ ဒေါ်စိုးစိုးခိုင်(လယ်ပြ)၊ ဒေါ်လှလှခိုင်၊ ဒေါ်မိုးစန္ဒာခိုင်၊ ဒေါ်ထိုက်သဇ္ဇာခိုင်၊ ဒေါ်စုနန္ဒာခိုင်တို့၏အစ်မသည် ၁၅-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ၄နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကြည့်မြင်တိုင်မြို့နယ်၊ တိုင်းပညာရေးမှူးရုံးဝန်းနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် တိုင်းပညာရေးမှူးရုံးဝန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှိုင်မိုး
### BE (EC) 1983
### ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မလိခဥယျာဉ်အိမ်ရာ၊ ၄၀၊(၁)လမ်း၊ အမှတ် ၅နေ ဒေါ်ခင်သီတာဆွေ၏ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက် (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ချစ်လှစွာသောဖခင်၊ (ဦးလှိုင်ထွန်း-ဒေါ်ခင်စောမြင့်)တို့၏သား၊ (ဦးတင်ရွှေ)-ဒေါ်အေးကြည်တို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်ဆွေ(ငြိမ်း)-ဒေါ်ခင်စိုးဝေ၊ ဒေါ်မီမီဆွေ(ကျောင်းအုပ်ကြီး၊ ငြိမ်း)၊ ဒေါ်အေမီဆွေတို့၏ညီ/မောင်၊ ဗိုလ်ကြီးလှမိုးဆွေ(ငြိမ်း)-ဒေါ်တင်မြတ်မော်၊ ဦးကြည်ထူး(ယင်းမာပုံနှိပ်တိုက်)-ဒေါ်သီဂီ၊ ဦးသန်းစိန်-ဒေါ်နီလာဆွေ၊ ဒေါ်အဥ္ဇာမိုးတို့၏အစ်ကိုသည် ၁၀-၂-၂၀၁၈ရက် (စနေနေ့) ဒေသစံတော်ချိန် ည ၇း၁၅နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှိုင်မိုး
### BE (EC) 1983
### ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မလိခဥယျာဉ်အိမ်ရာ၊ ၄၀၊(၁)လမ်း၊ အမှတ် ၅နေ ဒေါ်ခင်သီတာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက် (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ချစ်လှစွာသောဖခင်၊ (ဦးလှိုင်ထွန်း-ဒေါ်ခင်စောမြင့်)တို့၏သား၊ (ဦးတင်ရွှေ)-ဒေါ်အေးကြည်တို့၏ သားသမက်၊ (ဦးမောင်မောင်ဇော်)-ဒေါ်ညိုမီ၊ ဦးညဏ်စိုး-ဒေါ်ခင်စန်းယုတို့၏ညီ/မောင်၊ ဦးညဏ်မော်-ဒေါ်ညိုညိုဆင့်(USA)တို့၏အစ်ကိုသည် ၁၀-၂-၂၀၁၈ရက် (စနေနေ့) ဒေသစံတော်ချိန် ည ၇း၁၅နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့် (ပုသိမ်မြို့)
### အသက်(၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးကြန်-ဒေါ်အေးမေ)တို့၏သမီး၊ [ဗိုလ်ကြီးဖေညွှန့်(သစ်တောဦးစီး)-ဒေါ်သန်းညွှန့်]၊ [ဗိုလ်ကြီးစောနိုင်(ဗိုလ်သင်တန်းကျောင်း)-ဒေါ်ခင်ရီ]တို့၏ညီမ၊ [ဦးမြတ်ထွန်းအောင်-ဒေါ်ဖြူဖြူ(အား/ကာသိပ္ပံ)]တို့၏အစ်မ၊ (ဦးလှအောင်၊ ပုသိမ်မြို့ အလုပ်သမားအစည်းအရုံး၊ အတွင်းရေးမှူး)၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်ဆွေဆွေအောင်(DCAရန်ကုန်လေဆိပ်)၊ ဦးစိန်လင်း(ခ)ဦးချွန်(ကက-လေ၊ ငြိမ်း)-ဒေါ်နီလာအောင်(DCA ရန်ကုန်လေဆိပ်၊ ငြိမ်း)၊ ဦးကျော်စိန်(R.O)-[ဒေါ်သီတာအောင်(DCAရန်ကုန်လေဆိပ်)]၊ ဦးဝင်းအောင်-ဒေါ်သီတာမြင့်၊ ဦးချန်ထွန်းအောင်(DCA မြစ်ကြီးနားလေဆိပ်)-ဒေါ်စန္ဒာစိုး၊ ဦးဇော်အောင်-ဒေါ်ခင်ဘုန်းနိုင်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ် ၄၊ယောက်တို့၏အဘွားသည် ၁၅-၂-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခလမ်း၊ လွတ်လပ်ရေးလမ်းသွယ်၊ တိုက်(၁၉-အေ)၊ အခန်း(၅-ဘီ) နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (သုခလမ်းနေအိမ်နှင့် DCA လေဆိပ်ဝင်းအိမ်ရာမှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ခင်ဝင်း (မုံရွာမြို့)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာရွာမ၊ ကျွန်းရွှေဝါလမ်းသွယ်(၂)၊ အမှတ် ၁၅၆နေ ဦးစံဝင်း(မီးရထားရုံပိုင်ကြီး)-ဒေါ်အိတို့၏သမီး၊ (ဦးမြင့်သိန်း)၏ဇနီး၊ ဦးဉာဏ်လင်း-ဒေါ်ညွှန့်ညွှန့်ဝေ၊ (ဦးသန်းအေး)၊ ဦးစံမြ-ဒေါ်ကြည်ကြည်စိုး၊ ဦးထွန်းလင်း၊ ဦးခင်ဝင်း-ဒေါ်သန်းသန်းဦး၊ ဦးစောမင်း-ဒေါ်သန်းသန်းစိုး၊ ဒေါ်အေးအေးထွန်းတို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၅-၂-၂၀၁၈ရက်(ကြာသပတေးနေ့)ည ၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြစိန် (ပိန်းကန်)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်ချစ်)တို့၏သမီး၊ (ဦးခင်မောင်-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၇)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၆၃နေ ဦးတင်စိုး၏ ချစ်လှစွာသောဇနီး၊ ဦးဇော်မင်းနိုင်၊ ဦးနောင်ဦး-ဒေါ်အေးချမ်းမြ(ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်)၊ ဒေါ်စုမြတ်မွန် (မဟာဓာတ်အားလိုင်းမှူးရုံး၊ သထုံ၊ မော်လမြိုင်)တို့၏ ချစ်လှစွာသောမိခင်သည် ၁၅-၂-၂၀၁၈ရက်(ကြာသပတေးနေ့)ည ၇း၂၀နာရီတွင် အရှေ့အနောက်ပါရမီအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြစိန် (ပိန်းကန်)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်ချစ်)တို့၏သမီး၊ (ဦးစောထွန်း-ဒေါ်ရီ)၊ (ဦးခင်မောင်-ဒေါ်ယဉ်နု)၊ (ဦးထွန်းကြည်-ဒေါ်အေးလှိုင်)၊ (ဦးနီ-ဒေါ်ခင်ဥ)၊ (ဦးထွန်းရီ)-ဒေါ်မြင့်၊ (ဦးတင်မောင်)-ဒေါ်ခင်ညွှန့်၊ (ဦးမြင့်စိန်)-ဒေါ်ခင်ရွှေ၊ ဦးဝင်းနိုင်-ဒေါ်ယဉ်မေ၊ ဦးမြင့်သိန်း-ဒေါ်အေးအေးတို့၏ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၇) ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၆၃နေ ဦးတင်ဦး၏ချစ်လှစွာသောဇနီးသည် ၁၅-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၇း၂၀နာရီတွင် အရှေ့အနောက် ပါရမီအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းစိုး အသက်(၆၀)
### (ယခင် သန်းသန်းဝင်းပွဲရုံ)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်နေ (ဦးသိန်း-ဒေါ်စိန်ညွှန့်)တို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၁လမ်း၊ အမှတ် ၃၅ (လေးလွှာ)နေ ဦးခင်မောင်ဝင်း(ဦးဟိုက်ကန်-ဒေါ်အေးမြင့်)၊ (ဒေါ်ခင်မေလွင်)တို့၏သားသမက်၊ ဦးဝင်းကြည်-ဒေါ်တင်တင်လှိုင်၊ ဒေါ်အေးအေးသွင်၊ ဦးရဲမာန်လတ်-ဒေါ်ခင်ခင်အေး၊ ဒေါ်နိုင်နိုင်မော်တို့၏အစ်ကို၊ ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊၁၃လမ်း၊ အမှတ် ၆၁ (ခြောက်လွှာ)နေ ဒေါ်မြတ်မြတ်အိ(ခ)မမိုးဖြူ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သီလဟင်း(ခ)ဖိုးသား၊ မောင်ဟိန်းထက်အောင်တို့၏ ချစ်လှစွာသောဖခင် ဦးသိန်းစိုးသည် ၁၅-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်အေးအေး (မြိတ်)
### အသင်းဝင်အမှတ်(၃၅၈၅)
### အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ နည်းပညာတက္ကသိုလ် (မှော်ဘီ) ဝင်းရှေ့နေ ဦးခင်ကြွယ်၏ ဇနီးသည် ၁၄-၂-၂၀၁၈ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မှော်ဘီအနောက်ပိုင်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ရေကြည်မြို့နယ်အသင်း(ရန်ကုန်)
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှရီ
### (သက်ကြီးကန်တော့ခံ)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈) ရပ်ကွက်၊ ၂၉လမ်းအထက်၊ အမှတ် ၂၂၀ (လေးလွှာ)နေ (ဦးတင်ရွှေ)၏ဇနီး၊ (ဦးအောင်မြင့်)၊ ဒေါ်ခင်ပြုံးရီ(အေ-ရုံ၊ သိမ်ကြီးဈေး)၊ဒေါ်သန်းသန်းတို့၏ချစ်လှစွာသောမိခင်သည် ၁၅-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၂း၄၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၇-၂-၂၀၁၈ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးစိုးရီ (ပုလောမြို့)
### အသင်းဝင်အမှတ်-၄၂၆
### အသက်(၈၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၃၄နေ ဆရာမ ဒေါ်အင်ပို(ငြိမ်း)၏ခင်ပွန်း၊ ဦးတိုးပို(အကြံပေးနာယက၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)- ဒေါ်စိန်စိန်ဆင့်တို့၏အစ်ကိုသည် ၁၅-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄း၅၅နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ရက်(စနေနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်လှ
### (ကံဦးကျေးရွာ၊ ရေစကြိုမြို့၊ မကွေးတိုင်းဒေသကြီး)
### အသက်(၈၀)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ် ၂၇/၂၈၊ ကုန်းဘောင်လမ်း၊ (၂) ရပ်ကွက်၊ စက်မှုဇုန်(၇)နေ (ဒေါ်တင်မေ)၏ခင်ပွန်း၊ ဒေါ်ခင်သင်း၏အစ်ကို၊ (ဦးကျောက်ခဲ)-ဒေါ်လှသန်း၊ (ဦးတင်မောင်)-ဒေါ်တင်ဝမ်း၊ (ဦးသန်းထွန်း)-ဒေါ်စန်းကျင်၊ (ဦးစန်းဝင်း)-ဒေါ်နော်ကူး၊ ဦးမြင့်စိုး-ဒေါ်ဝင်းရွှေ (Top Star စားသောက်ကုန်)တို့၏ဖခင်၊ မြေး ၂၀၊ မြစ် ၃၀တို့၏အဘိုးသည် ၁၆-၂-၂၀၁၈ ရက် (သောကြာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းညွှန့်
### အထပြ(ငြိမ်း)၊ အထက(ဝေါ)၊ အထက(၃)ပြည်၊ အထက(၃)ပဲခူး
### အသက်(၇၉)နှစ်

ပဲခူးမြို့နယ်၊မော်ကန် ၈လမ်း၊အမှတ် ၉၅၉နေ (ဦးညွှန့်-ဒေါ်ချစ်)တို့၏သမီး၊ (ဦးထွဏ်းလင်း - ဒေါ်ခင်ကြွယ်)တို့၏ချွေးမ၊ (ဦးစိုးအောင်-ဒေါ်နုစိန်)၊ (ဒေါ်ရင်မြ)တို့၏ညီမ၊ဒေါ်မြကြည်(အထက-၃၊ အထပြ၊ ငြိမ်း၊ ပဲခူး)၊ (ဒေါ်ငွေသိန်း၊ အထက-၃)၊ အင်းတကော်မြို့၊ရပ်ကွက်ကြီး(၂)၊ ဆယ်မိုင်ကုန်းကျေးရွာ၊ မြနန်းရှင်ခြံနေ ဦးညိမ်းအောင်၊ ဦးသန်းဆွေတို့၏အစ်မ၊ ဦးဝင်းနိုင်-ဒေါ်ဥမ္မာညွှန့်၊ ဦးနေမျိုးဦး-ဒေါ်အေးစန်း၊ ဦးသူရိန်ထွန်း (စီမံကိန်းဦးစီးအရာရှိ၊ ဘားအံမြို့)-ဒေါ်မြတ်ကေခိုင်မောင်(လ/ထညွှန်မှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဘားအံမြို့)၊ ဦးဇာနည်ဦး (မြန်မာနိုင်ငံ အိမ်ခြံမြေ၊ ပဲခူးတိုင်း)-ဒေါ်တင်လေးခိုင်တို့၏မိခင်၊ မောင်မျိုးအောင်၊ မောင်သီဟသူ၊ မဖြူစင်တင့်၊ မတင်တင်ညို၊ မောင်အောင်စေပိုင်၊ မဖြူဖြူဟန်၊ မောင်ရန်လင်းအောင်၊ မောင်ဖုန်းမြင့်ဟန်တို့၏အဘွား၊ဗိုလ်ကြီးတင်မောင်ဦး(ငြိမ်း)၏ ချစ်လှစွာသောဇနီးသည် ၁၆-၂-၂၀၁၈ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၈-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် မြနန်းရှင်ခြံမှ ဆယ်မိုင်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) တွင် မြနန်းရှင်ခြံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းအောင်
### B.A (Yangon), BE, ME, Ph.D (Netherlands)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြေတိုင်းဦးစီးဌာန
### အသက်(၉၂)နှစ်

ပြည်မြို့နေ (ဦးမြတ်သင်း-ဒေါ်သန်း)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအေးမောင်-ဒေါ်တင်)တို့၏သားသမက်၊ ဒေါ်ခင်လှမြင့် (ကျောင်းအုပ်ကြီး၊ ငြိမ်း၊ အထက-၄၊ မင်္ဂလာတောင်ညွန့်)၏ခင်ပွန်း၊ ဗိုလ်မှူးအောင်ဇေယျ(ငြိမ်း)GM. Green E.H.S.S Co.,Ltd.၊ ဒေါ်စန်းရည်(လယ်/ပြ၊ အလက-၆၊ ရွှေပြည်သာ)၊ ဒေါ်ကတ်သလင်းစိုးစိုးအောင်(ခေတ္တ-Canada) (MD. Green E.H. S.S. Co., Ltd.)၊ ဗိုလ်မှူးကြီးကျော်ကျော်ဦး(ငြိမ်း)(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်မိုးမိုးအောင် (Director. Green E.H. S.S. Co.,Ltd.)၊ ဒေါ်ဆွေဆွေအောင်(ဌာနစုမှူး၊ ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)တို့၏ ဖခင်၊ ဗိုလ်ကြီးသန့်ဇင်ထွန်း၊ မပန်းဆုရည်အောင်၊ ဗိုလ်ကြီးသန်းထိုက်ဦး(တပ်မတော်-ရေ)၊ မောင် Victor ဘုန်းပြည့်(ခေတ္တ-Canada)၊ မောင်ကောင်းဇော်ထက်(ခေတ္တ-USA)၊ မခိုင်ဆုရည်အောင်တို့၏ အဘိုးသည် ၁၆-၂-၂၀၁၈ရက်(သောကြာနေ့)နံနက် ၃း၂၀နာရီတွင် အမှတ် ၃၀၇၁၊ တောင်ကြီးလမ်း၊ ခတ္တာ(၃)နှင့် ခတ္တာ(၄)လမ်းကြား၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၁း၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးရီ (ပုလောမြို့)
### အသက်(၈၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၃၄နေ ဦးဖေချစ်-ဒေါ်အေးညွှန့်တို့၏သား၊ (ဦးမောင်မောင်-ဒေါ်အုန်းကြူ)၊ (ဆရာမ ဒေါ်စန်းမြင့်)၊ (ဦးသောင်းစိန်)-ဒေါ်မေသန်းတို့၏ညီ/မောင်၊ ဦးဝင်းနိုင်-ဒေါ်စောမြင့်၊ ဦးတိုးပို-ဒေါ်စိန်စိန်ဆင့်၊ ဒေါ်စန်းနု၊ ဒေါ်တင်တင်ငွေတို့၏အစ်ကို၊ ဆရာမ ဒေါ်အင်ပို(ငြိမ်း)၏ခင်ပွန်း၊ ကိုကျော်စိုးမိုး-မကေသီဝင်း၊ ကိုသန်းထွဋ်စိုး-မခင်သန္တာ၊ ကိုထင်ကျော်စိုး-မကေသွယ်ဝင်း၊ မဝင်းမင်းစိုးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၅-၂-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၄း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၈ ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ လှိုင်မြို့နယ်၊ ဘုရင့်နောင်အိမ်ရာ၊ (၂)ရပ်ကွက်၊ ၃လမ်း၊ တိုက် ၆၂၊ အခန်း ၁၀နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကြည်ခင်(ခ)အန်ဝမ်လီ(ခ)ဦးပရီ
### (ပွင့်ဦးမုန့်ဆိုင်)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊ အမှတ် ၅၆နေ (ဦးအောင်ရွှေထွန်း-ဒေါ်ကြည်)တို့၏သား၊ (ကြူကျန့်စိန်-တန်ကွိဟှာ)တို့၏သားသမက်၊ ဒေါ်စီစီ(ခ)ကြူလိုင်ဟိ၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းမြင့်-ဒေါ်အေမီတင်တို့၏ ညီ/မောင်၊ ဒေါ်ဖြူဖြူ ဒေါ်အောင်ဝင်းဝင်းတို့၏အစ်ကို၊ ကိုစန်းယုထွန်း၊ ကိုအောင်ကျော်ထွန်း-မဇာခြည်တိုး၊ ဒေါက်တာကျော်သူထွန်း၊ ကိုသာထူးအောင်တို့၏ဖခင်၊ ကိုဇော်မင်းထွဋ်-မစန္ဒာကျော်၊ မခင်သန္တာထွန်း၊ ကိုတိုနီ-မခင်ဥမ္မာသိန်း၊ ကိုငွေလှိုင်ဝင်း၊ ဒေါက်တာတေဇာထွန်းမြင့်တို့၏ဦးလေးသည် ၁၅-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးညီညီလွင်
### ရွှေအင်းမ-ကားပစ္စည်းဆိုင်(ဘုရင့်နောင်ဈေး)
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အာသာဝတီလမ်း၊ အမှတ် ၂၅ (သုံးလွှာ)နေ ဒေါ်နွဲ့နွဲ့ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကံမြင့်-ဒေါ်ငြိမ်းရီတို့၏သား၊ (ဦးအောင်ထွန်း)-ဒေါ်တင်အေးတို့၏သားသမက်၊ ဒေါ်ရင်ရင်ကြည်၊ (ဦးတင်ဝင်း)-ဒေါ်ခင်သက်မွန်၊ ဦးလှမြင့်-ဒေါ်သန်းသန်းအေး(အထက-၄၊ အလုံ)၊ ဒေါ်အေးအေးထွန်း(အထက-၇၊ အလုံ)၊ ဒေါက်တာအောင်သူ-ဒေါ်နီနီအေးတို့၏မောင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၁၅-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ဒေသစံတော်ချိန်ည ၁၁း၀၆နာရီတွင်အိန္ဒိယနိုင်ငံ Hyderabad မြို့ YASHODA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ရက်(စနေနေ့)တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးညီညီလွင်
### ရွှေအင်းမ-ကားပစ္စည်းဆိုင်(ဘုရင့်နောင်ဈေး)
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အာသာဝတီလမ်း၊ အမှတ် ၂၅ (သုံးလွှာ)နေ ဒေါ်နွဲ့နွဲ့ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကံမြင့်-ဒေါ်ငြိမ်းရီတို့၏သား၊ (ဦးအောင်ထွန်း)- ဒေါ်တင်အေးတို့၏သားသမက်၊ ဒေါ်အေးအေးသန့် (မြန်မာ့စာတိုက်လုပ်ငန်း)၏မောင်၊ ဦးအောင်ကျော်သင်း-ဒေါ်စိုးမိုးနွယ်၊ (ဦးသန်းလှိုင်)တို့၏ညီ၊ ဦးညီညီထွေး၊ ဦးညီညီ(စိမ်းလန်းရွှေမြေကုမ္ပဏီ)-ဒေါ်လှဘုန်းမော်(ခေတ္တ-စင်ကာပူ)တို့၏အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ဦးလေးသည် ၁၅-၂-၂၀၁၈ ရက် (ကြာသပတေးနေ့) ဒေသစံတော်ချိန် ည ၁၁း၀၆နာရီတွင် အိန္ဒိယနိုင်ငံ Hyderabad မြို့ YASHODA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ရက် (စနေနေ့)တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေး နာယကအဖွဲ့နှင့်ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ဦးဆောင်ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ◆



ဒုတိယသမ္မတ ဦးမြင့်ဆွေ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



**Mountain Lion** အသင်းနှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# ၂၀၁၈ ရာသီ MNL-2 အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃) တွင် Mountain Lion နှင့် ကချင်ယူနိုက်တက် အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

၂၀၁၈ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ Mountain Lion နှင့် ကချင်ယူနိုက်တက်အသင်းတို့ အနိုင်ရခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် Mountain Lion အသင်းက တက္ကသိုလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အပျော်တမ်းဘောလုံးစနစ်တွင် ကြီးစိုးခဲ့သည့် ဘဏ္ဍာ/အခွန်အသင်းကို ပြန်လည်အသက်သွင်းထားသည့် Mountain Lion အသင်းသည် ဒုတိယမြောက်ပွဲတွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ Mountain Lion အသင်းသည် ၃၉ မိနစ်တွင် ကျော်ဇင်ဦးသွင်းယူသည့် ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ၈၂ မိနစ်တွင် နေမျိုးထွေးက ပယ်နယ်တီမှတစ်ဆင့် တက္ကသိုလ်အသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ Mountain Lion အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ကျော်ဇင်ဦးက သွင်းယူပေးခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသော ပွဲတွင် ကချင်ယူနိုက်တက်က မောရဝတီကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ပထမဆုံး နိုင်ပွဲရယူနိုင်ခဲ့သည်။

*စာမျက်နှာ ၄ ကော်လံ ၄* ❒

# ဝမ်းမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်(မြန်မာ)နှင့် ဘရာဇီးနိုင်ငံသား မာချာဒို တို့ ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ONE: QUEST FOR GOLD ပြိုင်ပွဲကြီးကို ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ မြန်မာနိုင်ငံမှ ဝမ်းမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မြန်မာ့စပါးအုံးမြွေ အောင်လအန်ဆန်နှင့် ဘရာဇီးနိုင်ငံမှ ဝမ်းလိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မာချာဒိုတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ်က ဗိုက်တလီဘစ်ဒက်ရှ် (Vitaly Big Dash) ကို အလဲထိုးကာ အနိုင်ယူခဲ့ပြီး ဝမ်းမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ဝမ်းချန်ပီယံရှစ်၏ ပထမဆုံး ဝိတ်တန်းလွတ် အထူးကစားပွဲ (Open Weight Super Bout) တွင် အောင်လအန်ဆန်သည် ဟဲဗီးဝိတ်တန်း ကစ်ဘောက်ဆင် ချန်ပီယံ Alain Ngalani ကို

*စာမျက်နှာ ၁၃ ကော်လံ ၁* ✻



အောင်လအန်ဆန်



မာချာဒို


အမိကကတော့ မိမိကိုယ်ကိုယ်ကာကွယ်ပါ၊ လျှင်လေ့ကျင့်ခန်းတွေကိုလည်း လေ့ကျင့်ထားပါလို့ ပြောချင်တယ် တွေ့ဆုံမေးမြန်း စာ » ၉

ပေုတောမြို့နယ်၌ တောဆင်ရိုင်းတစ်ကောင် အသတ်ခံရ စာ » ၁၂


